# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ် (ဓမ္မပဒ - ၅၄)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၀၅၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကျင်းပသည့် K-Wind Soul Beat ကိုရီးယားရိုးရာ အနုပညာဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး






**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယား - အာဆီယံ ဆွေးနွေးဖက် ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကျင်းပသည့် K-Wind Soul Beat ကိုရီးယားရိုးရာအနုပညာဖျော်ဖြေပွဲတွင် ကိုရီးယားအနုပညာရှင်များက ရိုးရာအနုပညာ အဆို၊ အက၊ အတီးတို့ဖြင့် ဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့နှင့် ၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် ကိုရီးယား-အာဆီယံ ဆွေးနွေးဖက် ဆက်ဆံရေး နှစ် (၃၀) ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ကျင်းပသည့် K-Wind Soul Beat ကိုရီးယားရိုးရာအနုပညာဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဖျော်ဖြေပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍




မြန်မာ့အလင်း

# စာမတတ်သူ စာတတ်မြောက်ရေး၊ စာတတ်သူတိုင်း စာဖတ်ရေး ....

ဆင်းရဲမွဲတေမှု လျှော့ပါးပပျောက်ရေးနှင့် စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ဆက်စပ်ပတ်သက်နေသည့် အခြေခံအကြောင်းအချက်တစ်ခုဖြစ်သည်ဟု ယူဆပါသည်။ ယနေ့ မြန်မာနိုင်ငံအတွက် အရေးတကြီး ကြိုးပမ်းဆောင်ရွက်နေကြရသော ပြုပြင်ပြောင်းလဲရေး၊ တိုင်းပြည်ပြန်လည်ထူထောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေး စသည်တို့တွင်လည်း စာအုပ်စာပေတို့၏ အခန်းကဏ္ဍက အရေးပါနေသည်ပဲ ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် စာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့သည် ပူးတွဲတည်ရှိနေသည့် လိုအပ်ချက်များဟု မြင်ပါသည်။

အမှန်အားဖြင့်ဆိုလျှင် မြန်မာနိုင်ငံသားများ၏ အစဉ်အလာ ယုံကြည်မှုတစ်ခုမှာ စာတတ်မြောက်ရေးကို အားပေးခြင်း ဖြစ်ပါသည်။ မိဘများက အကြောင်းကြောင်းကြောင့် စာပေမတတ်သူများဖြစ်ခဲ့လျှင်ပင် သားသမီးများကို စာတတ်စေချင်သည်။ အနိမ့်ဆုံး ဘွဲ့လေးတစ်ခုတော့ ရစေချင်သည် ဟူသည်မှာ အခြေခံလူတန်းစားများ၏ ရင်ထဲအထိ စွဲမြဲနေလေ့ရှိသည့် ဆန္ဒဖြစ်လေသည်။

စာတစ်လုံး ဘုရားတစ်ဆူ၊ အလိမ္မာစာမှာရှိ စသဖြင့် စာအုပ်စာပေကို ရိုသေကြသူများ ဖြစ်ပါသည်။ စာအုပ်တစ်အုပ် ကြမ်းပေါ် ကျနေလျှင်ပင် ကျော်သွားရန် ဝန်လေးတတ်သူများ ဖြစ်ပါသည်။ စာရေးစာဖတ်တတ်ရေးအတွက် ကျေးလက်တောရွာများက ကလေးငယ်များကအစ ဘုန်းကြီးကျောင်းပို့ကာ အခြေခံစာရေးစာဖတ်နှင့် အတွက်အချက်ကို သင်ကြားလေ့ရှိကြသည်။

စာဖတ်တတ်ပြီ ဆိုရုံမျှနှင့် မပြီးသေးပါ။

မူလအခြေခံဖြစ်သော မြန်မာနိုင်ငံသားတိုင်း စာတတ်ကြပြီးသည့်နောက် စာတတ်သူများ စာဖတ်ကြဖို့ ဝိုင်းဝန်းဆော်ဩကြရန် လိုမည်ဟု ထင်မြင်ပါသည်။ ဆင်းရဲတွင်းထဲနစ်နေရသည့်အတွက် စာမတတ်ကြ စာမဖတ်ဖြစ်ကြဆိုလျှင် ဆင်းရဲမွဲတေမှုနွံတွင်းက ပို၍ရုန်းထွက်ရန် ခက်ခဲစေမည့် အကြောင်းဖြစ်လာနိုင်ပါသည်။

ထို့ကြောင့်ပင် ယနေ့ကာလကဲ့သို့ ပြည်သူ့အစိုးရ အုပ်ချုပ်နေချိန်တွင် အစိုးရနှင့်အတူ နိုင်ငံရေး၊ လူမှုရေးခေါင်းဆောင်များ၊ အဖွဲ့အစည်းများက ကလေးငယ်များ မသင်မနေရ ပညာရေးစနစ်နှင့် စာတတ်မြောက်သူများ စာဖတ်ကြရေးကို ဝိုင်းဝန်းလှုံ့ဆော် အားပေးကူညီကြရန် လိုအပ်သည်ဟု ယူဆပါသည်။

စာတတ်သူတိုင်း စာဖတ်ရေး၊ စာဖတ်သူ တိုးပွားများပြားရေး၊ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားပေးကြရာ၌ ပြည်သူ့စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးတို့ကလည်း အခရာကျသည်ဟု ထင်မြင်ပါသည်။

ယခုအခါတွင် အမျိုးသားစာကြည့်တိုက်ကြီးများ၊ ပြည်သူ့စာကြည့်တိုက်များ တိုးချဲ့ရေးစီမံကိန်းများကို အားပေးလုပ်ဆောင်နေသည့် သတင်းများထွက်ပေါ်လာခြင်းက အနာဂတ်အတွက် အားတက်စရာများ ဖြစ်ပါသည်။

စာအုပ်စာပေ ဖတ်ရှုခြင်းဟူသည် ပြည်သူတို့၏ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်မှုတို့ကို အားကောင်းစေပြီး ဗဟုသုတ အကြားအမြင်များပြားခြင်းဖြင့် လောကအမြင်ကျယ်ကာ အမှား အမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်စေမည် ဖြစ်ပါသည်။ ထို့ပြင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အနုပညာခံစားနိုင်မှုနှင့်အတူ နူးညံ့သိမ်မွေ့ ယဉ်ကျေးလာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံသားများ ဤကဲ့သို့ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်မှု၊ အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု၊ ဗဟုသုတ အကြားအမြင် များပြားအမြင်ကျယ်မှု၊ နူးညံ့သိမ်မွေ့ ယဉ်ကျေးမှုတို့ဖြင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းရေး စသည်တို့ကို တည်ဆောက်ရာတွင် ကြီးစွာသော အထောက်အကူဖြစ်မည်ဟု ယူဆပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊
ပြည်ထောင်စု ငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်စို့။

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂-၁၂-၂၀၁၈)

## ၂၀၁၈ ခုနှစ် ၊ ၉၈ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
★ ပြည်ထောင်စုငြိမ်းချမ်းရေး ပူးပေါင်းပါဝင်တည်ဆောက်ရေး၊
★ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

## မြန်မာ့ကုန်သွယ်စီးပွားပွဲတော် (၂၀၁၈) တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ပြခန်းပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း အမှတ်(၃၇) အင်းလျားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Centre ၌ မြန်မာနိုင်ငံ စာရင်းကောင်စီက ဦးဆောင်၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)တို့ ပူးပေါင်းကျင်းပသော မြန်မာ့ကုန်သွယ်စီးပွားပွဲတော် (၂၀၁၈) ပြပွဲ ကို ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက် နံနက် ၉ နာရီမှစ၍ (စနေနေ့နှင့် တနင်္ဂနွေနေ့)များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော် ကျင်းပမည့် နေ့ရက်များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အများပြည်သူလေ့လာကြည့်ရှုနိုင်ရန်အတွက် အသိပညာပေးပြခန်းတစ်ခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**



## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## သွားနှင့် ခံတွင်းကျန်းမာရေး ပညာပေးပိုစတာပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ အလုပ်သင်ဆရာဝန်များ၏ သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးပိုစတာ ပြပွဲ၊ ပြိုင်ပွဲ (Oral Health Education Poster Competition - 2018 ) ကို Colgate Palmolive Myanmar Co.,Ltd ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆိုပါတက္ကသိုလ် 'မျိုး' ခန်းမ၌ ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပရာ ပထမဆုရရှိသော အုပ်စု (၉)၊ ဒုတိယဆုရရှိသော အုပ်စု (၁)၊ နှစ်သိမ့်ဆုရရှိသော အုပ်စု (၄) နှင့် အုပ်စု (၇) တို့အား ပါမောက္ခချုပ် ဒေါက်တာရွှေတိုးက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေချိုခရုမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော ရောဂါအပါအဝင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးစနစ် တိုးတက်ရေးဆိုင်ရာ ဆွေးနွေး

**စစ်တွေ နိုဝင်ဘာ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် ရခိုင်ပြည်နယ်တွင် ရေချိုခရုမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော ရောဂါအပါအဝင် ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးစနစ် တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Schitosomiasis and Surveillance System Strengthening Workshop in Rakhine State) ကို ယနေ့နံနက်ပိုင်းက ပေလီမြို့ရှိ Merciel Hotel တွင် ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အမှာစကားပြောကြားပြီး အစည်းအဝေးတက်ရောက်သူများက ရေချိုခရုမှတစ်ဆင့် ကူးစက်ဖြစ်ပွားသော Schitosomiasis ကာကွယ်ကုသထိန်းချုပ်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **ဇင်ဦး(မြန်မာ့အလင်း)**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကိုရီးယားသံအမတ်ကြီးနှင့် ဇနီး နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

❍ ***ရှေ့ဖုံးမှ***

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ည ၆ နာရီ ၅၅ မိနစ်တွင် ဖျော်ဖြေပွဲကျင်းပမည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ သို့ ရောက်ရှိလာရာ ကိုရီးယားသံအမတ်ကြီးနှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖျော်ဖြေပွဲတွင် ကိုရီးယားသံအမတ်ကြီး H.E. Mr.Lee Sang-hwa က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကိုရီးယား သံအမတ်ကြီးနှင့် ဇနီးတို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဖျော်ဖြေ**

ယင်းနောက် ကိုရီးယားအနုပညာရှင်များက ကိုရီးယားရိုးရာအနုပညာ အဆို၊ အက၊ အတီးတို့ဖြင့် ဖျော်ဖြေကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကိုရီးယားသံအမတ်ကြီးနှင့် ဇနီးတို့က ခင်မင်ရင်းနှီးစွာ ကြိုဆို နှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်



# ဂျာမန်အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား နေပြည်တော်၌ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံးမှ ကြီးမှူး ကျင်းပသည့် ဂျာမန်အမျိုးသားပေါင်းစည်း ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး၊ ပညာ ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်း ထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်း၊ ဒေါက်တာ ရဲမြင့်ဆွေ၊ ဦးအောင်ထူးနှင့် ဦးကျော်လင်း၊ မြန်မာ နိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြ သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဂျာမနီနိုင်ငံ တော်သီချင်းများဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တို့က အဖွင့်အမှာစကား ပြောကြားကြ သည်။

ယင်းနောက် တက်ရောက်လာကြ သည့် ဧည့်သည်တော်များကို ဂျာမန် အမျိုးသားပေါင်းစည်းရေးနေ့ အထိမ်း အမှတ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ သည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

✤ *ကျောဖုံးမှ*

အတွက် e-Government ဦးဆောင်ကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ်ဦးဆောင်ပြီး လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် e-Government လုပ်ငန်းကော်မတီ၊ e-ID စနစ်လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ (၈) ခုကို ဖွဲ့စည်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

e-Government ဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆုံးဖြတ်ချက်များ လျင်မြန်လာစေရေး၊ လုပ်ငန်းများ ပိုမိုထိရောက်တွင်ကျယ်စေရေး၊ ဝန်ဆောင်မှုပေးရာတွင် တိုးတက်ကောင်းမွန်လာစေရေး၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)ကို အသုံးပြုဆောင်ရွက်သည့် အစိုးရဖြစ်ပါကြောင်း။

**အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်**

e-Government ကို အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်မှာ အစိုးရနှင့် ပြည်သူများအကြား၊ အစိုးရနှင့် နိုင်ငံ့ဝန်ထမ်းများအကြား၊ အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန် ကောင်းမွန်လာစေရေး ဖြစ်ပါကြောင်း၊ e-Government သည် ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုကို ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုအဖြစ် ကူးပြောင်းနိုင်ရေးအတွက် စွမ်းဆောင်ပေးနိုင်သကဲ့သို့ နိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အရေးပါသည့် ကဏ္ဍတစ်ခုလည်း ဖြစ်ပါကြောင်း၊ ထို့ပြင် e-Government သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် ဖွံ့ဖြိုးမှုညွှန်းကိန်း (Development Indicator) တစ်ခုလည်း ဖြစ်ပါကြောင်း။

နိုင်ငံများ၏ e-Government ဖွံ့ဖြိုးမှုကို တိုင်းတာရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ e-Government ဖွံ့ဖြိုးမှုညွှန်းကိန်း (၃)ခုဖြင့် တိုင်းတာတွက်ချက်သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ညွှန်းကိန်း(၃)ခုမှာ **"အွန်လိုင်းဝန်ဆောင်မှုများ ညွှန်းကိန်း၊ တယ်လီကွန်မြူနီကေးရှင်း ညွှန်းကိန်းနှင့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း"** တို့ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ e-Government ညွှန်းကိန်းကိုကြည့်မည်ဆိုလျှင် ၂၀၁၆ ခုနှစ်က နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် အဆင့် ၁၆၉ ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆင့် ၁၅၇ သို့ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အခြားသော ဖွံ့ဖြိုးပြီးနိုင်ငံများကို အမီလိုက်နိုင်ရေးနှင့် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာစေရေးတို့အတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုကို တွန်းအားအဖြစ် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကိုအသုံးပြု၍ ကုန်ထုတ်စွမ်းအားများနှင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာရန် ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

e-Government ကိုအောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများနှင့် ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးကွန်ရက်ကိုလည်း တည်ဆောက်ထားပြီး ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် စက်တင်ဘာလကလည်း National Web Portal ကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။ ဝန်ကြီးဌာနများ၏ အချက်အလက်များ လုံခြုံစွာ သိမ်းဆည်းထားနိုင်ရန်နှင့် ဝန်ဆောင်မှုများပေးနိုင်ရန် အစိုးရဒေတာစင်တာတစ်ခု တည်ဆောက်သွားနိုင်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပြီး အထူးပြု နည်းပညာကျွမ်းကျင်မှုသင်တန်းများကိုလည်း ပို့ချပေးလျက်ရှိပါကြောင်း၊ e-Government အတွက် လိုအပ်နေသည့် ဥပဒေအချို့ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် ဆိုင်ဘာ (Cyber)ဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကောင်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်**

e-Government အကောင်အထည်ဖော်ရာတွင် နိုင်ငံအချို့၏ ဆောင်ရွက်မှုများကို နမူနာယူလုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ e-Government ထိပ်တန်းနိုင်ငံများကို လေ့လာကြည့်လျှင် တူညီသည့်အချက်များကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ပထမအချက်မှာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ဒေသအဆင့် အစိုးရအဖွဲ့များက National Web Portal တစ်ခုတည်းကို အသုံးပြု၍ ဝန်ဆောင်မှုများပေးသည် ဆိုသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဒုတိယအချက်မှာ နှစ်စဉ် စစ်တမ်းများကောက်ခံ၍ ရရှိလာသည့် အချက်အလက်များအပေါ် မူတည်လုပ်ဆောင်သွားမည့် လုပ်ငန်းစီမံချက် (Action Plan) များရေးဆွဲ၍ ပြည်သူများလိုလားသည့် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ တတိယအချက်မှာ ဒစ်ဂျစ်တယ် သက်သေခံ (Digital Identity ) စနစ်များ အသုံးပြု ဆောင်ရွက်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများ၏ နမူနာကောင်းများကိုလေ့လာ၍ မိမိတို့နှင့်ကိုက်ညီသည့် အကောင်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

e-Government ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပထမအနေဖြင့် **"ပွင့်လင်းသည့်အစိုးရ (Open Government)"** ဖြစ်လာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းသည့်အစိုးရဆိုသည်မှာ နိုင်ငံသားများ သိခွင့်ရှိသော အချက်အလက်များကို နိုင်ငံသားများသိရှိနိုင်ရန် ဆောင်ရွက်ပေးသည့် အစိုးရ၊ ပြည်သူများအတွက်ရေးဆွဲသည့် ပေါ်လစီများတွင် ပြည်သူများ ပါဝင်ခွင့်ရရှိလာရန် အားပေးသည့် အစိုးရဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် အများနှင့် သက်ဆိုင်သည့် အချက်အလက်များကို သိရှိရယူသုံးစွဲနိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးလာနိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများကို အထောက်အကူဖြစ်ရန် ဖန်တီးဆောင်ရွက်ပေးခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း အလိုလိုရရှိလာမည်ဖြစ်ပါကြောင်း။

ဒုတိယမှာ **"စွမ်းရည်ပြည့်ဝသည့်အစိုးရ (Competent Government )"** ဖြစ်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းရည်များ မြှင့်တင်ပေးခြင်းကို ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ပေးလျက်

*စာမျက်နှာ ၅ သို့*




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦး၊ Huawei Co., Ltd CEO Mr. Liman Zhang နှင့် Ease Net Co., Ltd CEO ဦးကျော်မိုးနိုင်တို့က e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်




Road to Digital Myanmar ခေါင်းစဉ်ဖြင့် အထူးစကားဝိုင်း ကျင်းပစဉ်။ သတင်းစဉ်




**ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ရှိပါကြောင်း၊ တတိယအချက်မှာ **"သတင်းအချက်အလက်များကို မျှဝေအသုံးပြုကြရန်"** ဖြစ်ပါကြောင်း၊ အစိုးရဌာနအချင်းချင်း အကြား သတင်းအချက်အလက်များကို လိုအပ်သလို ဖြန့်ဝေဖလှယ်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုလျင်မြန်သွက်လက်လာမည် ဖြစ်သည့်အတွက် ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့မျှဝေအသုံးပြုကြရာတွင် သတင်းအချက်အလက်လုံခြုံမှု မကျိုးပေါက်စေရေးအတွက် လိုအပ်သည့်မူဝါဒများ ချမှတ်ပြဋ္ဌာန်း ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အထူးဦးစားပေးဆောင်ရွက်**

စတုတ္ထအနေဖြင့် **"ဝန်ဆောင်မှုဦးစားပေးသည့်အစိုးရ (Service - Oriented Government)"** ဖြစ်ရန် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်သူများကို ကောင်းမွန်ထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် အစိုးရ၏ ဝန်ဆောင်မှုများကို ပြည်သူများက ရိုးရှင်းလွယ်ကူစွာဖြင့် ယုံကြည်စိတ်ချစွာ ရယူအသုံးပြုသွားနိုင်ရေးကို အထူးဦးစားပေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများအားလုံးကို တစ်နေရာတည်းတွင် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်သည့် ဝန်ဆောင်မှု (One-Stop Service) များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပဉ္စမအချက်မှာ e-Government ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် **" နိုင်ငံ၏ ICT Industry ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်"** လိုအပ်ပါကြောင်း၊ သို့မှသာ ဆော့ဝဲလ်များ၊ စက်ပစ္စည်းများနှင့် နည်းပညာများအတွက် ပြည်ပနိုင်ငံများကို မှီခိုရမှု တဖြည်းဖြည်း နည်းပါးလာမည်ဖြစ်ပြီး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးလာနိုင်မည် ဖြစ်ပါကြောင်း။

**နည်းလမ်းများ ရှာဖွေတွေ့ရှိနိုင်**

ယနေ့ ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မြန်မာနိုင်ငံ၏ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းအတွက် များစွာအရေးပါသည့် ညီလာခံနှင့် ပြပွဲတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါညီလာခံတွင် နိုင်ငံတော်နှင့် ပြည်သူများအတွက် အရေးကြီးသည့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာများဖလှယ်ပြီး ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အိုင်စီတီပြခန်းများလည်း ပါဝင်ပြသထားသည့်အတွက် e-Government ဆိုင်ရာစနစ်များနှင့် နည်းပညာများကို တစ်နေရာတည်းတွင် လေ့လာနိုင်မည်ဖြစ်သည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ ယခုကျင်းပမည့် ညီလာခံသည် လက်ရှိအခြေအနေမှ ရှေ့ခရီးသို့ အရှိန်အဟုန်ဖြင့် ဆက်လက်သွားနိုင်ရေးအတွက် အင်အားများ၊ နည်းလမ်းများနှင့် ဖြေရှင်းချက်များကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့အခမ်းအနားကို ဖြစ်မြောက်အောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် e-Government ဦးဆောင်ကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

e-Government စနစ်များ အောင်မြင်ရေးအတွက် e-Government မျှော်မှန်းချက် (Vision)များကို အားလုံးနားလည်သဘောပေါက်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ထို့ကြောင့် e-Government စနစ် အောင်မြင်ရေးအတွက် နိုင်ငံအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်များနှင့် ကျေးရွာအဆင့်ဆင့်ရှိ နိုင်ငံ့ဝန်ထမ်းများ၊ ကွန်ပျူတာအသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် နိုင်ငံသားများအားလုံးက ထက်သန်သည့် စိတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government စနစ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ICT Infra-structure များ တည်ဆောက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦး၊ Huawei Co., Ltd CEO Mr. Liman Zhang နှင့် Ease Net Co.,Ltd CEO ဦးကျော်မိုးနိုင်တို့က e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံအထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ "Road to Digital Myanmar" ခေါင်းစဉ်ဖြင့် အထူးစကားဝိုင်းပြုလုပ်ပြီးနောက် "Technology Perspectives" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ကို နိုဝင်ဘာ ၂၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ တိုင်းရင်းသားရေးရာကော်မတီဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ တိုင်းရင်းသားရေးရာကော်မတီဒုတိယဥက္ကဋ္ဌ H. E. Mr.Tondrub Wangben နှင့်အဖွဲ့အား ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်း၊ အတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က တရုတ်- မြန်မာနှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မိမိတို့ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများတွင် အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးသည် လွန်စွာအရေးကြီးပါကြောင်း။

မိမိတို့လွှတ်တော်နှင့် အစိုးရအနေဖြင့်လည်း တိုင်းရင်းသားများအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာဥပဒေများနှင့် တိုင်းရင်းသားများ အကျိုးစီးပွားဖော်ဆောင်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပြီး တိုင်းရင်းသားများ၏ တန်းတူညီမျှရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်နိုင်ရေးဆိုင်ရာ လုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ထောက်ခံ အားပေးကူညီဆောင်ရွက်သွားမည်ဆိုပါက ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကဏ္ဍများတွင် ပိုမိုထိရောက်မြန်ဆန်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်၊ တိုင်းရင်းသားရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Tondrub Wangben အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ တိုင်းရင်းသားရေးရာကော်မတီဒုတိယဥက္ကဋ္ဌက တရုတ်- မြန်မာ နှစ်နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံရှိကြသည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ နိုင်ငံရေးသမိုင်းကြောင်း ဖြစ်စဉ်များလည်း များစွာတူညီပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ သို့ဖြစ်ရာ တရုတ်နိုင်ငံအနေဖြင့်လည်း တိုင်းရင်းသားများ၏ အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် စည်းလုံးညီညွတ်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေသည့်အတွက် အတွေ့အကြုံနှင့် အကူအညီများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုနိုင်ငံသို့ အောက်တိုဘာလအတွင်းက ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့စဉ် မြန်မာ-လာအို နှစ်နိုင်ငံ ထေရဝါဒဗုဒ္ဓဘာသာ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ဆွေးနွေးညှိနှိုင်းပင့်ဖိတ်ချက်အရ မြန်မာနိုင်ငံသို့ ကြွရောက်လာသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော် ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် Venerable BOUNMA SIMMAPHON ဦးဆောင်သည့် သံဃာတော်များအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Aureum Palace ဟိုတယ်၌ သွားရောက်ဖူးမြော်ကြည်ညို၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။



လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် **Venerable BOUNMA SIMMA-PHON** ထံ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

### သာသနာတော်ပြန့်ပွားရေးဆောင်ရွက်

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးက ပြန်လည်မိန့်ကြားရာတွင် ယခုကဲ့သို့လာအိုနိုင်ငံမှ သံဃာတော်များအား မြန်မာနိုင်ငံသို့ လာရောက်ရန်ပင့်ဖိတ်ခဲ့သည့်အတွက် များစွာ ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ ဘာသာတရားကိုးကွယ်မှုချင်း တူညီသည့် နိုင်ငံများဖြစ်သကဲ့သို့ ပြည်သူများ၏ရုပ်လက္ခဏာသွင်ပြင်၊ ယဉ်ကျေးမှုများတွင်လည်း များစွာ တူညီသည့် နိုင်ငံများဖြစ်ကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာသံဃာတော်များပီပီ သာသနာတော်ပြန့်ပွားရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများအားလုံး ကျန်းမာ၊ ချမ်းသာပြီး ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန် အမြဲတမ်းမေတ္တာပို့သ ဆုမွန်ကောင်းတောင်းလျက်ရှိပါကြောင်း မိန့်ကြားသည်။

ထို့နောက် ဆရာတော်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးထံ အားဖြည့်ဂုက်သိုက်ရည်များနှင့် နဝကမ္မဝတ္ထုငွေများအား လည်းကောင်း၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့အား ဆရာတော်ကြီးနှင့် အတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် လာအိုအမျိုးသားတည်ဆောက်ရေးတပ်ဦး ဒုတိယဥက္ကဋ္ဌ Mr. Chanthavong Seneamatmontry က အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့ကလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်ဗုဒ္ဓဘာသာ ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဦးဆောင်သည့် သံဃာတော်များနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေခြင်းဖြစ်သည်။

ယင်းကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်နေ့တွင် မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှင့် တွေ့ဆုံသည်။

### ဆင်ဖြူတော်များအား ကြည့်ရှု

ယနေ့ နံနက်ပိုင်းတွင် ဆရာတော်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟစေတီတော်နှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနအားလည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော်ကြီးအားလည်းကောင်း ဖူးမြော်ကြည်ညိုကြကာ ဆင်ဖြူတော်ဆောင်ရှိ ဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအား လှည့်လည်ဖူးမြော်ကြည်ညိုခြင်း၊ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုခြင်းနှင့် ကျိုင်းတုံမြို့ရှိ အဘယလာဘ မုနိရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မွန်ပြည်နယ်အခြေစိုက် NEI မှ သင်တန်းသား၊ သင်တန်းသူများ လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ မွန်ပြည်နယ်အခြေစိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအဖွဲ့ (NEI) မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ရည်မွန်စု ဦးဆောင်သော သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးနှင့် ဝန်ထမ်း ကိုးဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လာရောက်လေ့လာကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများက နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်မှာ ရွေးကောက်ပွဲများ ကျင်းပပေးရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများသည် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ (၃)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုသည့်ကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုက ၎င်းတို့၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေး ဆောင်ရွက်သည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ ကျင်းပပေးရာတွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အများယုံကြည်လက်ခံခြင်း၊ ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသော ရလဒ်များ ရရှိစေရေး ဆိုသည့် စံ (၅) ချက်ကို ထားရှိပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုလည်း သတ်မှတ် စံ (၅) ချက်နှင့်အညီ ကျင်းပပေးသွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလဟူ၍ အပိုင်း (၃)ပိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် ကဏ္ဍတစ်နေရာမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ရာ မိမိတို့ ကျရာတာဝန်များကို ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်ဝရန်လိုကြောင်း၊ ထို့ကြောင့် ပညာသင်ချိန်နှင့် လုပ်ငန်းခွင်ဝင်ရောက်ချိန်မှာပါ ကြိုးစားကြရန်နှင့် ရိုးရိုးသားသား စေတနာထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားပြီး ကော်မရှင်ရုံး၏ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အကျဉ်းချုပ်ရှင်းလင်း ပြောကြားကြသည်။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း မွန်ပြည်နယ်အခြေစိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအဖွဲ့မှ သင်တန်းသား၊ သင်တန်းသူများအား ရှင်းလင်းပြောကြားစဉ်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ပင်မဆောင် အကြီးစားပြုပြင်မှုလုပ်ငန်းများ နိုဝင်ဘာလကုန်အပြီးသတ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ယခု နိုဝင်ဘာလကုန်တွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း ပြုပြင်မွမ်းမံမှုလုပ်ငန်းများ တာဝန်ယူလုပ်ဆောင်နေသည့် Moon Sun ဆောက်လုပ်ရေးကုမ္ပဏီထံမှ သိရသည်။

ပင်မဆောင်ကို အမိုး၊ ကြမ်းခင်းနှင့် ဆေးသုတ်လုပ်ငန်းများ အဓိကထားပြင်ဆင်ခဲ့ခြင်းဖြစ်ပြီး မြို့ပြအမွေအနှစ်ပညာရှင်များ၏ အကြံဉာဏ်ကိုပါ ရယူပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သည် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ မြို့ပြအမွေအနှစ်အထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြားတပ်ဆင်ခြင်းခံရသော ကျောင်းတစ်ကျောင်းလည်း ဖြစ်သည်။

ပင်မဆောင် အကြီးစားပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးရန် မူလကပင် ခန့်မှန်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သည် နှစ်ပေါင်း ၂၀ နီးပါးမျှ သင်တန်းများ ပိတ်ထားခဲ့ရာမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကာ ကျောင်းသားပေါင်း ၂၂၁ ဦးတက်ရောက်ခဲ့သည်။ ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသား ၂၉၇ ဦး ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။ သင်ကြားပေးသော ဘာသာရပ်များမှာ မြို့ပြဘာသာရပ်၊ အီလက်ထရွန်နစ်ဘာသာရပ်၊ လျှပ်စစ်စွမ်းအား ဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ စက်မှုလုပ်ငန်း အင်ဂျင်နီယာဘာသာရပ်၊ သုတနည်းပညာဘာသာရပ်တို့ဖြစ်ပြီး သုတနည်းပညာဘာသာရပ်မှာ ယခုနှစ်တွင် ထည့်သွင်းသင်ကြားမည့် ဘာသာရပ်တစ်ခုဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

## တမူးဓာတ်အားခွဲရုံစီမံကိန်းဆောင်ရွက်နိုင်ရန် လိုအပ်ငွေကို အိန္ဒိယချေးငွေ ကန်ဒေါ်လာ သန်း ၁၃၀ မှ ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုထား

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ကလေး-တမူး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းကို စတင်နိုင်ခြင်း မရှိသေး

အစည်းအဝေးတွင် တမူး မဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မိမိဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ညှိနှိုင်းပေါင်းစပ်၍ ဖြေကြားမည်ဖြစ်ပါကြောင်း၊ တမူးမြို့နယ်သို့ ဓာတ်အားစနစ်မှ ဓာတ်အားပေးရန်အတွက် ကလေးမြို့မှ တမူးမြို့အထိ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်၍ တမူးမြို့တွင် ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းသည် ဝန်ကြီးဌာန၏ Master Plan တွင် ပါဝင်သော စီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားခဲ့သော်လည်း ရန်ပုံငွေ ကန့်သတ်မှုအရ တည်ဆောက်ဆောင်ရွက်နေဆဲ စီမံကိန်းများအတွက်သာ ဘတ်ဂျက်ကို မျှတသုံးစွဲရသောကြောင့် စီမံကိန်းအသစ်များအတွက် ဘတ်ဂျက်ခွဲဝေရရှိခြင်း မရှိသဖြင့် ကလေး-တမူး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းကို စတင်နိုင်ခြင်း မရှိသေးပါကြောင်း။

အဆိုပါ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နှင့် ၂၃၀ ကေဗွီ တမူးဓာတ်အားခွဲရုံစီမံကိန်းကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေအားဖြင့် ငွေကျပ် ၁၀၇ ဘီလီယံလိုအပ်ပါကြောင်း၊ နိုင်ငံခြားငွေ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၆ သန်း လိုအပ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို Myanmar Sustainable Development Plan (MSDP) တွင် ထည့်သွင်းလျာထား၍ အိန္ဒိယနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၃၀ အောက်မှ ရယူဆောင်ရွက်ခွင့်ပြုပါရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အဆိုပြုထားပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ **မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်ဓာတ်ကြိုး ပြတ်တောက်ပြီး မြေပြင်သို့ ပြုတ်ကျမှုများကြောင့် ဓာတ်လိုက်သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဓာတ်လိုက်မှုကို ကာကွယ်မှုပေးနိုင်သော SAC လျှပ်ကာ ဓာတ်ကြိုးများ လဲလှယ်မှုကို မည်ကဲ့သို့ အစီအမံချပြီး ဆောင်ရွက်နေသည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း လျှပ်ကာမပါ ACSR ကြိုးများအစား လျှပ်ကာကြိုးပါသည့် SAC ဖြင့် ၃၄ ဒသမ ၂၂၄ မိုင် ပြောင်းလဲတည်ဆောက်ခြင်းနှင့် လျှပ်ကာမပါ ၄၀၀ ဗို့ HDBC ကြေးကြိုးများနေရာတွင် လျှပ်ကာကြိုး ABC ဖြင့် ၄၀ ဒသမ ၈၉ မိုင် လဲလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့တွင် SAC ကြိုးများဖြင့် ပြောင်းလဲတည်ဆောက်ခြင်းနှင့် ABC ကြိုးများဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

အစားထိုးလဲလှယ်နိုင်ခြင်း မရှိသေးသည့် နေရာများတွင် လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် လက်ရှိဓာတ်အားပေးထားသော လျှပ်ကာမပါသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတွင် လိုင်းကြိုးတန်းပုခက်ကြိုးများ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးချင်းထိန်းကြိုးများတပ်ဆင်ခြင်း၊ မြေဓာတ်ချကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဟောင်းနွမ်းဆွေးမြည့်နေသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ နေရာတွင် ABC ကြိုးများဖြင့် မိုင် ၅၀၀ ခန့် တည်ဆောက်ရန် လိုအပ်သော ပစ္စည်းများကို ဝယ်ယူနိုင်ရေး တင်ဒါခေါ်ယူထားပြီး ပစ္စည်းများရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းတွင် အမြန်လဲလှယ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောင်းနွမ်းဆွေးမြည့်နေသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများနေရာတွင် ABC ကြိုးများဖြင့် မိုင် ၅၀၀ ခန့် တည်ဆောက်ရန် လိုအပ်သောပစ္စည်းများကို ဝယ်ယူနိုင်ရေး တင်ဒါခေါ်ယူထားပြီး ပစ္စည်းများရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းတွင် အမြန်လဲလှယ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဓာတ်လိုက်မှု အန္တရာယ်လျော့ကျစေရန်အတွက် Insulated Cable များဖြင့် အစားထိုးလဲလှယ်ခြင်း လုပ်ငန်းများနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်မြေလပ်မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစား မပြုလုပ်နိုင်ရန်နှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေရိုင်းများအား သဘာဝဘေးအန္တရာယ်ကာကွယ်ပေးပြီး ဒေသခံပြည်သူ စားဝတ်နေရေးအတွက် မည်သို့စီမံခန့်ခွဲပေးမည်ကို** 



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် ပင်လယ် ကမ်းရိုးတန်း သယံဇာတအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုထားသည့်အနက်မှ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဧရိယာများကို ချန်လှပ်ကွက်အဖြစ်ထားရှိပြီး၊ ကျန်ရှိသည့် အကောင်အထည်မဖော်ရသေးသည့် ဧရိယာများကို ဒီရေတောစုဖွဲ့ရာတွင် ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းထားရှိခဲ့ပါကြောင်း။

### သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ဒီရေကြိုးပြင် ကာကွယ်တော သတ်မှတ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဒေသခံပြည်သူများ စားဝတ်နေရေးအတွက် သင့်တင့်မျှတစွာ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစား မပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ဥပဒေနှင့်အညီ ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေရိုင်းများအား သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ဒီရေကြိုးပြင် ကာကွယ်တော သတ်မှတ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဒေသခံပြည်သူများ စားဝတ်နေရေးအတွက် သင့်တင့်မျှတစွာ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

### သံဖြူဇရပ်မြို့ရေပြတ်လပ်မှုကြီးထွားလာသည့် အခြေအနေကို ကုစားပေးနိုင်ရန်နှင့် ၁၅ မိုင်ခန့်ကွာဝေးသည့် ကျိုက္ခမီမြို့များသို့ သောက်သုံးရေပေးပို့ရန် စီမံဆောင်ရွက်လျက်ရှိ

သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **တိုင်းပြည်ဘဏ္ဍာနှင့် ငွေကုန်ကြေးကျခံတည်ဆောက်ခဲ့သော အသုံးမတည့်ဖြစ်နေသည့် ဝင်းဖနုံရေလှောင်တမံဆည်မှ ရေကို ရေပြတ်လပ်မှုကြီးထွားလာသည့် သံဖြူဇရပ်မြို့သို့ ပို့လွှတ်ပေးရေး စီမံကိန်းတစ်ရပ်ဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဝင်းဖနုံရေလှောင်တမံမှရေကို ၁၀ မိုင်ခန့်ကွာဝေးသည့် သံဖြူဇရပ်မြို့ရေပြတ်လပ်မှုကြီးထွားလာသည့် အခြေအနေကို ကုစားပေးနိုင်ရန်နှင့် ထိုမှတစ်ဆင့် ၁၅ မိုင်ခန့်ကွာဝေးသည့် ကျိုက္ခမီမြို့များသို့ သောက်သုံးရေပေးပို့ရန်မှာ စိစစ်မှုများအရ လုပ်ငန်းပမာဏကြီးမား၍ ကုန်ကျစရိတ်လည်း လွန်စွာများပြားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မွန်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မိမိတို့ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းညှိနှိုင်းပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ချေးငွေစီမံကိန်းတစ်ရပ်ရယူပြီး လုပ်ငန်းများအား နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း အဆိုပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အကြံပေးအဖွဲ့များမှ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဒီဇိုင်းလုပ်ငန်းများ အပ်နှံဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းတွင် ဒီဇိုင်းလုပ်ငန်းများ အပ်နှံဆောင်ရွက်သွားနိုင်ရေးအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါကြောင်း၊ ဒီဇိုင်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ဒါခေါ်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မင်းတုန်း မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေနှင့် သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက **လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်း၌ ကုန်ကြမ်းများကို Value Added ဖြစ်စေရန် လုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေနိုင်ရေးအတွက် Value Added လုပ်၍ ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးလာခြင်းနှင့်အတူ တစ်ဖက်တွင်လည်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာသည့်အတွက် သွင်းကုန်လျော့စေပြီး နှစ်ခုပေါင်းရလဒ်အဖြစ် ကုန်သွယ်မှုလိုငွေ လျော့စေကာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေမှုကို ထိန်းချုပ်နိုင်စေရန်နှင့် တိုင်းပြည်ဝင်ငွေတိုးလာပြီး အစိုးရ၏ အခွန်ရငွေကိုလည်း တိုးစေနိုင်ရန်အတွက် ဖြစ်ပါကြောင်း။

### Value Added အနေဖြင့် ကော်ဖီ၊ လက်ဖက်စသော လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံတကာဈေးကွက်ကို ချဲ့ထွင်နေပြီဖြစ်

ပြည်တွင်းတွင် Value Added အနေဖြင့် ကော်ဖီ၊ လက်ဖက်စသော လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပြီး နိုင်ငံတကာဈေးကွက်ကို ချဲ့ထွင်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့် Value Added များ ပြည်တွင်း၌ လျင်မြန်စွာ ဖွံ့ဖြိုးကြီးမားစေရန်အတွက် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့နိုင်ရေးအတွက် တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဝေါ မဲဆန္ဒနယ်မှ ဦးတင်ထွေး က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ဒေါက်တာကြည်မို့မို့လွင်က ဖတ်ကြားတင်ပြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

### တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်အတိုင်း သဘောတူသောကြောင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲမှုရှိရာ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးတင်ပြရန် ဥပဒေကြမ်း ကော်မတီဝင် ဦးဌေးငွေ က အဆိုတင်သွင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နိုဝင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

## လက်ထောက်ဆရာဝန်(သစ်လွင်) များ ခန့်ထားသည့်အခါ ရခိုင်ပြည်နယ်အတွင်း လိုအပ်သော ဆေးရုံများသို့ အချိုးကျ ခွဲဝေခန့်ထားမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ **"ရခိုင်ပြည်နယ် စစ်တွေမြို့ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လစ်လပ်၍ လိုအပ်လျက်ရှိသော အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများကို အမြန်ဆုံးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း"** နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဘာသာရပ်ဆိုင်ရာ ဆရာဝန်များ၏ ဖွဲ့စည်းပုံတွင် ဆေးပညာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ မေ့ဆေး၊ အရိုးတို့တွင် ခွင့်ပြုအင်အား အထူးကုဆရာဝန်ကြီး နှစ်ဦးနှင့် အထူးကုဆရာဝန် လေးဦး ခွင့်ပြုထားပြီး ကျန်ဘာသာရပ်များ၏ ခွင့်ပြုအင်အားတွင် အထူးကုဆရာဝန်ကြီး တစ်ဦးနှင့် အထူးကုဆရာဝန် တစ်ဦးဖြင့်သာ ဖွဲ့စည်းထားပါကြောင်း။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လက်ထောက်ဆရာဝန်(သစ်လွင်)များ ခန့်ထားသည့်အခါ ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့သို့ ခန့်ထားပေးရန် စီစဉ်ထားရှိပါကြောင်း၊ လက်ထောက်ဆရာဝန်များကို လုပ်ငန်းလိုအပ်ချက်အရ ဆေးရုံများသို့ ပြောင်းရွှေ့ခန့်ထားချိန်၌လည်း ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ လုပ်ငန်းလိုအပ်ချက်ရှိသော ဆေးရုံများသို့ အချိုးကျ ခွဲဝေခန့်ထားပေးသွားမည်ဖြစ်ကြောင်း။

လစ်လပ်လျက်ရှိသော အထက်တန်းသူနာပြု ရာထူးနေရာများအတွက် ရခိုင်ပြည်နယ် ကုသရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်စွဲဖြင့် ရာထူးတိုးခေါ်ယူခြင်း ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ခန့်ထားချိန်တွင် ဦးစားပေးခန့်ထားပေးမည်ဖြစ်ကြောင်းနှင့် သူနာပြုရာထူးလစ်လပ်နေရာများအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် သစ်လွင် သူနာပြုများကို ခန့်ထားသည့်အခါ လုပ်ငန်းလိုအပ်ချက်အရ ခွဲဝေခန့်ထား ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့တွင် တိုးချဲ့တစ်ထပ်လူနာဆောင် တစ်ဆောင် ဆောက်လုပ်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားတင်ပြ ဆောင်ရွက်မည်

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **"မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ရှိသိမ်ဇရပ်တိုက်နယ်ဆေးရုံတွင် လူနာဆောင်များကို စံကိုက် နှစ်ထပ်လူနာဆောင် သို့မဟုတ် သင့်လျော်ရာ စံကိုက်လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာ များကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် သို့မဟုတ် အနီးဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း"** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့တွင် လူနာကုသဆောင် နှစ်ဆောင်ရှိပြီး တိုက်နယ်ဆေးရုံ၏ အတွင်းလူနာ တက်ရောက်ကုသမှုသည် တစ်ရက်လျှင် ပျမ်းမျှ ၃၅ ဒသမ ခြောက်ဦးဖြစ်ခြင်း၊ အဆောက်အအုံများသည် လူနာကုသဝန်ဆောင်မှုများအတွက် ပြန်လည်တည်ဆောက်ရန် လိုအပ်ခြင်းနှင့် မြေနေရာရှိမှုအခြေအနေများအရ တိုးချဲ့ တစ်ထပ် လူနာဆောင် တစ်ဆောင် ဆောက်လုပ်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် လျာထားတင်ပြ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **"ပြည်သူတို့၏ ကျန်းမာရေးဖွံ့ဖြိုးမှု၊ စောင့်ရှောက်မှုနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ ယခုထက်ပိုမို လုပ်ဆောင်နိုင်ရန် ခရိုင်မြို့ကြီးများတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ သီးသန့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း"** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများတွင် ကြီးကြပ်ဆောင်ရွက်နိုင်ရန် အချို့ ခရိုင် မြို့ကြီးများ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ ခန့်ထားဆောင်ရွက်ခဲ့ပါကြောင်း။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခန့်ထားနိုင်ခြင်းမရှိသည့် ခရိုင်မြို့ကြီးများ၏ မြို့နယ်များ၌ ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ ခန့်ထား၍သော်လည်းကောင်း၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ ဦးစီးအရာရှိများခန့်ထား၍ သော်လည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးလုပ်ငန်းတာဝန်များ လစ်ဟင်းမှုမရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ခရိုင်မြို့ကြီးများ၌ လစ်လပ်လျက်ရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ရာထူးနေရာများအား လုပ်ငန်းလိုအပ်ချက်အရ ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လက်ထောက်ဆရာဝန်သစ်လွင်များ ခန့်ထားသည့်အခါ လုပ်သက်ရင့်၊ အတွေ့အကြုံရှိသည့် ဒုတိယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ အဖွဲ့ခေါင်းဆောင်ဆရာဝန်ဦးစီးအရာရှိများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရာထူးသို့ တိုးမြှင့်ခန့်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **" နှစ်ပေါင်း ၁၃၂ နှစ် ရှိပြီဖြစ်သော သထုံခရိုင် ပြည်သူ့ဆေးရုံကြီး ဖျားနာကုသဆောင် အဆောက်အအုံသည် ကြံ့ခိုင်မှုမရှိတော့ပါသဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း"** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

### ဘီးလင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် Multi Purpose Shelter တစ်လုံးကို ၂၀၁၉ ခုနှစ် အတွင်း ဆောက်လုပ်ပေးနိုင်ရေး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **"မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်အတွင်း မြို့နယ်ကွပ်ကဲရေးရုံးအဖွဲ့၏ စီမံခန့်ခွဲမှု လွယ်ကူစေရန်နှင့် တစ်စုတစ်စည်းတည်းဖြစ်စေရန် လူ ၁၀၀၀ ဆံ့မည့် မီးစက်၊ သန့်စင်ခန်း၊ ရေကန်ပါဝင်သော ကယ်ဆယ်ရေးစခန်း အဆောက်အအုံတစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း"** နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ရေဘေးဖြစ်ပွားချိန်တွင် ရေဘေးသင့်ပြည်သူများအား စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများတွင် နေရာဖြန့်ခွဲ၍ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရခြင်းကြောင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးအတွက် ကြီးကြပ်ကွပ်ကဲရာတွင် အခက်အခဲမရှိစေရေး မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် သန့်စင်ခန်း၊ ရေကန်ပါဝင်သော Multi Purpose Shelter တစ်လုံးကို ၂၀၁၉ ခုနှစ် အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သန်း ၂၀၀ ဖြင့် ဆောက်လုပ်ပေးနိုင်ရေး အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါကြောင်း။

အမြန်ဆုံးတည်ဆောက်နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်မှု ပေးပို့နိုင်ရေးနှင့် မြေနေရာရွေးချယ် အတည်ပြုပေးနိုင်ရေး ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ထံသို့ ညှိနှိုင်းဆောင်ရွက်ထားရှိပါကြောင်းနှင့် မီးစက် ထားရှိနိုင်ရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရှိ ၂ ဒသမ ၅ ကီလိုဝပ်ရှိ မီးစက်တစ်လုံးကို အဆောက်အအုံပြီးစီးသည့်အချိန်တွင် ပေးပို့ထောက်ပံ့သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေအား ရေးဆွဲခြင်းလုပ်ငန်း မည်သည့်အခြေအနေတွင် ရှိနေပြီး မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း"** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ၂၀၁၄ ခုနှစ်မှစ၍ ရေးဆွဲဆောင်ရွက်ခဲ့ပြီး အဆိုပါဥပဒေ(မူကြမ်း)အား အောင်မြင်စွာရေးဆွဲနိုင်ရေးအတွက် ဥပဒေ(မူကြမ်း)ကို ရေးဆွဲရေးဦးဆောင်ကော်မတီ၊ နည်းပညာပိုင်းဆိုင်ရာ အကြံပေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါကြောင်း။

ဥပဒေ(မူကြမ်း)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ မတ်လတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပါကြောင်း၊ ပေးပို့ထားသော ဥပဒေကြမ်း၌ လိုအပ်ချက်များရှိပါက လက်ရှိအစိုးရအဖွဲ့၏ မူဝါဒများနှင့် အညီ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရေးနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ပါရန် ဥပဒေ(မူကြမ်း)အား ၂၀၁၆ ခုနှစ် ဧပြီလတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြန်လည်ပေးပို့လာသည့်အတွက် လိုအပ်သည့်သုံးသပ်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

ဥပဒေမထွက်ရှိသေးသော်လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဥပဒေတွင် ပါရှိသည့် အကြမ်းဖက်ခံရသူ အမျိုးသမီးများအတွက် ခေတ္တနားခိုရာစင်တာများကို ဖွင့်လှစ်ထားရှိခြင်း၊ ရေတိုရေရှည်ဝန်ဆောင်မှုများ၊ ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိခြင်းနှင့် တရားရင်ဆိုင်နိုင်ရေးအတွက် ငွေကြေးထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရာဇသတ်ကြီးဥပဒေတွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ လိုအပ်ချက်များရှိနေပါသဖြင့် ဥပဒေထွက်ရှိပြီးပါက လက်တွေ့လိုက်နာဆောင်ရွက်နိုင်ရန်အတွက် အချိန်ယူ၍ အသေးစိတ် ဆွေးနွေးခဲ့ပါကြောင်း။

### အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေ(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားအကြံပြုချက်ရရှိရေးအတွက် ထပ်မံပေးပို့ ညှိနှိုင်းထားရှိ

အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားအကြံပြုချက် ရရှိရေးအတွက် ထပ်မံပေးပို့ ညှိနှိုင်းထားရှိပါကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၁၉ ခုနှစ်အတွင်း ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော စားသုံးသူကာကွယ်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် အစီရင်ခံစာကို ဖတ်ကြားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မကြီးတို့က ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးကြသည်။

လွှတ်တော်ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် ကိုယ်စားလှယ်များအနေဖြင့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**မော်စီ (သတင်းစဉ်)**

❍ *ကျော်ဖုံးမှ*

ဘောလုံးအဆင့်အတန်းမြင့်မားရန်၊ လူငယ်အမျိုးသမီး ကစားသမားကောင်းများ ထွက်ပေါ်လာရန် အမျိုးသမီးလိဂ်ပြိုင်ပွဲကို စတင်ကျင်းပနေခြင်းဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ရာသီကျင်းပပြီးစီးသွားပြီဖြစ်ပြီး နှစ်ရာသီစလုံး မြဝတီအသင်းက ဗိုလ်စွဲထားသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် သက်ဆိုင်ရာကလပ်အသင်းများ၌ လက်ရွေးစင်ကစားသမားများအပါအဝင် လူငယ်လက်ရွေးစင်များပါ ပါဝင်ခွင့်ပြုမည်ဖြစ်ပြီး လာမည့်ရာသီတွင် ရှုံး/ထွက်ပြိုင်ပွဲကိုပါ ကျင်းပပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ညီမြတ်သော်တာ**

● *ကျော်ဖုံးမှ*

စည်သူအောင်သည် ရက်ပိုင်းအတွင်း ဆေးစစ်မှုခံယူမည်ဖြစ်ပြီး အောင်မြင်ပါက အပြီးသတ်စာချုပ် ချုပ်ဆိုမည် ဖြစ်သည်။ ထိုင်းကလပ် အသင်းများသည် ၂၀၁၈ ရာသီမှစ၍ မြန်မာကစားသမားများအား ခေါ်ယူအသုံးပြုခဲ့ပြီး ပြီးခဲ့သည့်ရာသီတွင် အောင်သူ (Police Tero)၊ ကျော်ကိုကို (ချင်းရိုင်ယူနိုက်တက်)နှင့် နန္ဒလင်းကျော်ချစ် (ပရာကျွတ်) တို့တွင် သွားရောက်ကစားခဲ့သည်။

လာမည့်ရာသီတွင်လည်း မြန်မာကစားသမားအများအပြား သွားရောက်ကစားရန် စီစဉ်လျက်ရှိပြီး အောင်သူ၊ ဇော်မင်းထွန်း၊ သန်းထက်အောင်၊ သိန်းသန်းဝင်းတို့အပြင် အခြားကစားသမားများလည်း သွားရောက်ကစားဖွယ်ရှိနေသည်။ ချောင်ဘူရီအသင်းသည် ပြီးခဲ့သည့် ရာသီတွင် ထိုင်းလိဂ် - ၁ ၌ အဆင့် ၉ နေရာရရှိခဲ့သည်။ စည်သူအောင်သည် ရန်ကုန်အသင်းမှ ရတနာပုံအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်မှုနှင့်အတူ လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အသင်းများတွင် တောက်လျှောက်ပါဝင်ကာ နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်း၌ ပါဝင်ကစားခဲ့သည်။

**ညီမြတ်သော်တာ**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

**နေပြည်တော် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Terendak Camp ၌ ပြုလုပ်သည့် (၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (28th ASEAN Armies Rifle Meet- AARM 28th) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်သည်။

**ယှဉ်ပြိုင်ပစ်ခတ်မှု ကြည့်ရှုအားပေး**

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် ရိုင်ဖယ်ပစ်ခတ်စဉ် ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်မှုအဖြစ် အုပ်(အေ)မှ ပထမရရှိသော ထိုင်းနိုင်ငံကိုယ်စားပြုသေနတ်ပစ် အသင်းနှင့် အုပ်စု(ဘီ)မှ ဒုတိယရရှိသော ထိုင်းနိုင်ငံကိုယ်စားပြု သေနတ်ပစ်အသင်းတို့ ယှဉ်ပြိုင်ပစ်ခတ်မှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် Noventy shoot ပစ်ခတ်စဉ်၌ အာဆီယံတပ်မတော်များမှ ကြည်းတပ်ဦးစီးချုပ်များ၊ အဖွဲ့ဝင်အရာရှိကြီးများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အထိမ်းအမှတ်အလံအား လွှဲပြောင်းပေးအပ်**

ယင်းနောက် သေနတ်ပစ်ပြိုင်ပွဲဆုပေးပွဲကို ဆက်လက်ကျင်းပရာ မလေးရှားကြည်းတပ်ဦးစီးချုပ် က တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခြင်း၊ ပိတ်ပွဲအခမ်းအနားမိန့်ခွန်းပြောကြားခြင်းနှင့် ၂၀၁၉ခုနှစ်တွင် (၂၉)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အင်ဒိုနီးရှား တပ်မတော်ကြည်းတပ်ဦးစီးချုပ်ထံသို့ AARM အထိမ်းအမှတ်အလံအား လွှဲပြောင်းပေးအပ်ရာ အင်ဒိုနီးရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ်က လက်ခံရယူပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အာဆီယံ သေနတ်ပစ်ပြိုင်ပွဲ၌ မြန်မာ့တပ်မတော်ကိုယ်စားပြု သေနတ်ပစ်အသင်းမှ ဆုတံဆိပ်ရရှိသည့်အဖွဲ့နှင့် သေနတ်ပစ်အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ငွေများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာ့တပ်မတော်ကိုယ်စားပြု သေနတ်ပစ်အသင်းမှ ဆုတံဆိပ်ရရှိသူအား ဆုချီးမြှင့်စဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် အဆင့် ၄ ရရှိ**

ယခုနှစ် (၂၈)ကြိမ်မြောက်အာဆီယံ သေနတ်ပစ်ပြိုင်ပွဲ၌ မြန်မာ့တပ်မတော်ကိုယ်စားပြုသေနတ်ပစ်အသင်းအနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၀ နိုင်ငံအနက် အဆင့် ၄ ရရှိခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုဝင်ဘာ ၂၆ ရက် ညပိုင်းက မလေးရှားနိုင်ငံ မလက္ကာမြို့ Casa del Rio ဟိုတယ် KD Hang Tuah Ballroom ၌ မလေးရှားတပ်မတော်ကြည်းတပ် ဦးစီးချုပ်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် (၁၉)ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Chiefs of Army Multilateral Meeting- ACAMM 19th) ပိတ်ပွဲ ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# မြန်မာ့စွမ်းအင်ကဏ္ဍ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်တို့နှင့်ပတ်သက်၍ တရုတ်-မြန်မာစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)၊ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်တက္ကသိုလ်၊ မြန်မာ့ရေးရာလေ့လာရေးအဖွဲ့တို့ ပူးပေါင်း၍ တရုတ်-မြန်မာစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (China-Myanmar Energy Cooperation under the China-Myanmar Economic Corridor) ကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ Lotte ဟိုတယ်၌ ကျင်းပသည်။** (အောက်ပုံ)



**အပြန်အလှန်ဆွေးနွေး**

ဆွေးနွေးပွဲတွင် တရုတ်-မြန်မာနှစ်နိုင်ငံ ပညာရှင်များက နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုသမိုင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်နှင့် ပတ်သက်သည့် လိုအပ်ချက်၊ အားသာချက်နှင့် အားနည်းချက်များ၊ ပြည်သူတစ်ဦးချင်းအတွက် လျှပ်စစ်စွမ်းအင်လိုအပ်ချက်၊ မျက်မှောက်အခြေအနေနှင့် စိန်ခေါ်မှုများ၊ အနာဂတ်အလားအလာ ပူးပေါင်းဆောင်ရွက်မှုနှင့် မျှော်မှန်းချက်တို့ကို အပြန်အလှန် ဆွေးနွေးကြသည်။

ယူနန်တက္ကသိုလ်၊ မြန်မာသုတေသနဌာနမှ Ph.D & Associate Professor Zhu Xianghui က "ကျွန်တော်တို့ဌာနက မြန်မာရေးရာနဲ့ ပတ်သက်ပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေကို အထူးဂရုစိုက်ဦးစားပေးနေပါတယ်။ အဲဒါကြောင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနဲ့ပတ်သက်ပြီး MoU လက်မှတ်ထိုးပြီးပါပြီ။ ဒါကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမှာ အခြေခံအဆောက်အအုံက အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ စွမ်းအင်က စီးပွားရေးတိုးတက်မှုကို တွန်းအားပေးအသုံးချနိုင်တဲ့ ကဏ္ဍဖြစ်ပါတယ်။ အဲဒါကြောင့် အခုနှစ်နိုင်ငံ ပညာရှင်တွေကို ဖိတ်ခေါ်ပြီး အဲဒီခေါင်းစဉ်နဲ့ ဆွေးနွေးတာ ဖြစ်ပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုအတွက် တိုးမြှင့်ဖို့လည်း ရည်ရွယ်ပါတယ်" ဟု ပြောသည်။

**စွမ်းအင်နယ်ပယ်တိုးချဲ့**

ဆက်လက်၍ ၎င်းက "အခုဆွေးနွေးပွဲမှာ လေအားလျှပ်စစ်၊ ရေအားလျှပ်စစ်၊ ဆိုလာ၊ သဘာဝဓာတ်ငွေ့စတဲ့ ဘက်စုံကနေ စွမ်းအင်နဲ့ ပတ်သက်တဲ့ နယ်ပယ်က ပညာရှင်တွေကို ဖိတ်ခေါ်ထားပါတယ်။ တရုတ်-မြန်မာ ထိပ်တန်းပညာရှင်တွေရဲ့ နှစ်ဦးနှစ်ဖက် အကြံဉာဏ်တွေ၊ သူတို့နယ်ပယ်က ရရှိလာတဲ့ သုတေသနပြုချက်တွေ ပိုမိုနားလည်အောင် အချင်းချင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြတာ ဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍမှာ မျက်မှောက်ရေးရာနဲ့ ပတ်သက်ပြီး ကောင်းမွန်တဲ့ အခြေအနေလို့ ဆိုနိုင်ပါတယ်။ ပိုက်လိုင်းလည်း အခုလည်နေပါပြီ။ သဘာဝဓာတ်ငွေ့ဆိုရင် မြန်မာနိုင်ငံအတွက် အမြတ်ငွေလည်း ရရှိပါပြီ။ ဆိုလာကိုလည်း အရပ်သူအရပ်သားတွေအတွက် လှူဒါန်းနေပါတယ်။ လျှပ်စစ်စွမ်းအင် နယ်ပယ်တွေကို ပိုပြီးတိုးချဲ့ဆောင်ရွက်မှုတွေ ရရှိလာဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

**ကောင်းမွန်တဲ့ ရလဒ်ကောင်းမျှော်လင့်**

မြန်မာ့ရေးရာလေ့လာရေး အဖွဲ့ အကြီးတန်းအကြံပေး ဦးအေးမောင်ကျော်ကလည်း "နှစ်နိုင်ငံက ပညာရှင်တွေ စုစည်းပြီး ပညာရပ်ပိုင်းဆိုင်ရာကို အလေးပေးပြီး ရှေ့အလားအလာ၊ လက်ရှိတွေ့ကြုံနေရတဲ့ စိန်ခေါ်မှု အခက်အခဲတွေ အပြန်အလှန် ဆွေးနွေးကြတာပါ။ ပညာရှင်စကားဝိုင်းဖြစ်တဲ့အတွက် တစ်ခါတည်းနဲ့ လက်တွေ့အဖြေတွေ ထုတ်တာမျိုးမဟုတ်ပါဘူး။ ဆွေးနွေးရင်းရလာတဲ့ အကျိုးရလဒ်တွေကို အစိုးရတာဝန်ရှိသူတွေအနေနဲ့ သတိပြုစရာ၊ သင်ခန်းစာယူစရာ လေ့လာစရာတွေ ရရှိမှာဖြစ်တယ်။ အစိုးရကမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်တွေချတဲ့အခါမှာ ဒီလိုဆွေးနွေးပွဲမျိုးကထွက်လာတဲ့ သဘောတရားနဲ့ အတွေးအခေါ်တွေက အကျိုးသက်ရောက်မှုရှိတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲလုပ်လေ့ ရှိတယ်၊ နှစ်နိုင်ငံ ပညာရှင်တွေ အစုံအလင်ပါဝင်ပြီး ဆွေးနွေးချက်တွေကလည်း ကောင်းတဲ့အတွက် ကောင်းမွန်တဲ့ ရလဒ်ကောင်းတွေ ရရှိမယ်လို့ မျှော်လင့်ပါတယ်"ဟု သုံးသပ်ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲသို့ ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးအဖွဲ့၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ(ရန်ကုန်)၊ မြန်မာ့ရေးရာ လေ့လာရေးအဖွဲ့မှ ပညာရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း-စန္ဒီဖြိုး၊ ဓာတ်ပုံ-လှမိုး**

# ပါသင့်ပါထိုက်တဲ့နေရာမှာ အစိုးရက ပါဝင်ရမယ်။ ပါဝင်ပြီးတော့ ကူညီရမယ်၊ ဖြည့်ဆည်းပေးရမယ်။ ဒါမှ ပုဂ္ဂလိက ကဏ္ဍက လုပ်နိုင်မယ်

ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး

## "မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း အပိုင်း(၂) ကျင်းပ

**"မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ရတာ လွယ်ကူရဲ့လား" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းအပိုင်း(၂)ကို မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သီတာမြင့်နှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်-**



ဦးအောင်စိုး



ဦးအောင်နိုင်ဦး



ဒေါ်သီတာမြင့်



ဒေါ်ခိုင်ခိုင်နွယ်

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ပုဂ္ဂလိက ကဏ္ဍအနေနဲ့ဖြစ်ဖြစ်၊ ဝန်ကြီးဌာနတွေအနေနဲ့ဖြစ်ဖြစ် ဆောင်ရွက်မယ့် အစီအစဉ်တွေ၊ ပြည်သူတွေ၊ ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ အစိုးရဘက်က ၁၆ ခု လောက် ခွဲထားတဲ့ဌာနတွေကို အကြံပြုချင်တာရှိရင် ဒီနေရာကနေ တစ်ဦးချင်းစီက ပရိသတ်ကို အကြံပြုတာတွေ၊ ဖိတ်ခေါ်တာတွေ လုပ်ပေးပါဦး ခင်ဗျာ။**

**ဦးအောင်စိုး ။** ။ ကျွန်တော်က communication အကြောင်းကို ဆက်ပြောချင်ပါတယ်။ အစိုးရဌာနအချင်းချင်းကြားမှာ၊ အစိုးရနဲ့ ပုဂ္ဂလိကကြားမှာ communication က အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့လည်း Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကလည်း ဒါကို စဉ်းစားတယ်။ ကျွန်တော်တို့မှာ အမြဲတမ်းတွဲထားတဲ့ World Bank က consultant နှစ်ယောက်ရှိပါတယ်။ နိုင်ငံခြားသားတစ်ယောက်၊ local တစ်ယောက်ပါ။ သူတို့နဲ့တိုင်ပင်ပြီးတော့ communication strategy expert တစ်ယောက်လည်း World Bank က ကျွန်တော်တို့ကို ပေးပါတယ်။ ဒီ Communication တိုးတက်လာစေဖို့အတွက် ဖြစ်ပါတယ်။ Doing Business Website လည်း ကျွန်တော်တို့ စဆွဲနေပြီ။ Website အပေါ်မှာ Doing Business ချည်းပဲ တင်ထားရင် ပိုပြီး လွယ်ကူလာပါတယ်။ ဒါ့အပြင် မီဒီယာပေါင်းစုံနဲ့ Public-Private၊ Public-Public မှာ Communication တွေ ကောင်းလာအောင် လုပ်သွားဖို့ ကျွန်တော်တို့ ရေးဆွဲနေပါပြီ။

### ရေရှည်လုပ်မယ့် အဖွဲ့အစည်းတွေလိုတယ်

ဒါတွေပြီးသွားရင် ဒီထက်တိုးတက်တဲ့ အခြေအနေတွေဖြစ်လာမှာဖြစ်ပါတယ်။ နောက်တစ်ခုက Implementation ပါ။ Doing Business က တစ်ကြိမ်တစ်ခါတည်းနဲ့ ပြီးသွားမှာ မဟုတ်ဘူး။ နံပါတ် ၁ ရတောင် ဆက်လုပ်ရမှာဖြစ်တယ်။ ရေရှည်လုပ်ဖို့အတွက် ရေရှည်လုပ်မယ့် အဖွဲ့အစည်းတွေလိုတယ်။ ကျွန်တော်တို့က ဒီ subject ကို ကျွန်တော့်ဌာနက တာဝန်ယူ လုပ်ပါဆိုလို့ လောလောဆယ် ယာယီသဘောနဲ့ အရာရှိတွေစုဖွဲ့ပြီးတော့ ကိုယ့်ဌာနမှာအရာရှိ မလုံလောက်လို့ တခြားဌာနက အရာရှိတွေပါ ခေါ်ပြီးတော့ လုပ်နေရတယ်။ ဒီ subject တွေက ရှုပ်ထွေးတဲ့အတွက် လေ့ကျင့်မှုတွေ လုပ်ရသေးတယ်။ တာဝန်ယူမယ့် အရာရှိတွေကလည်း နားလည်မှ Language Skill ရော လိုအပ်တဲ့အဆင့်ရှိမှ နားလည်တာဖြစ်ပါတယ်။

ကျွန်တော် မလေးရှားနိုင်ငံကို သွားလေ့လာတဲ့အချိန်မှ အဲဒီနိုင်ငံမှာ ပီမူဒါဆိုတဲ့ အဖွဲ့အစည်းက ဒီ Doing Business အတွက်ကို သီးခြားဖွဲ့စည်းပြီးတော့ ဝန်ကြီးချုပ်ရဲ့အောက်မှာ တိုက်ရိုက်ထားပြီး လုပ်နေတယ်။ Private တစ်ဖွဲ့ကိုလည်း ထားပေးတယ်။ သူတို့က အမြဲတွဲလုပ်နေတဲ့အတွက် ရေရှည်မှာ တိုးတက်လာတယ်။ သူတို့တောင် တစ်ခါတစ်ခါ ပြန်ကျသွားတယ်။ လုပ်ရင်းလုပ်ရင်းနဲ့ သူတို့ရဲ့ပြိုင်ဘက်တွေက သာသွားတာရှိတယ်။ ရှေ့သွားရင်းနဲ့ နောက်ပြန်ဆုတ်သွားတာတွေလည်း ရှိတယ်။

ကျွန်တော်တို့က ဒီကိစ္စတွေကို အစဉ်တစိုက် ရေရှည်လုပ်ရမှာဖြစ်တဲ့အတွက် ရေရှည်မှာ လိုအပ်တဲ့စည်းမျဉ်းတွေ၊ လုပ်ပိုင်ခွင့်တွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖွဲ့စည်းမှုမျိုးလည်း သီးခြားလိုအပ်မယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ဌာနက Focal ဆိုတော့ Focal ဌာနရဲ့ ပင်မလိုသလိုပဲ သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရမယ့်ဌာနတွေမှာလည်း ဒီလို Unit တွေလုပ်ပြီး ပူးပေါင်းဆောင်ရွက်မှ ပိုမိုထိရောက်မယ်လို့မြင်တယ်။ အခုလက်ရှိလည်း ကျွန်တော်တို့လုပ်နေသလို နောင်ကျရင်လည်း ဒီထက်ပိုပြီး လုပ်နိုင်အောင် အဲဒါတွေကို ဆောင်ရွက်ထားဖို့လိုတယ်လို့ ဖြည့်စွက်ဆွေးနွေးလိုပါတယ်။

**ဦးအောင်နိုင်ဦး ။** ။ ကျွန်တော်ဆွေးနွေးချင်တာက Doing Business က ပြုပြင်ပြောင်းလဲမှု အမြဲလုပ်နေရတဲ့ လုပ်ငန်းစဉ်ဖြစ်တော့ ကျွန်တော်တို့က ရေရှည်လုပ်ရမယ့် လုပ်ငန်းတွေရှိတယ်။ ချက်ချင်းပြီးသွားတဲ့ လုပ်ငန်းတွေရှိတယ်။ ရေရှည်လုပ်ရတဲ့လုပ်ငန်းတွေမှာ ဘာတွေပါသလဲဆိုတော့ ဥပဒေတွေပြန်ပြီး ပြင်ဆင်ရမယ့်ကိစ္စတွေရှိတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ဆီမှာ Resolving Insolvency လူမွဲခံရမှု ဖြစ်စဉ်တွေကို ဖြေရှင်းတဲ့ Indicator ပေါ့။ ဒါနဲ့ပတ်သက်ပြီး ဘယ်တော့မှမကောင်းနိုင်သေးဘူး။ ဘာကြောင့်မကောင်းနိုင်သလဲဆိုရင် ကျွန်တော်တို့မှာ Insolvency နဲ့ ပတ်သက်တဲ့ ဥပဒေ၊ လူမွဲခံယူခြင်းဥပဒေဆိုတာ ကျွန်တော်တို့ တိုင်းပြည်မှာ မရှိသေးဘူး။ အဲဒီဥပဒေပေါ်လာမှ ဒီ Score က တက်လာမှာဖြစ်တယ်။

ရေရှည်လုပ်ရမယ့်ကိစ္စတွေက ရှိနေသေးတယ်။ ကျွန်တော်တို့က လွှတ်တော်ရဲ့ အခန်းကဏ္ဍကိုမေ့လို့မရဘူး။ လွှတ်တော်က ဥပဒေတွေပြုပေးနေရတာဆိုတော့ ကျွန်တော်တို့က Doing Business Reform နဲ့ပတ်သက်ပြီး လွှတ်တော်ဘက်ကလည်း ဥပဒေပြုတဲ့အပိုင်းက တိုင်းပြည်ရဲ့ Doing Business ပတ်သက်ပြီးတော့ အဆင့်တက်လာဖို့အတွက် လိုအပ်တဲ့ဥပဒေတွေ ပြင်ဆင်ရေးဆွဲတဲ့အပိုင်း၊ အသစ်ရေးဆွဲတဲ့အပိုင်းမှာ လွှတ်တော်ဘက်က ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါတယ်။

ဒါကြောင့် ဒီစီးပွားရေးစကားဝိုင်းက တစ်ဆင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများကိုလည်း ပူးပေါင်းပါဝင်ပြီး လိုအပ်တဲ့ဥပဒေတွေ တိုင်းပြည်မှာပေါ်လာအောင် ဆောင်ရွက်ပေးဖို့အတွက် လိုအပ်တယ်ဆိုတာကို မေတ္တာရပ်ခံလိုပါတယ်။ အရေးကြီးဆုံးက User ဖြစ်တဲ့ Private Sector ရဲ့ ပါဝင်မှုက အဓိကဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ပါဝင်မှု၊ ပုဂ္ဂလိကကဏ္ဍရဲ့ပါဝင်မှု၊ ဝန်ကြီးဌာနတွေ အားလုံးရဲ့ စည်းဝါးညီမှုဆိုတဲ့ ဒီသုံးခုပေါင်းမှ ကျွန်တော်တို့ လိုချင်တဲ့အဆင့်ကို သတ်မှတ်တဲ့ ကာလအတွင်းမှာရောက်သွားမယ်ဆိုတာ ယုံကြည်ပါတယ်လို့ ဖြည့်စွက်ပြောချင်ပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ် ။** ။ Doing Business က ကျွန်မတို့နိုင်ငံမှာ ၂၀၁၃ ခုနှစ်ကစပြီး မိတ်ဆက်တာပါ။ Report က ၂၀၁၄ ခုနှစ်မှာ ထွက်တာဖြစ်ပါတယ်။ ငါးနှစ်သက်တမ်းဖြစ်ပါတယ်။ ဒီနှစ်ပါမှ ခြောက်နှစ်က အောက်တိုဘာမှ ထွက်လာမှာဆိုတော့ အမှန်တိုင်း ပြောရင် ကာလက တိုတိုလေးရှိပါသေးတယ်။ အဲဒီတော့ ကျွန်မတို့ပုဂ္ဂလိကဘက်မှာလည်း ဒါကိုအများကြီး သိဖို့အတွက် လုပ်ရဦးမှာပါ။ ပူးပေါင်းဖို့အတွက် ဖြစ်ပါတယ်။ ဒါကိုလည်း ယုံကြည်ပါတယ်။ အဓိက အနေနဲ့ လုပ်ငန်းရှင်တွေအတွက် လုပ်ငန်းတွေကို ချောချောမွေ့မွေ့နဲ့ ရှင်သန်နိုင်ဖို့အတွက်ကို လုပ်ကြတာပါ။ ဒါနဲ့ပြီးမလားဆိုတော့ မဟုတ်ပါဘူး။ လုပ်ငန်းတွေချောမွေ့လာမယ်၊ ရှင်သန်လာမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေ ပါလာမယ်။ နောက်ဆုံးမှာတော့ ဒီကိစ္စတွေက တိုင်းပြည်ရဲ့သိက္ခာနဲ့ အများကြီးဆိုင်တယ်။

### သူ့ကဏ္ဍနဲ့သူ ပူးပေါင်းဆောင်ရွက်

ကိုယ့်ရဲ့တိုင်းပြည်သိက္ခာတက်ဖို့ဆိုရင် အစိုးရဌာနကလည်း ဌာနအလျောက်၊ ပုဂ္ဂလိကကဏ္ဍလည်း ပုဂ္ဂလိကအလျောက်အားလုံးက သူ့ကဏ္ဍနဲ့သူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ဒီခရီးက နည်းနည်းကြမ်းကောင်း ကြမ်းလိမ့်မယ်။ ဒါပေမယ့် ခရီးတွင်မယ်လို့ ထင်ပါတယ်။ ကျွန်မတို့ဘက်ကလည်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေနဲ့ လုပ်ငန်းရှင်တွေကို ဒါထက်ပိုပြီးပညာပေးဖို့ လုပ်မယ်။ နောက်ထပ်ကို ဒီလိုအခွင့်အရေးရရင်လည်း ပညာပေးတာမျိုးတွေ လုပ်ချင်တယ်။ ကုန်သည်စက်မှု အသင်းချုပ်ဘက်မှာလည်း Public Talk တွေလုပ်လေ့ရှိတယ်။ ဒီမှာလည်း ဖိတ်ခေါ်ပြီးတော့ အခုလို စကားဝိုင်းတွေလုပ်ပြီး အများကြီး ပညာပေးမယ်ဆိုရင်တော့ အားလုံးပူးပေါင်းပါဝင်လာကြမယ်လို့ ထင်ပါတယ်။

**ဒေါ်သီတာမြင့် ။** ။ Ease of Doing Business အဖွဲ့အနေနဲ့ပြောရမယ်ဆိုရင်တော့ အောင်မြင်ချင်တယ်။ ကျွန်မတို့မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ပေါ်မှာ တကယ်ကို အဆင့်ကောင်းကောင်းနဲ့ အောင်မြင်ချင်ပါတယ်။ ဒါကြောင့် အများပြည်သူကလည်း ဝိုင်းပြီးပူးပေါင်းပေးကြပါ။ ဆောင်ရွက်ပေးကြပါ။ နောက်ပြီး ဌာနဆိုင်ရာတွေ အားလုံးကလည်း ပူးပေါင်းပေးကြပါလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီနေ့ကျင်းပတဲ့ စီးပွားရေးစကားဝိုင်းအတွက် နိဂုံးချုပ်ပေးပါဦး ခင်ဗျာ။**

**ဦးအောင်စိုး ။** ။ ကျွန်တော်တို့နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ အများကြီးရှိတဲ့အတွက် တိုးတက်သင့်တယ်။ တိုးတက်သင့်လျက် မတိုးတက်သေးတာကို အားမရကြဘူး။ အခုဆို လည်း စီးပွားရေးနဲ့ပတ်သက်လို့ ဝေဖန်မှုတွေ တော်တော်များတယ်။ စီးပွားရေးမတိုးတက်တာ ဘာကြောင့်လဲ၊ အခွင့်အလမ်းတွေ၊ သယံဇာတတွေ ရှိလျက်နဲ့ မတိုးတက်တာ ဘာကြောင့်လဲဆိုတော့ တစ်နည်းပြောရရင် စီးပွားရေးလုပ်ရတာ မလွယ်လို့ဆိုတဲ့ အဓိပ္ပာယ်လည်း ပေါက်နေပါတယ်။ Rank အရ ပြောရင်လည်း အာဆီယံမှာ နောက်ဆုံးအဆင့် ရောက်နေတယ်။ အဆင့် ၁၇၁ ဖြစ်နေတယ်။ ကျွန်တော်တို့က သိပ်ပြီးတော့ မြှောက်ပြောနေလို့ မဖြစ်ဘူး။ အရှိတရားအရ လက်ရှိအားနည်းချက်တွေကိုလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်။

နောက်တစ်ခုက တစ်ချိန်က စီးပွားရေး ပိတ်ဆို့တာ ခံခဲ့ရတယ်။ စီးပွားရေး ပိတ်ဆို့တုန်းကတော့ စီးပွားရေးပိတ်ဆို့လို့ဆိုပြီး မတိုးတက်ဘူးလို့ လက်ညှိုးထိုးလို့ရတယ်။ အခုချိန်မှာ စီးပွားရေး ပိတ်ဆို့မှုကလည်း မရှိသလောက်ဖြစ်နေပြီ။ ဒီအချိန်မှာကြိုးစားရင်ရလျက်သားနဲ့ ဘာလို့မရလဲဆိုရင် ကိုယ့်ဌာနတွေ ကိုယ့်ပြည်တွင်းကပဲ ပြန်ပြီးတော့ ပိတ်ဆို့သလို မဖြစ်ဖို့လိုပါတယ်။ နောက်တစ်ခုက ဈေးကွက်စီးပွားရေးမှာ ပုဂ္ဂလိကကဏ္ဍက အဓိကဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍက အဓိကပေမယ့် ဈေးကွက်စီးပွားရေးဖြစ်တဲ့အတွက် အစိုးရဝင်မပါနဲ့လို့ တချို့က ပြောကြတယ်။ Doing Business ရှင်းပြတာကို ကြည့်လိုက်ရင် အစိုးရက ပါဝင်ရမယ်ဆိုတဲ့ အခန်းကဏ္ဍတွေကို အများကြီး ရှင်းရှင်းလင်းလင်း သိရပါတယ်။ ပါသင့်ပါထိုက်တဲ့နေရာမှာ အစိုးရက ပါဝင်ရမယ်။ ပါဝင်ပြီးတော့ ကူညီရမယ်၊ ဖြည့်ဆည်းပေးရမယ်။ ဒါမှ ပုဂ္ဂလိက ကဏ္ဍကလုပ်နိုင်မယ်။ ကူညီရမယ့်အစား ဌာနကြောင့် အခက်အခဲ အတားအဆီး ပိတ်ဆို့နေတယ်ဆိုရင် ဘယ်လိုမှ စီးပွားရေးမအောင်မြင်နိုင်ဘူး။ ပုဂ္ဂလိက ကဏ္ဍကလည်း စိတ်ထင်တိုင်းမလုပ်နိုင်ဘူး။ သူ့မှာအရင်းအနှီး ဘယ်လောက်ပဲရှိရှိ သူလည်းရင်းရဲမှာမဟုတ်ဘူး။ ပုဂ္ဂလိကကဏ္ဍနဲ့ အစိုးရဟန်ချက်ညီဖို့ လိုသလို၊ အစိုးရဌာန အချင်းချင်းကလည်း ညီဖို့လိုတယ်။ တစ်ယောက်က လွယ်အောင်လုပ်ပြီး တစ်ယောက်ကထစ်နေတယ်ဆိုလည်း မအောင်မြင်နိုင်ဘူး။ ဒါကြောင့် ကိုယ့်နိုင်ငံရဲ့အခြေအနေတွေကို အစွမ်းကုန်ဖွင့်ပြီးတော့ တိုးတက်အောင် လုပ်နိုင်ဖို့အတွက် ဟန်ချက်ညီညီ ကြိုးစားဖို့လိုတယ်ဆိုတာကို ဒီ Indicator တွေက သက်သေပြနေတာ ဖြစ်ပါတယ်။ Indicator နဲ့ပဲ လုံလောက်တယ် မဟုတ်ပါဘူး။ ဒါသည် စနစ်တကျ Analyse လုပ်ပြီးတော့ ဖော်ထုတ်ထားတဲ့အတွက် ထင်ရှားတဲ့ သက်သေဖြစ်ပါတယ်။ ကိုယ့်ဌာနအလိုက် ကိုယ့်ရဲ့ Indicator ကို တိုးတက်အောင် လုပ်မယ်ဆိုရင် အများကြီး သိသာတဲ့တိုးတက်မှုတွေ ဖြစ်မှာပါ။

### ကိုယ့်ဦးတည်ချက်နဲ့ကိုယ်ကြိုးစား

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ရဲ့ အဆင့်ဟာ ၁၇၁ ဖြစ်နေတယ်။ Score ကတော့ ၄၄ ဒသမ ၂၁ ဖြစ်နေတယ်။ မနှစ်ကအဆင့်က ၁၇၀ ဖြစ်ပြီး ဒီနှစ်က ၁၇၁ ဖြစ်နေတော့ တစ်ဆင့်ကျသလိုဖြစ်ပေမယ့် မနှစ်က အမှတ်က ၄၃ ဒသမ ၉၁ ရတယ်။ ဒီနှစ်ကတော့ ၄၄ ဒသမ ၂၁ ရတယ်ဆိုတော့ အမှတ်ကအဲဒီလို တက်လာတယ်။ ဒီအခြေအနေမှာ ရမှတ်ရော၊ အဆင့်ရော ဒီထက်တိုးတက်အောင် ကြိုးစားရပါမယ်။ အဓိကကတော့ ရမှတ်တိုးတက်ဖို့လိုပါတယ်။ တိုးတက်ဖို့အတွက်ကို သက်ဆိုင်ရာ Indicator အလိုက် သေသေချာချာ ကိုယ့်ရဲ့ဦးတည်ချက်နဲ့ကိုယ် ကြိုးစားကြဖို့ တိုက်တွန်းချင်ပါတယ်။ ကျွန်တော်တို့ကလည်း တာဝန်ရှိတဲ့ဌာနအနေနဲ့ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီးတော့ ဒါတွေအားလုံးတိုးတက်ဖို့ ဘယ်ဟာကို အရင်လုပ်သင့်တယ်။ ဘယ်ဟာကို ဦးစားပေးလုပ်လိုက်ရင် ထိရောက်မယ်ဆိုတာကို Action Plan ဆွဲနေပါတယ်။

Action Plan ဆွဲပြီး သက်ဆိုင်ရာဌာနတွေကို အကြံဉာဏ်ပေးပြီးတော့ မြန်မြန် အကျိုးရှိမယ့် အရာတွေကို အရင်လုပ်ဖို့နဲ့ ရေရှည်အကျိုးရှိမယ့် အရာတွေလည်းလုပ်ဖို့ Action Plan ဆွဲပြီး လုပ်ဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်နေတာတွေကို သက်ဆိုင်ရာဌာနတွေ၊ အများပြည်သူတွေသိအောင်ပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ကြောင်းပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။** ။

**ကျော်သူထက်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-အေးသန်း**

**"စီးပွားရေးမတိုးတက်တာ ဘာကြောင့်လဲ၊ အခွင့်အလမ်းတွေ၊ သယံဇာတတွေရှိလျက်နဲ့ မတိုး တက်တာ ဘာကြောင့်လဲဆိုတော့ တစ်နည်းပြောရရင် စီးပွားရေးလုပ်ရတာ မလွယ်လို့ဆိုတဲ့ အဓိပ္ပာယ်လည်း ပေါက်နေပါတယ်။ Rank အရ ပြောရင်လည်း အာဆီယံမှာ နောက်ဆုံးအဆင့် ရောက်နေတယ်။ အဆင့် ၁၇၁ ဖြစ်နေတယ်။ ကျွန်တော်တို့က သိပ်ပြီးတော့ မြှောက်ပြောနေလို့ မဖြစ်ဘူး။ အရှိတရားအရ လက်ရှိအားနည်းချက်တွေကိုလည်း ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်"**

# ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ အင်းဒင်၊ ရွှေဇားကျေးရွာနှင့် လှဖိုးခေါင်စခန်းတို့သို့ သွားရောက်သတင်းယူ



**မောင်တော နိုဝင်ဘာ ၂၇**

စစ်တွေမြို့၌ ရောက်ရှိနေသည့် ပြည်တွင်းပြည်ပ သတင်းဌာနရှစ်ခုမှ သတင်းသမားများသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းသို့ ရောက်ရှိကြသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် အင်းဒင်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှု သတင်းရယူကြသည်။

ယင်းနောက် ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပြီး အကြမ်းဖက်မှုဖြစ်စဉ်ကာလအတွင်း တွေ့ကြုံခဲ့ရသည့် အခြေအနေ၊ လက်ရှိနယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် ကျေးရွာ၏ လူမှုစီးပွားအခြေအနေတို့ကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က မောင်တောဒေသအတွင်း ARSA အစွန်းရောက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုနှင့် သတ်ဖြတ်မှုများ၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် မောင်တောဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ခရိုင်အုပ်ချုပ်ရေးမှူးက ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်ကတည်းက မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်နေပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စတင်ဝင်ရောက်မည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင်လည်း ဝင်ရောက်မှု မရှိခဲ့ပါကြောင်း၊ တစ်ဖက်နိုင်ငံမှ မည်သည့်အတွက်ကြောင့် မဝင်ရောက်သည်ကို အကြောင်းကြားခြင်း မရှိပါကြောင်း၊ စတင်ဝင်ရောက်လာမည်ဆိုပါက ဝင်ရောက်လာသူများကို ပေးပို့ထားသည့်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်း၊ NV ကတ်ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းလုပ်ငန်းများပြီးစီးပါက နောက်တစ်ရက်တွင် ခေတ္တတည်းခိုရမည့် လှဖိုးခေါင်စခန်းသို့ ပို့ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ၎င်းတို့အတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား ရိက္ခာထုတ်ပေးမည်ဖြစ်ပြီး လူတစ်ဦးကို တစ်ရက်လျှင် ထောက်ပံ့ကြေး တစ်ထောင်ကျပ် ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်နေရာချထားရာတွင်လည်း ၎င်းတို့နေထိုင်မည့် နေအိမ်ဆောက်လုပ်ရန် သစ်၊ ဝါး၊ မျော တို့ကိုထုတ်ပေးမည်ဖြစ်ပါကြောင်း၊ အိမ်ဆောက်ရာတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆောက်လုပ်နိုင်မည်ဖြစ်ပြီး ဒေသပေါက်ဈေး လုပ်အားခကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ဝင်ရောက်လာမည့် အခြေအနေတို့ကို မေးမြန်းသတင်းရယူကြသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ လှဖိုးခေါင်ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး ပြန်လည်ဝင်ရောက်လာမည့် နေရပ်စွန့်ခွာသူများအတွက် ဆောက်လုပ်ထားသည့် ခေတ္တတည်းခိုဆောင်များ၊ ရေတွင်းများ၊ ယင်လုံအိမ်သာများ၊ ဆေးပေးခန်း၊ ကလေးပျော်နေရာ၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ နားခိုရာနေရာ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းထားသည့် အလွယ်တကူ တပ်ဆင်ရွှေ့ပြောင်းနိုင်သည့် လူနေအိမ်များ (Assemble Board Houses) တပ်ဆင်ထားမှု၊ နမူနာဆောက်လုပ်ထားသည့် ကျေးလက်လူနေအိမ်ပုံစံများနှင့် ယာယီစာသင်ကျောင်း ဖွင့်လှစ်ထားမှုတို့ကို လှည့်လည်ကြည့်ရှု သတင်းမှတ်တမ်းရယူကြသည်။(ဓာတ်ပုံ)

ယင်းနောက် သတင်းမီဒီယာအဖွဲ့သည် လှဖိုးခေါင်ပြန်လည်လက်ခံရေးစခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးရွှေအောင်နှင့် တွေ့ဆုံ၍ စခန်းအတွင်း လက်ခံရန် အဆင်သင့်ဖြစ်နေမှုနှင့် နေရပ်စွန့်ခွာသူများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် အစီအမံများကို မေးမြန်းသတင်းရယူကြသည်။

ညနေပိုင်းတွင် ရွှေဇားကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များ အတူယှဉ်တွဲနေထိုင်၍ လူမှုရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

သတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူမှုမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း ၂၉ ကြိမ်ရှိပြီဖြစ်ပြီး သတင်းမီဒီယာအဖွဲ့များအား အရေးပေါ်ကာလတွင် သတင်းများရယူထုတ်ပြန်နိုင်ရေး စေလွှတ်မှု ခြောက်ကြိမ်၊ ကာကွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် စေလွှတ်မှုတစ်ကြိမ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် စေလွှတ်မှု ခြောက်ကြိမ်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစီအစဉ်ဖြင့် စေလွှတ်မှု တစ်ကြိမ်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအစီအစဉ်ဖြင့် စေလွှတ်မှု တစ်ကြိမ်၊ ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အစီအစဉ်ဖြင့် တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ပြည်တွင်းပြည်ပမီဒီယာများအား စေလွှတ်မှု ၁၄ ကြိမ်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၄၂၉ သန်း အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၄၉၂ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| က | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁ | ၄၄.၁၁၀ | | |
| ခ | စက်မှုကဏ္ဍ | ၁၃ | ၂၁၀.၀၃၄* | ၄ | ၁၃.၅၆၇* |
| ဂ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၉၂.၆၈၀ | | |
| ဃ | အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၈၄.၈၀၀* | | |
| င | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၁၄.၅၆၇* | ၁ | ၃.၁၈၂ |
| စ | အခြားဝန်ဆောင်မှုကဏ္ဍ | ၃ | ၉.၂၃၈* | ၂ | ၁၀.၃၄၀ |
| ဆ | စိုက်ပျိုးရေးကဏ္ဍ | | | ၁ | ၀.၁၉၉ |
| ဇ | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | | | | ၁၀.၂၀၄* |
| | စုစုပေါင်း | ၂၀ | ၄၅၅.၄၂၉ | ၈ | ၃၇.၄၉၂ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၈၉၂၉ ဒသမ ၄၅၇ သန်းနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၂၁၈၉ ဒသမ ၆၂၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| က | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁ | ၅၀၀၀.၀၀၀ | | |
| ခ | စက်မှုကဏ္ဍ | ၅ | ၈၂၂၆.၁၀၅ | ၇ | ၇၉၁၆.၉၄၃ |
| ဂ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၄ | ၁၃၀၄၀.၀၀၀ | ၆ | ၂၁၆၈၇.၄၈၁ |
| ဃ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၉၅၆၉.၃၁၀ | | |
| င | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၀ | ၆၃၀၉၄.၀၄၂ | ၅ | ၁၂၅၈၅.၂၀၀ |
| | စုစုပေါင်း | ၃၁ | ၉၈၉၂၉.၄၅၇ | ၁၈ | ၄၂၁၈၉.၆၂၄ |

၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာအတွင်း | အောက်တိုဘာအတွင်း |
| က | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁၄၂ | ၁၆ |
| ခ | စက်မှုကဏ္ဍ | ၇၂၁၃ | ၃၂၆၄* |
| ဂ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၃၆ | |
| ဃ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁၄၈ | |
| င | ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ | | ၁၀၂* |
| စ | အိမ်ရာအဆောက်အဦ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍ | ၁၃၅ | |
| ဆ | လယ်ယာကဏ္ဍ | | ၁၁၁ |
| ဇ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁၂၂ | ၇၃ |
| | စုစုပေါင်း | ၇၇၉၆ | ၃၅၆၆ |

* လုပ်သားအင်းအား တိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာအတွင်း | အောက်တိုဘာအတွင်း |
| က | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၂၀ | |
| ခ | စက်မှုကဏ္ဍ | ၈၇၉ | ၇၉၁ |
| ဂ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၈၅ | ၃၀၈ |
| ဃ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၈၉ | |
| င | အခြားဝန်ဆောင်မှုကဏ္ဍ | ၆၆၉ | ၄၀၀ |
| | စုစုပေါင်း | ၁၉၄၂ | ၁၄၉၉ |

## မရမ်းချောင်စစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ပစ္စည်းများ တွေ့ရှိသိမ်းဆည်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉၄ စီး၊ သွင်းကုန် ၆၀၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂ စီး၊ သွင်းကုန် ၁၃၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၈၇ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့်သာယာနေသည်။ **မိုး/ဇလ**

# မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာအခမ်းအနား ကျင်းပ

**ဘားအံ နိုဝင်ဘာ ၂၇**

ကျေးဇူးတော်ရှင် မြိုင်ကြီးငူဆရာတော်ဘဒ္ဒန္တသုဇန သက်တော်(၇၁)နှစ် သိက္ခာတော်(၅၂)ဝါ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ အေးလင်းသာယာကွင်းအတွင်းရှိ ဆရာတော်ရုပ်ကလာပ်တော်အား မီးသဂြိုဟ်ပူဇော်မည့် စျာပနအခမ်းအနားပြုလုပ်မည့် နေရာ၌ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကရင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမိုးအောင်၊ ကရင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ပူဇော်ခဲ့ကြသည်။

အခမ်းအနားကို ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ မော်လမြိုင်မြို့ မြစေတီပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့ မြတောင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော်ကြီးများထံမှ ဩဝါဒကထာနာယူကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်သံဃနာယကအဖွဲ့၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို မြဝတီမြို့ မြတ်သုခ ၂၇၅ တပ်ဦး ကျောင်းဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာ အရှင်ပညာနန္ဒက ဖတ်ကြားပူဇော်ကာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝမ်းနည်းကြောင်း သဝဏ်လွှာ ဖတ်ကြားလျှောက်ထားခြင်းနှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်ကိုယ်စား မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက ဝမ်းနည်းကြောင်း သဝဏ်လွှာဖတ်ကြားလျှောက်ထားကာ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ကျေးဇူးတော်ရှင်မြိုင်ကြီးငူဆရာတော်ကြီးကို နောက်ဆုံးပူဇော်ကန်တော့ခြင်း ပစ္ဆိမဝန္ဒနာဂါထာကို ဆရာတော်ကြီး၏ တပည့်သံဃာတော်များက ဖတ်ကြားပူဇော်ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အလှူတော်ငွေ ငွေကျပ် သိန်း ၁၀၀ အား လှူဒါန်းပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား သက်န်းစသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(မြန်/ဆက်)**



# မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် လေ့ကျင့်ရေးလေယာဉ် မော်လမြိုင်လေယာဉ်ကွင်းအဆင်းတွင် ရှေ့ဘီးကျိုးကျမှုဖြစ်ပွား

**မော်လမြိုင် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ လေယာဉ်ကွင်းတွင် ယနေ့နံနက်ပိုင်းက ဆင်းသက်ခဲ့သော မြန်မာအမျိုးသားလေကြောင်းလိုင်းပိုင် XY AMB လေ့ကျင့်ရေးလေယာဉ်သည် လေယာဉ်ကွင်းအဆင်း၌ ရှေ့ဘီးကျိုးပြီး ပန်ကာကွေးကောက်သွားကြောင်း မော်လမြိုင် လေဆိပ်တာဝန်ရှိသူထံမှ သိရသည်။

"လေယာဉ်က ဘီးချော်တာမဟုတ်ဘူး၊ အဆင်းမှာ ရှေ့ဘီးကျိုးပြီး ပြေးလမ်းကနေ ဘေးကို ထိုးကျသွားတာပါ။ ဒီလေယာဉ်က XY AMB လေ့ကျင့်ရေးလေယာဉ်ဖြစ်ပြီး လေယာဉ်ပေါ်မှာ လေယာဉ်မှူး ငါးဦး၊ လေယာဉ်မယ် လေးဦး လိုက်ပါလာတယ်။ ဘယ်သူမှ ထိခိုက်ဒဏ်ရာမရကြဘူး။ ဒီလိုဖြစ်တာကတော့ မော်လမြိုင်မှာ ပထမဆုံးအကြိမ်ပါပဲ" ဟု မော်လမြိုင် လေဆိပ်မန်နေဂျာ ဦးလှဦးက ပြောသည်။

အဆိုပါ XY AMB လေ့ကျင့်ရေးလေယာဉ်သည် ရန်ကုန်မြို့မှ နံနက် ၈ နာရီ ၄၇ မိနစ်က စတင်ထွက်ခွာလာပြီး ၉ နာရီ ၂၈ မိနစ်တွင် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိဆင်းသက်ရာမှ ယင်းကဲ့သို့ ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(မြန်/ဆက်)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် ထူးချွန်သောဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ပူးပေါင်း၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီပံ့ပိုးသည့် ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပဥ္စမပွဲစဉ်ကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ကျင်းပရာ တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အင်းဝဘဏ်လီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးအားကစားသမားများက သတ်မှတ်ထားသည့် အမှတ်(၁)တီခုံတွင် နေရာယူကြပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် တာဝန်ရှိသူများက အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲများကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်ခဲ့ရာ လက်ရည်စစ်ပြိုင်ပွဲများကို ပြင်ဦးလွင်၊ ရန်ကုန်နှင့် မန္တလေးမြို့၌ ကျင်းပရွေးချယ်ခဲ့ကာ ၂၀၁၈ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်လေးပွဲ အမှတ်ပေးဇယားများအရအဆင့် (၁ မှ ၃၀)အတွင်း ရရှိသူများသည် လူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်မလိုဘဲ နောက်ဆုံးပွဲစဉ်တွင် ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ပြိုင်ပွဲတွင်ပညာရှင်အဆင့် ၄၂ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၁၀၄ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီး ၁၉ဦး စုစုပေါင်း ၁၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

၂၀၁၈ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို မြဝတီဘဏ်လီမိတက်၊ ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်းနှင့် ပဲခူးရိုးမအပန်းဖြေဥယျာဉ်(မြန်မာ)၊ မုတ္တမဟိုးဒင်းကုမ္ပဏီလီမိတက်၊ မြန်မာ့ဇွဲမာန် ကုမ္ပဏီလီမိတက်တို့က အဓိကကူညီပံ့ပိုးပေးခဲ့ပြီး ယခုပဥ္စမပွဲစဉ်ကို အင်းဝဘဏ်လီမိတက်က အဓိကကူညီ ပံ့ပိုးပေးထားကြောင်းနှင့် ပြိုင်ပွဲကို ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**




## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- အာဆင်နယ်နည်းပြဟောင်း အာစင်ဝင်းဂါးသည် ဘိုင်ယန်မြူးနစ်အသင်း၌ နည်းပြလုပ်ငန်းများလုပ်ကိုင်ရန် ဆန္ဒရှိနေကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ ဘိုင်ယန်မြူးနစ်အသင်းက အဆိုပါပြင်သစ်လူမျိုး နည်းပြကို နီကိုကိုဗက်စ်၏နေရာ အစားထိုးရန် စဉ်းစားလျက်ရှိနေကြောင်း သိရသည်။
- အေစီမီလန်အသင်းသည် ချယ်လ်ဆီးအသင်းမှ အသက်(၃၂ နှစ်)အရွယ် အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဂယ်ရီကာဟေးလ်အား ခေါ်ယူနိုင်မည့် အခွင့်အရေးကို ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- မန်ယူနှင့် တော့တင်ဟမ်အသင်းတို့သည် ဆမ်ဒိုးရီးယားအသင်းမှ အသက်(၂၂ နှစ်)အရွယ် ဗဟိုခံစစ်ကစားသမား အန်ဒါဆန်ကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး စောင့်ကြည့်လျက်ရှိနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် စီးရီးဘီကလပ်ဖြစ်သော ဘရက်စီယာအသင်းမှ အသက်(၁၈ နှစ်)အရွယ် ကွင်းလယ်ကစားသမား ဆန်ဒရိုတိုနယ်လ်လီ၏ ခြေစွမ်းကိုစောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်ထားပြီး အင်တာမီလန်အသင်းကလည်း အဆိုပါကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- တယ်လီဂရပ်၏ ဖော်ပြချက်အရ မန်ယူအသင်းသည် အသက်(၂၉ နှစ်)အရွယ် ဝက်စ်ဟမ်းအသင်းမှ ဩစတြီးယားတိုက်စစ်ကစားသမား မာကိုအနာယူတိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- အင်တာမီလန်အသင်းသည် မန်စီးတီးအသင်းမှ ပြင်သစ်နောက်ခံကစားသမား မန်ဂါလာ (၂၇နှစ်)ကို ခေါ်ယူရန် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးတိုက်စစ်ကစားသမား မာနေးသည် ဗုဒ္ဓဟူးနေ့တွင် ယှဉ်ပြိုင်ကစားမည့် ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်ကို ဖျားနာမှုကြောင့် ပါဝင်ကစားရန် မသေချာကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်အသင်းသည် တနင်္လာနေ့က ပရီမီယာလိဂ်ပွဲစဉ် ၁၃ အဖြစ် ဘန်လေနှင့်ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် သုံးပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ထို့ကြောင့် နယူးကာဆယ်အသင်းသည် တန်းစီဇယားတွင် အဆင့် ၁၃ နေရာအထိ တက်လှမ်းလာနိုင်ခဲ့ကြောင်းလည်း သိရသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၁-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
၈း၃၅ - "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာ စကားဝိုင်း"(ဒုတိယပိုင်း)
၁၁း၃၀ - "၂၀၁၈ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ အကြိုလေ့ကျင့်မှုများ" (ဂေါက်သီးရိုက်နှင့် စစ်တုရင်)
၁၄း၄၀ - ရိုးရာယဉ်ကျေးမှု ထင်ဟပ် ပေါ်လွင် မြန်မာတို့၏အနုသုခုမ သဘင် (သစ္စာမေတ္တာရွှေမန်း သဘင်)"မြိုင်ထနစ်ပါးသွား" (မင်းသား-ချမ်းသာ)

**ညပိုင်း**

၁၆း၃၅ - "နှလုံးသားဖြင့်ရင်း၍"
၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဘူဇွာဟိုတယ်"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၇)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊
၂၀း၃၅ - "လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဆိုင်ရာစကားဝိုင်း"(တတိယပိုင်း)
- ဂီတသမား၊ ဂီတစကား "တန်ဆောင်မာသတေးအလှ" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

# အလုံမြို့နယ် G&G စတိုးဆိုင်အတွင်း လုယူသူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းမိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဌာနာလမ်းထိပ်တွင် ဖွင့်လှစ်ထားသော G&G စတိုးဆိုင် ရောင်းချနေစဉ် နိုဝင်ဘာ ၂၄ ရက် နံနက် ၁ နာရီ မိနစ် ၂၀ က လူငယ်သုံးဦးခန့် ဆိုင်အတွင်းသို့ဝင်လာပြီး အရောင်းဝန်ထမ်း ကို-----အား ထိုးကြိတ်မည်ပြောဆိုကာ လူနှစ်ဦးက ကို-----အနီးတွင်စောင့်နေပြီး ကျန်တစ်ဦးက ကို------ အင်္ကျီအိတ်ကပ်အတွင်း ထည့်ထားသော Vivo ဖုန်းအား ဆွဲယူပြီး အံဆွဲအတွင်းမှ ဈေးရောင်းရငွေကျပ် ၃၈၀၀၀ ကို ယူဆောင်ထွက်ပြေးသွားသဖြင့် အရောင်းဝန်ထမ်း ကို----- က အလုံမြို့မရဲစခန်း၌ တိုင်တန်း၍ အမှုရေးဖွင့်ခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်များအရ နိုဝင်ဘာ ၂၅ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် အလုံမြို့နယ် စောရန်နိုင်အနောက်ရပ်ကွက် ဆွမ်းသိမ်းပွဲစတိတ်ရှိုးပွဲပြုလုပ်သည့်နေရာ၌ လုယက်မှုတွင် ပါဝင်သည့် လသာမြို့နယ် (၇) ရပ်ကွက်နေ စိုင်းအောင်ကောင်းမြတ်(ခ)ဖိုးပြည့်စုံ(ခ)အရိုး (၁၇ နှစ်)၊ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်နေ မင်းသန့်ကို(ခ) မင်းသန့် (၁၇ နှစ်)၊ အလုံမြို့နယ် ဂဠုန်ရပ်ကွက်နေ စိုးသီဟ(ခ) မိချောင်း (၁၇ နှစ်)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့သုံးဦးနှင့်အတူ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဟိန်းစိုးအောင် (၂၂ နှစ်)အား လှိုင်သာယာမြို့နယ် အမှတ်(၁၀) ရပ်ကွက် အနော်ရထာလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူများထံမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အင်းစိန်မြို့နယ်တွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ခရေပင်လမ်းအနီးတွင် လှိုင်သာယာမြို့နယ် (၉)ရပ်ကွက်နေ ထွန်းဝင်း(၅၁ နှစ်)နှင့် ရွှေပြည်သာမြို့နယ် ဇီးကုန်းရပ်ကွက်နေ ဥက္ကာသော်(၃၈ နှစ်)တို့အား ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြား၊ အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား စုစုပေါင်း ၁၉၈ ပြားကို သိမ်းဆည်းရမိဖမ်းဆီးခဲ့သည်။



ဖမ်းဆီးရမိသူနှစ်ဦးအား အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့နယ်၌ ပိုင်ရှင်မဲ့ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၂ နာရီကျော်ခန့်က နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် မောင်တောမြို့နယ် နယ်မြေ(၄) ကျောက်ချောင်းကျေးရွာအနီးကမ်းစပ်၌ Laugfs တံဆိပ်ပါ 12 kgs ဂက်စ်အိုးတစ်လုံး၊ Gas Stove တံဆိပ်ပါ ဂက်စ်မီးဖို တစ်လုံး၊ Energy Plus တံဆိပ်ပါ ဘီစကစ် ၁၀ ထုပ်၊ Refined Petroleum တံဆိပ်ပါ ဂျယ်လီ ၁၀ ဘူး၊ Sagar တံဆိပ်ပါ 1 kg နို့မှုန့်နှစ်ထုပ်၊ Aci Puer တံဆိပ်ပါ ပဲနီထုပ် ၆ ထုပ်၊ Chick Peas တံဆိပ်ပါ 2 kgs ကုလားပဲ သုံးထုပ်၊ Veola တံဆိပ်ပါ 2 Litter စားသုံးဆီ ငါးဘူး၊ ကျား/မဝတ် အဝတ်ထုပ် တစ်ထုပ်၊ အဝါရောင်လက်ကောက် ၁၁ ကွင်း၊ Fenocap တံဆိပ်ပါ သောက်ဆေးရောရာ တစ်ထုပ်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် ကြိမ်ချောင်းနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပင်လောင်း၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုင်းပန်၊ မောက်မယ်၊ မိုင်းကိုင်၊ မိုင်းဖြတ်နှင့် တွန်းဇံမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပင်လောင်းမြို့နယ် တင်းထက်ကျေးရွာ၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ၌ နိုဝင်ဘာ ၂၆ ရက်က ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၂၄ ဒသမ ၅ ဧကခန့်ကို လည်းကောင်း၊ နောင်တရားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လွယ်အယ်ကျေးရွာအနောက်မြောက်ဘက် နှစ်မိုင်ခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၁၁ ဧကခန့်ကို လည်းကောင်း ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဆီဆိုင်မြို့နယ် ထီလုံးဆူကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၀ ဧကခန့်ကို လည်းကောင်း၊ ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စုနှင့် ဘီကင်းကျေးရွာတို့တွင် ဘိန်းစိုက်ခင်း ၁၆ ဧကခန့်၊ မိုင်းပန်မြို့နယ် နာမွန်းကျေးရွာအုပ်စု၌ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်၊ မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု၌ ဘိန်းစိုက်ခင်း ၄ ဒသမ ၅ ဧကခန့်၊ မိုင်းကိုင်မြို့နယ် ခေးအုံအွေ့ကျေးရွာ၌ ဘိန်းစိုက်ခင်း နှစ်ဧကခန့်၊ မိုင်းဖြတ်မြို့နယ် နမ့်ပန်ကျေးရွာ၌ ဘိန်းစိုက်ခင်း သုံးဧကခန့်၊ တွန်းဇံမြို့နယ် ဂဲလ်မွှာကျေးရွာ မွှာလ်ဘက်တောင်ကြော (ကြီးပြင်တော)၊ လုံတပ်ကျေးရွာနှင့် ဆောင်းဟွေ့ကျေးရွာတို့၌ ဘိန်းစိုက်ခင်း ရှစ်ဧကခန့်တို့ကိုလည်းကောင်း ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်မြို့ ရွှေဆံတော်စေတီစွယ်တော်တိုက်တွင် တာဝန်ထမ်းဆောင်နေသည့် ရဲမေများကို ကိုယ်ထိလက်ရောက်စော်ကားသူ သုံးဦးအား အမှုဖွင့်

**ပြည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ သမိုင်းဝင်ရှေးဟောင်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇော်ပွဲနှင့် မြတ်စွယ်တော်အပူဇော်ခံပွဲတွင် စွယ်တော်တိုက်၌ တာဝန်ထမ်းဆောင်နေသည့် ရဲမေနှစ်ဦးက တာဝန်အရတားမြစ်သည်ကို မလိုက်နာဘဲ ကိုယ်ထိလက်ရောက် ပြုမူစော်ကားသူများကို ပြည်မြို့မရဲစခန်းတွင် နိုဝင်ဘာ ၂၆ ရက်က အမှုဖွင့်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်တွင် ပြည်မြို့ ဆံတော်ရပ်ကွက် ရွှေဆံတော်စေတီ ရင်ပြင်တော် စွယ်တော်တိုက်တွင် လုံခြုံရေးတာဝန်ကျသည့် ပြည်မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး သိန်းဇော်နှင့် တာဝန်ကျ ရဲတပ်သားများနှင့် ရဲမေများအဖွဲ့သည် တာဝန်ထမ်းဆောင်နေစဉ် စွယ်တော်တိုက်အတွင်းသို့ ဝင်ရောက်ဖူးမြော်မည့် ပြည်မြို့မြို့သစ် ရပ်ကွက် (၆/၄)လမ်းနေ အမျိုးသမီး လေးဦးအနက် နှစ်ဦးမှာ အမြင်မတင့်တယ်သည့် စကတ်အတိုများ ဝတ်ဆင်လာသည့်အတွက် တာဝန်ကျရဲမေ စုစန္ဒာနှင့် ယုဇင်ဦးတို့က စကတ်အတိုဝတ်ဆင်လျက် စွယ်တော်တိုက်အတွင်းသို့ ဝင်ခွင့်မပြုရန် ဘုရားဂေါပကအဖွဲ့က တားမြစ်ထားကြောင်း ပြောပြရာမှ အပြန်အလှန် စကားများကြပြီး ရဲတပ်သားနှစ်ဦးအား အမျိုးသမီး သုံးဦးက ဆံပင်ကို ဆောင့်ဆွဲပြီး ခြေထောက်နှင့် ကန်ကျောက်ခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ တာဝန်ကျတပ်ဖွဲ့ဝင်များနှင့် မြတ်စွယ်တော်လုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်၊ အဖွဲ့ဝင်များနှင့် လုံခြုံရေးအဖွဲ့တို့က ဝင်ရောက်ဖျန်ဖြေပေးခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် ရဲတပ်သား စုစန္ဒာတွင် ဦးခေါင်းဖူးရောင် နာကျင်ဒဏ်ရာ (ပြင်ပလူနာ/မစိုးရိမ်ရ)နှင့် ရဲတပ်သား ယုဇင်ဦးတွင် ယာဘက်လက်မောင်းနာကျင်ဒဏ်ရာ (ပြင်ပလူနာ/မစိုးရိမ်ရ)တို့ရရှိခဲ့သဖြင့် တပ်ဖွဲ့ယူနီဖောင်း အပြည့်အစုံဖြင့် တာဝန်ထမ်းဆောင်နေမှန်းသိလျက်နှင့် အများသူငါ ဝင်ထွက်သွားလာသည့်နေရာတွင် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းကိုတားဆီးရန် ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်းကို ဝိုင်းဝန်းလုပ်ဆောင်သူ အမျိုးသမီးသုံးဦးအား ဥပဒေအရ အရေးယူပေးပါရန် ရဲတပ်သား စုစန္ဒာက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပြည်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်**

အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များစတင်ထွက်ခွာပါပြီ။
အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူး ပို့ဆောင်ရေးအဖွဲ့သည် ယခုနှစ် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘုရားဖူး ရာသီတွင် သံဝေဇနီယလေးဌာန(အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များအား ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်မှ စတင်၍ "အောင်ချမ်းသာမှ သင့်ဆန္ဒပြည့်ဝစေရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြားတနင်္လာနေ့တိုင်း ထွက်ခွာရန် စီစဉ်ထားရှိပါသည်။ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့် တိုက်ရိုက်သွားပြီး ဘုရားဖူးမြော်ကာ ဗုဒ္ဓဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာသည့် (၁၁)ညအိပ် (၁၂)ရက်ခရီး ဖြစ်ပါသည်။
ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်သဇင်မြင့်အောင် ကိုယ်တိုင်ဘုရားဖူးခရီးစဉ် တစ်လျှောက်လိုက်ပါ၍ နွေးထွေးသော ဝန်ဆောင်မှုများပေးသဖြင့် ဘုရားဖူးများကျေနပ်အားရ ပီတိဖြစ်ကာ စိတ်အေးချမ်းသာစွာ သာသနာပြုနိုင်ခဲ့ကြောင်း တဖွဲဖွဲပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့်ပြန်လည်လိုက်ပါရန် အဆိုပြုထားသည့် ဘုရားဖူးများ၊ ယခုနှစ်ခရီးစဉ်တွင် ကြိုတင်စာရင်းပေးသွင်းထားသော ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။ ထွက်ခွာမည့် ခရီးစဉ်များမှာ -
(၁) ၈-၁၀-၂၀၁၈ (ရောက်ရှိ) (၅) ၃-၁၂-၂၀၁၈ (ပြည့်ပြီး) (၉) ၂၈-၁-၂၀၁၉ (၁၀)ဦးလို (၁၃) ၂၅-၃-၂၀၁၉(၁၈)ဦးလို
(၂) ၂၂-၁၀-၂၀၁၈ (ရောက်ရှိ) (၆) ၁၇-၁၂-၂၀၁၈(ပြည့်ပြီး) (၁၀) ၁၁-၂-၂၀၁၉ (ပြည့်ပြီး) (၁၄) ၁၀-၄-၂၀၁၉(၂၆)ဦးလို
(၃) ၅-၁၁-၂၀၁၈ (ရောက်ရှိ) (၇) ၃၁-၁၂-၂၀၁၈ (၉)ဦးလို (၁၁) ၂၅-၂-၂၀၁၉ (ပြည့်ပြီး) (သင်္ကြန်ပိတ်ရက်)
(၄) ၁၉-၁၁-၂၀၁၈ (ထွက်ခွာ) (၈) ၁၄-၁-၂၀၁၉ (၁၁)ဦးလို (၁၂) ၁၁-၃-၂၀၁၉ (၂၅)ဦးလို
မိမိသွားလိုသော ခရီးစဉ်များကို ရွေးချယ်၍ Power Palace Hotel အမှတ်-၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၉၇၁၉၊ ၀၁-၅၄၄၂၈၇၊ ၀၁-၄၀၀၈၁၆၊ ၀၉-၇၃၁၅၂၈၆၀၊ ၀၉-၇၃၁၅၃၃၃၃၊ ၀၉-၅၁၂၈၆၂၁ သို့ အမြန်ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။
သင်မြင့်အောင်

ဒေါ်နန္ဒာဝင်း ဦးစီးသော
Amazing Land Travels & Tours
ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် (၈ရက်)(၁၂ရက်)(၁၅ရက်)ခရီးစဉ်ရက်များကို ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဒီဇင်ဘာ(၁၀) ဖေဖော်ဝါရီ(၄)
ဒီဇင်ဘာ(၂၁) ဖေဖော်ဝါရီ(၁၈)
ဇန်နဝါရီ(၇) မတ်(၄)၊မတ်(၁၈)
ဇန်နဝါရီ(၂၁) ဧပြီ(၁)/(၁၂)(သင်္ကြန်ပိတ်ရက်)
အမှတ် (၁၇-အေ)၊ အခန်း (၂-အေ)၊ ဒုတိယထပ်၊ အနောက်ရွှေဂုံတိုင်(၁)လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၂၃၀၄၂၂၅၊ ၀၉-၅၅၀၀၀၁၁၊ ၀၉-၃၃၃၆၄၇၇၇
၀၉-၂၅၀၀၃၉၄၃၄၊ ၀၉-၅၀၂၆၂၅၈၊ ၀၉-၂၅၄၀၄၂၈၀၁၊

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

စိန်ငါးလုံး လိမ်းဆေးရည်
အမှတ်တံဆိပ် TMR 002367 (1017)
ကြွက်နို့၊ ငါးမျက်စိ၊ နှင်းခူ၊ အကျိတ်၊ မှဲ့ခြောက်၊ မှဲ့ကြီး၊ အသားပို
သီးများနှင့် ခြေသည်းလက်သည်း ညှိုမည်းခြင်း၊ အပူလောင်ခြင်း၊
အဆိပ်တက်ခြင်း၊ အနာအမျိုးမျိုးဖြစ်ခြင်း တို့အတွက်
"စိန်ငါးလုံး" လိမ်းဆေးရည်ကို လိမ်းပါ။
ပင်ရင်း-ဆ/၁၀၁၊ ခေမာသီ(၄)လမ်း၊ရတနာ့သီဂီရေးပတ်လမ်း၊
မြောက်ဥက္ကလာပ၊ရန်ကုန်မြို့။ -၀၉၄၂၁၀၄၀၀၈၅
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၇၃၊ မြေညီ၊ အိမ်ရာ၊ လေးထောင့်ကန်လမ်း၊
09254009334,
09254009335,
09254009336

# အခု ဒီမှာ ပြောကြ၊ ဆိုကြတယ်ဆိုတာ ကောင်စီရဲ့သဘောထားတစ်ခုမှ မဟုတ်ပါဘူး။ သူတို့ဘာသာသူတို့ ပြောကြဆိုကြပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်သဘောထားတွေလို့ပဲ ကျွန်တော်တို့ မှတ်ယူပါတယ်

**လတ်တလောပြင်ပတွင် ထွက်ပေါ်နေသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အချို့၏ တစ်ဖက်သတ် ကောက်ချက်ချ ဝေဖန်ပြောဆိုနေမှုများ၊ ထိုမှဆက်၍ အခြားသူများကပါ ထင်မြင်ရာကို ဝင်ရောက်ဆွေးနွေးပြောဆိုနေမှုများနှင့် ပတ်သက်၍ နိုဝင်ဘာလ ၂၆ ရက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများထံ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် -**

*ယမန်နေ့မှ အဆက်*

**ဒေါက်တာ မျိုးသန့်တင်**

**[ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ]**

ဒီကိစ္စမှာ ကျွန်တော်တို့ နေပြည်တော်ကို သွားတာကတော့ ဥပဒေအရ ကောင်စီအဟောင်းက သက်တမ်းသုံးနှစ် ပြည့်သွားပြီမို့ ကောင်စီအသစ်ကို ပြန်ပြီးဖွဲ့တယ်။ ဒီကောင်စီအသစ်က သမ္မတရဲ့ရှေ့မှောက်မှာ ကတိသစ္စာပြုဖို့ဆိုပြီး လုပ်ထုံးလုပ်နည်းအရ ကျွန်တော်တို့ သွားတာဖြစ်ပါတယ်။

အဲဒီမှာ ဘယ်သူဘာလုပ်ရမယ်ဆိုတာ ဘာမှကန့်သတ်ချက်မရှိပါဘူး။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က သမ္မတကြီးနဲ့ တွေ့မယ်၊ ကတိသစ္စာပြုမယ်။ ကတိသစ္စာပြုပြီးတော့ သမ္မတကြီးက ကျွန်တော်တို့ကို ပြောကြားတဲ့ကိစ္စလေးတွေ နာယူမယ်။ ဒီကိစ္စမှာ ကျွန်တော်တို့က ပြောစရာ၊ ဆိုစရာရှိလည်း မရှိဘူး။ ညှိလည်း မညှိထားဘူး။ ဒီကိစ္စအတွက်ပဲ သွားတယ်။ ပြီးရင် သမ္မတကြီးက ကျွန်တော်တို့ကို ကော်ဖီနဲ့ဧည့်ခံတဲ့ အခါမှာတော့ အာလာပသလ္လာပ ပြောကြတယ်။

**သူတို့ရဲ့ ကိုယ်ပိုင်သဘောထားတွေလို့ပဲ မှတ်ယူ**

အခု ဒီမှာ ပြောကြ၊ ဆိုကြတယ်ဆိုတာ ကောင်စီရဲ့သဘောထားတစ်ခုမှ မဟုတ်ပါဘူး။ သူတို့ဘာသာသူတို့ ပြောကြဆိုကြပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်သဘောထားတွေလို့ပဲ ကျွန်တော်တို့ မှတ်ယူပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဟာကို သီးခြားထုတ်ပြန်ချက် ထုတ်ရလောက်အောင် ကောင်စီအနေနဲ့ သူတို့ပြောတာ ဆိုတာတွေ ဘာမှ ညှိနှိုင်းထားတာမရှိပါဘူး။ ဒီဟာကို သတင်းထုတ်ပြန်ပြီးတော့ ဟိုဟာ ဒီဟာဖြစ်ဖို့၊ ဒီဟာကို သတင်းအနေနဲ့ အပြင်ကို ပြောကြဆိုကြဖို့ဆိုတာ ဘာမှမရှိပါဘူး။ အဲဒီလို ပြောလာရင်တော့လည်း ကျွန်တော်တို့ ကောင်စီနဲ့ ဘာမှမဆိုင်ပါဘူး။ အဲဒီလို သဘောထားပါတယ်။

ကျွန်တော်တို့ သတင်းမီဒီယာကောင်စီအနေနဲ့ အလွန်အရေးကြီးဆုံး လုပ်ဆောင်ရမယ့်အချက်တစ်ခုရှိပါတယ်။ အခုဆိုရင် ဒုတိယသက်တမ်းသုံးနှစ်စတာပါ။ ပထမသုံးနှစ် သက်တမ်းမတိုင်ခင် ယာယီကောင်စီဖွဲ့ပါတယ်။ ယာယီကောင်စီဖွဲ့တာ ကျွန်တော်တို့ကို အချိန်တစ်နှစ်ပေးပါတယ်။ အခု တာဝန်ယူဆောင်ရွက်နေတဲ့ ဥပဒေကြမ်းရေးဆွဲရတယ်။ ရေးဆွဲပြီးတော့ ဥပဒေနဲ့အတူ ကျင့်ဝတ်တွေကို ရေးဆွဲရတယ်။ အဲဒီအတွက်ကို ဒါကိုဖွဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်အနေနဲ့ စပြီးပါလာတယ်။ ဥပဒေဆွဲတာ တစ်နှစ်ခွင့်ပြုချက်နဲ့ မလုံလောက်ဘဲ သုံးနှစ်ကြာမှ ဥပဒေကို ရပါတယ်။ ရတဲ့ ဥပဒေကို တင်လိုက်တယ်။ တင်ပြီးတော့ ပထမသက်တမ်းမှာတော့ ဒီဥပဒေအရ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ပထမသက်တမ်းမှာ တိုင်ကြားတဲ့ကိစ္စက အဓိကပါ။

ပြီးခဲ့တဲ့သုံးနှစ်မှာ တိုင်ကြားတဲ့ကိစ္စက ကျွန်တော်တို့ရဲ့ အဓိက တာဝန်ပါ။ တိုင်ကြားတဲ့ကိစ္စကို လုပ်ရင်းနဲ့ ကျွန်တော်တို့ အများကြီး စူးစမ်းလေ့လာရပါတယ်။ တကယ့်နယ်ပယ်ထဲမှာ ဖြစ်နေတဲ့ဟာတွေနဲ့ သတင်းနဲ့ ပတ်သက်ပြီး ပြောကြ၊ ဆိုကြ၊ တိုင်ကြားကြ။ ဥပဒေအရလည်း မီဒီယာသတင်းကိစ္စမှန်သမျှ ကျွန်တော်တို့က တာဝန်ယူပြီးတော့ ဟိုဘက်၊ ဒီဘက် ပြေလည်အောင် ဆောင်ရွက်ရမယ်ဆိုတာ ဥပဒေထဲမှာလည်း ပါပါတယ်။ အဲဒီအတိုင်း တော်တော်များများ ကြိုးစားပြီး ဆောင်ရွက်ပါတယ်။

ပထမ စာနယ်ဇင်းကောင်စီယာယီနဲ့ သတင်းမီဒီယာကောင်စီ ကြားကာလမှာ အမှု ၁၀၀ နီးပါး ကျွန်တော်တို့ ဆွေးနွေးဆုံးဖြတ်ခဲ့ရပါတယ်။ အဲဒီမှာ ပြဿနာကြီးကြီးမားမားဖြစ်တာ သိပ်မရှိပါဘူး။ အဲဒီအတွေ့အကြုံနဲ့ ကျွန်တော်တို့က ဥပဒေရလာတယ်။ ကျင့်ဝတ်တွေရတယ်။ ရလာတော့ ပြီးခဲ့တဲ့ သက်တမ်းမှာတော့ ကျွန်တော်တို့ရဲ့အဓိက ရပ်တည်မှုက ဥပဒေရယ်၊ ကျင့်သုံးရမယ့် ကျင့်ဝတ်တွေရယ် ဒီအတိုင်းရပ်တည်ပါတယ်။ အဲဒီတော့ နှစ်ပိုင်းရှိတာပေါ့။ သတင်းမီဒီယာက ရေးပြီး ထွက်လာတဲ့ သတင်းတွေကို သက်ရောက်မှုရှိတဲ့ ပြည်သူ ပြည်သားနဲ့ အဖွဲ့အစည်းပေါင်းစုံ ဒီနှစ်ခုက ပြဿနာရှိလာရင် တိုင်ကြားတဲ့ သဘောမျိုးနဲ့ ဒီလိုတော့ ပြောတယ်၊ ကျွန်တော့် ဂုဏ်သိက္ခာထိပါတယ်ဆိုပြီး တိုင်လာတယ်။ ကျွန်တော်တို့က ဘာကိုကြည့်သလဲဆိုတော့ ပေးထားတဲ့ ဥပဒေရယ်၊ ကျင့်ဝတ်တွေရယ်။ မီဒီယာသမားဆိုရင် ကျင့်ဝတ်ပေါ့။ ကျင့်ဝတ်ကို လိုက်တယ်။ ဥပဒေအတိုင်းသွားတဲ့ မီဒီယာသမားတွေဆိုရင် ကျွန်တော်တို့ ရပ်တည်ပေးပါတယ်။

**ကျင့်ဝတ်နဲ့ ဥပဒေကို ညှိပြီးတော့ ဖြေရှင်းပေး**

ဒီဘက်မှာ သူ့အနေနဲ့ ဂုဏ်သိက္ခာထိခိုက်တယ်ပြောရင်



**ဒေါက်တာ မျိုးသန့်တင်**
**(ဒုတိယဥက္ကဋ္ဌ (၁)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ)**

ကျွန်တော်တို့က ကျင့်ဝတ်နဲ့ ဥပဒေကို ညှိပြီးတော့ ဖြေရှင်းပေးတယ်။ ဥပမာ တစ်ခုဆိုပါတော့။ မီဒီယာမှာ အချက်အလက်တွေရှိတယ်။ ဒီတော့ သူမမှားဘူးဆိုပြီး တင်းခံနေတယ်။ ဟုတ်တယ် မမှားပါဘူး။ ဒါပေမယ့် ဟိုဘက်ကနေ ခံစားနေရတယ်ဆိုရင်တော့ ဗုဒ္ဓဘာသာအစဉ်အလာအတိုင်း ဒီအတွက် ခင်ဗျားတို့ စိတ်မကောင်းဖြစ်တာကို ဝမ်းနည်းပါတယ်ဗျာ။ ဒါလောက်ပြောလိုက်ရင် ဟိုဘက်ကလည်း ကျေနပ်မယ်ဆိုရင် အဲဒီလိုမျိုး ညှိပေးလိုက်တဲ့ ဖြစ်စဉ်လေးတွေလည်း အများကြီးရှိပါတယ်။

အဲဒီလိုနဲ့ ပြေလည်သွားကြတယ်။ ရုံးရောက်၊ ဂတ်ရောက်တာ တော်တော် နည်းပါတယ်။ တချို့ဖြစ်စဉ်တွေပေါ့။ ကျွန်တော်တို့ ဥပဒေက မီဒီယာရော၊ အွန်လိုင်းမီဒီယာရော ကျွန်တော်တို့နဲ့ သက်ဆိုင်ပါတယ်လို့ ပါပါတယ်။ ပါတော့ ဒီကြားထဲမှာ ဥပဒေတွေက ထွက်လာတယ်။ ၆၆ ဃ လို အဲဒါတွေနဲ့ သွားတဲ့အခါမှာ အများအားဖြင့် ကျွန်တော်တို့ဆီ မလာရတော့ဘူး။ ကျွန်တော်တို့ဆီမလာတဲ့ ဖြစ်စဉ် သုံးခု၊ လေးခုလောက် ရှိတယ်။ အဲဒီတော့ ၆၆ ဃ နဲ့ ဟိုဘက်ကို တန်းသွားတဲ့အခါမှာ ဒီဘက်က မီဒီယာသမားတွေက အကူအညီတောင်းပေမယ့် ကျွန်တော်တို့ ဥပဒေအရ ရုံးကို ရောက်သွားတဲ့ကိစ္စတွေဆိုရင် ကျွန်တော်တို့ ဘာမှ ဝင်လို့မရဘူး။ ဟိုဘက် ဒီအမှုကို လက်ခံပြီး စစ်ဆေးနေပြီဆိုရင် ကျွန်တော်တို့က ဘာမှ လုပ်လို့မရဘူး။

အဲဒီလို ဖြစ်စဉ်တွေကိုတောင် ကျွန်တော်တို့ဘက်က အများကြီး ကြိုးစားပြီးတော့ မီဒီယာသမားတွေရဲ့ ကျင့်ဝတ်နဲ့ ဥပဒေအရ ညှိလို့ရမယ့်ဟာမျိုးကို ကြိုးစားပါသေးတယ်။ ဒါပေမယ့်လည်း ထောင်ကျ၊ တန်းကျတော့ ဖြစ်သွားတယ်။ ဖြစ်စဉ်နှစ်ခု၊ သုံးခု လောက်ပေါ့။ အဲဒီလို ထောင်ကျသွားပေမယ့် သက်ဆိုင်တဲ့အဖွဲ့က ကျွန်တော်တို့ဆီကို ဒီလိုကိစ္စကိုတော့ ပြန်ရုပ်သိမ်းပါပြီ ခင်ဗျာ။ ဒီလိုရုပ်သိမ်းတာကိုတော့ ကျွန်တော်တို့ ကိုယ်တိုင်မထုတ်ပြန်တော့ပါဘူး။ ကောင်စီကပဲ ထုတ်ပြန်ပေးပြီးတော့ ကျေအေးသွားပါပြီဆိုပြီး လုပ်လိုက်တဲ့အတွက် ဒီလို ကျေအေးသွားတာတွေလည်း ရှိပါတယ်။

**တတ်နိုင်သလောက် ထောက်ပံ့ပေး**

အခု သင်တန်းကျောင်းတွေ နှစ်ခု၊ သုံးခုလောက် ပေါ်လာတယ်။ ပေါ်လာတဲ့ သင်တန်းကျောင်းတွေကိုလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ထောက်ပံ့ပေးပြီးတော့ မီဒီယာသမားတွေရဲ့ ကျင့်ဝတ်နဲ့ ဥပဒေပေါ်မှာ စောင့်ထိန်းရမယ့် သူတို့ရဲ့ချဉ်းကပ်မှုတွေ ဒါတွေ ကျွန်တော်တို့ လုပ်ပါတယ်။

**သတင်းအမှားတွေ အများကြီးဖြစ်လာ**

သတင်းတု၊ သတင်းမှားတွေကို စိစစ်ထုတ်ပြန်ပေးဖို့က အလွန်ကို အရေးကြီးပါတယ်။ ကျွန်တော်တို့ စပြီးတော့ တိုင်ကြားတာတွေ အများကြီးလုပ်တုန်းအချိန်မှာပဲ သတင်းအမှားတွေနဲ့ ပြည်တွင်းမှာတင်မဟုတ်ဘူး။ နိုင်ငံခြားသတင်းတွေက ပါလာပြီးတော့ တည့်တည့်ပြောရရင် ရခိုင်ကိစ္စမှာ သတင်းအမှားတွေ အများကြီး ဖြစ်လာတယ်။ ဒါ အားလုံးသိပါတယ်။ သတင်းအမှားတွေဖြစ်လာတာ ကျွန်တော်တို့မှာ တာဝန်ရှိတယ်။ သတင်းအမှားကို ပြည်သူတွေအနေနဲ့ သတင်းအမှန်ကို သိအောင်၊ တစ်ကမ္ဘာလုံးလည်း သိအောင် ကျွန်တော်တို့က ပြောရမှာ။ အဲဒီအချိန်မှာ ကျွန်တော်တို့မှာက အတွေ့အကြုံလည်း နည်းသေးတယ်။ နောက်ပြီးတော့ facility တွေကလည်း အခုမှ စတုန်းဆိုတော့ အဲဒါကို ပြီးခဲ့တဲ့ သုံးနှစ်မှာ ချက်ချင်းမကိုင်နိုင်ဘူး။ မကိုင်နိုင်တော့ အားမလို အားမရဖြစ်တယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဆိုတာ သိတယ်။

နောက်ဆုံးကျတော့ ကောင်စီကိုယ်တိုင်က ပြီးခဲ့တဲ့နှစ်က သတင်းသမား ၃၀ လောက်ကို ကျွန်တော်တို့ရဲ့ ကြီးကြပ်မှုနဲ့ ခေါင်းဆောင်ပြီး ရခိုင်ပြည်ဘက်ကို သွားတယ်။ ပြဿနာဖြစ်နေတဲ့ နေရာအားလုံးကို ကျွန်တော်တို့ ရောက်တယ်။ ဟိုဘက်ကလည်း ကူညီကြတယ်။ လိုက်ပြပါတယ်။ လုံခြုံရေးအခြေအနေကြောင့် တစ်နေရာပဲ သွားလို့မရတာ။ အဲဒီမှာ အတွေ့အကြုံက ဘာလဲဆိုတော့ ဒီဟာက ကျွန်တော်တို့ နိုင်ငံအတွက် အလွန်ကို အရေးကြီးတဲ့ ကိစ္စပဲ။ ဒီသတင်းအမှားတွေကို ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ။ ကျွန်တော်တို့နဲ့ ပါလာတဲ့အထဲက အင်တာနက်ကုမ္ပဏီတွေ၊ အွန်လိုင်းကုမ္ပဏီတွေ ပေါ့လေ။ အဲဒီလိုလုပ်နေတဲ့ အဖွဲ့က သုံးယောက်၊ လေးယောက်လောက် ပါလာတယ်။ သုံးယောက်၊ လေးယောက်ဆိုပေမယ့် ကျွန်တော်တို့ အားကိုးရမယ့် လူတွေလို့ သိတယ်။

**Website ထောင်ပြီး ထုတ်ပြန်နိုင်**

ဘာကြောင့်လဲဆိုတော့ အခုဖြစ်တာကလည်း အွန်လိုင်းနဲ့ ဖြစ်တာဆိုတော့ အွန်လိုင်းနဲ့ ပတ်သက်တဲ့ဟာတွေမှာ သူတို့ရဲ့ စီးပွားရေးအရ ဒီသတင်းတွေကို သူတို့က ကြည့်နေရတာ။ အခု ကျွန်တော်တို့က ဒီမှာ စောင့်ကြည့်မှုတွေ လုပ်မယ်ဆိုရင် ဌာနက လူပေါင်းများစွာနဲ့ ကိရိယာများစွာနဲ့ လုပ်နေရမှာ။ အဲဒီမှာ သူတို့နဲ့ တွေ့ပြီး ခင်မင်ရင်းနှီးလာတော့ အထွေအထူးတောင် မလုပ်ရဘူး။ ဒီအထဲမှာ ရှာရင်းဖွေရင်းနဲ့ သတင်းဝင်လာတဲ့အထဲမှာ သတင်းအမှားလို့ထင်ရင် ချက်ချင်း ကျွန်တော်တို့ကို ပြောပါ။ အဲဒီလို သုံး၊ လေးယောက်လောက်က ပြောရင် ကျွန်တော်တို့မှာ ဥပဒေက ပေးထားတာ ဘာရှိသလဲဆိုရင် ထုတ်ပြန်နိုင်တယ်။ ဒီဟာ သတင်းအမှားပါဆိုပြီး ချက်ချင်း Website ထောင်ပြီး ထုတ်ပြန်နိုင်တယ်။

ကျွန်တော်တို့က Website ကိုစပြီး ထူထောင်တာပေါ့။ အဲဒီအဖွဲ့လေးတွေနဲ့ အခြေအနေလေးတွေ ရှိတော့ နည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီးတော့ လုပ်လို့ ရမယ်။ စောင့်ကြည့်လေ့လာရေး အဖွဲ့လေးလုပ်လိုက်မယ်ဆိုပြီး ပြီးခဲ့တဲ့နှစ်က စပြီး လုပ်ခဲ့ပါတယ်။ အဲဒီအဖွဲ့တွေကို ထားပြီးတော့ သတင်းရလာတာနဲ့ ကျန်တဲ့အဖွဲ့တွေကို ဒီလိုတော့ရတယ်၊ ခင်ဗျားတို့ဆီမှာ ဘာအထောက်အထားများ ရှိသလဲ။ သတင်းအမှားလား၊ ဘာလားဆိုတာ။ အထောက်အထားရတာနဲ့ တိုင်းပြည်အတွင်းမှာရော၊ နိုင်ငံတကာကိုရော တင်လိုက်မယ်။ ဥပမာ ဓာတ်ပုံကိစ္စမှာ မဟုတ်တဲ့ ဓာတ်ပုံတွေ၊ လွန်ခဲ့တဲ့ သုံး၊ လေးနှစ်က ဓာတ်ပုံတွေ ဒါကျွန်တော်တို့ဆီမှာ ဖြစ်တယ်ဆိုပြီး ပါသွားရင် အွန်လိုင်းလုပ်နေတဲ့ ကျွန်တော်တို့ မီဒီယာကုမ္ပဏီတွေက သိတယ်။

**စောင့်ကြည့်လေ့လာရေး လုပ်မယ်**

အွန်လိုင်းလုပ်နေတဲ့ မီဒီယာကုမ္ပဏီတွေက သိတယ်ဆိုရင် သူတို့ဆီကယူပြီး ချက်ချင်းတင်လိုက်လို့ရတယ်။ အဲဒါကို ရခိုင်က ပြန်လာပြီးကတည်းက စောင့်ကြည့်လေ့လာရေး လုပ်မယ်ဆိုပြီး အစပျိုးနေတာပါ။ အခုတော့ တရားဝင်လုပ်မယ်။ လုပ်ပြီးတော့မှ ဥပမာကျွန်တော်တို့ဆီက Facility မရှိရင်တောင် ကျွန်တော်တို့ မီဒီယာသမားတွေ Facility ကိုယူပြီးတော့ ဒါကိုလုပ်မယ်။ သတင်းတု၊ သတင်းမှားတွေ ဖြစ်တဲ့ကိစ္စကို အခြေခံသိတာနဲ့ ကြေညာမယ်။ ဒါတစ်ခုကိုလုပ်ထားတယ်။

**ဥပဒေနဲ့ ချက်ချင်း အရေးယူလို့ရ**

သမ္မတကြီးနဲ့ အာလာပသလ္လာပပြောတဲ့အခါမှာလည်း သမ္မတကြီးရဲ့အားပေးမှုတွေရလာတော့ ဒါကို အင်တာနက်တွေ၊ အွန်လိုင်းတွေပေါ်မှာပေါ်လာတဲ့ သတင်းတွေကို ကျွန်တော်တို့ Counter act ဘယ်လိုလုပ်မလဲဆိုတဲ့ အခြေခံက အခုဆိုရင် တော်တော်လေးရှိသွားပါပြီ။ ပြီးခဲ့တဲ့ လေးငါးခြောက်လနဲ့ အခုဆိုရင် လုပ်လို့ရသွားပါပြီ။ နောက်တစ်ခုက လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်ကတည်းက ထုတ်ပြန်လိုက်တဲ့ မြန်မာနိုင်ငံမှာဖြစ်တဲ့ သတင်းတု၊ သတင်းမှားဆိုရင် ကျွန်တော်တို့ရဲ့ ဥပဒေနဲ့ ချက်ချင်း အရေးယူလို့ရတယ်။ ဒါပေမယ့် နိုင်ငံခြားက ထုတ်တဲ့သတင်းတွေဆိုရင် ကျွန်တော်တို့က လုပ်လို့မရဘူး။ ဒါကို ဘယ်လိုလုပ်မလဲဆိုတော့ နိုင်ငံခြားမှာလည်း သတင်းမီဒီယာကောင်စီတွေရှိတယ်။ ကျွန်တော်တို့လည်း သူတို့ရဲ့အသံကို နားထောင်ကြည့်တဲ့အခါမှာ သူတို့က ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်ချင်တယ်။ ချိတ်ဆက်ဆောင်ရွက်ဖို့ သူတို့ကိုယ်တိုင်ကလည်း လာရောက်ချိတ်ဆက်ကြတယ်။

**ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်**

ဥပမာ ထိုင်းက ထွက်တဲ့ သတင်းစာကနေ ကျွန်တော်တို့ရဲ့ သတင်းတု၊ သတင်းမှားတွေ ပါလာရင် ကျွန်တော်တို့က တိုက်ရိုက်လုပ်လို့မရရင် ထိုင်းနဲ့ MoU ထိုးပြီးပါပြီ။ MoU မှာ ဒါတွေပါတော့ MoU အရ ထိုင်းကောင်စီကို ခင်ဗျားတို့ရဲ့ဥပဒေအောက်မှာရှိတဲ့ အဖွဲ့အစည်းတွေက ဒီလိုတွေ လုပ်နေတယ်။ ကူပါဦးဗျာဆိုရင် သူတို့က ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်တယ်။ အဲဒီလမ်းကြောင်းကိုလည်း စနေပါပြီ။ ထိုင်းနဲ့ MoU ထိုးပြီးပြီ။

**Facility တွေနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်မယ်**

စင်ကာပူ၊ အိန္ဒိယတို့နဲ့လည်း MoU ထိုးပြီးပါပြီ။ အခုနီပေါနဲ့ ထိုးပြီးပါပြီ။ ဒီကွန်ရက်ကို အားကိုးပြီးလုပ်ပါတယ်။ ပြန်ချုပ်ရရင် Facility တွေအနေနဲ့ ဝက်ဆိုက်ရှိပါပြီ။ ဝက်ဆိုက်က ချက်ချင်းထုတ်လို့ရပြီ။ ဥပဒေအရ ထုတ်ခွင့်အပြည့်အဝရှိပြီဆိုတော့ ရှိနေတဲ့ Facility တွေနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်မယ်။ လုပ်ရင်လည်း ဖြစ်လောက်တယ်လို့ ကျွန်တော်တို့ သဘောပေါက်တယ်။ ဒါ့ကြောင့် ပြီးခဲ့တဲ့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ပတ်သက်ပြီး ပြောတဲ့အကြောင်းအရာတွေကို လေ့လာပြီး ချက်ချင်းထုတ်ပြန်လိုက်တယ်။ ရတဲ့ Facility က သေးသေးလေးတွေ။ ဒါပေမယ့် ခိုင်လုံတယ်။ သူတို့ကို ကြည့်လိုက်တဲ့အခါမှာ သတင်း ရင်းမြစ်တွေ၊ ဘာတွေမရှိဘဲ ဟိုလူက ကြားလို့၊ ဒီလူက ကြားလို့ဆိုတဲ့ အရေးအသားနဲ့ ရေးလိုက်တာက ကျင့်ဝတ်အရ လုပ်ကို မလုပ်သင့်ဘူး။

ကျွန်တော်တို့ရဲ့ အကြီးဆုံးလက်နက်က ဘာလဲဆိုတော့ ထုတ်ပြန်လိုက်တယ်။ ဒီလို ဒီလိုဖြစ်နေပြီ။ ဒီ မီဒီယာသမားကို သိရင် သူတို့က မဟုတ်တာတွေ လုပ်နေတယ်ဆိုရင် နိုင်ငံတကာမှာတော့ မီဒီယာတစ်ခုက မဟုတ်တာကို ရေးလိုက်တယ်ဆိုရင် သူတို့ကို ထောင်ကျတာထက်ကို သူတို့က နာသေးတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ရဲ့ပုံရိပ်က ပျက်သွားပြီ။ ဒါ့ကြောင့် ထုတ်ပြန်တာက ကျွန်တော်တို့ရဲ့ လက်နက်ပဲ။ ထုတ်ပြန်နိုင်ဖို့အတွက် ဝက်ဆိုက်ရှိပြီ၊ သတင်းမှားဆိုရင် မဟုတ်တဲ့ သက်သေပြဖို့အတွက် အထောက်အထားတွေရအောင် ကြည့်မယ်။

**အတွေ့အကြုံတွေကို ဆွေးနွေးဖလှယ်မယ်**

ဒါကို ကျွန်တော်တို့ လုပ်ပဲ့မယ်။ အဖွဲ့ဖွဲ့ပါမယ်။ အဖွဲ့ဖွဲ့ပြီးမှ သူတို့မှာ ပစ္စည်းဘာညာရှိတယ်။ သတင်းမှားက လိုအပ်တဲ့ သတင်းအချက်အလက်၊ အတွေးအခေါ် ဒါတွေကို ဆွေးနွေးပွဲတွေခေါ်မယ်။ နိုင်ငံခြားက လည်း ဖိတ်ခေါ်မယ်။ ဖိတ်ခေါ်ပြီးတော့ အတွေ့အကြုံတွေကို ဆွေးနွေးဖလှယ်မယ်။ သင်တန်းကျောင်းတွေရှိပြီ။ ဒါပေမယ့် တကယ်အရေးကြီးတဲ့ ဖြစ်စဉ်တွေကိုကျတော့ ဖိုရမ်တွေ၊ ဆွေးနွေးပွဲတွေ လုပ်မယ်။ ဒါ့ကြောင့် ဒီနေရာကို ကျယ်ကျယ်ဝန်းဝန်းလုပ်ထားတယ်။ ကျွန်တော်တို့ အချင်းချင်းရော၊ နိုင်ငံခြားကသူတွေပါ ဝိုင်းကူဆွေးနွေးပြောဆိုကြမယ့် သူတွေရှိတယ်။

**သတင်းတု၊ သတင်းမှားတွေနဲ့ လာလာပြီး ဖိအားပေး**

သတင်းမီဒီယာကောင်စီချင်း လုပ်ထားတာဆိုတော့ သူတို့အနေနဲ့လည်း သွားရ လာရ လွယ်ကူတယ်။ အဲဒီအဆင့်တွေတော့ ရောက်ပါပြီ။ တော်တော့်ကို အလေးထားပြီး လုပ်ပါမယ်။ ကျွန်တော်တို့ရဲ့မူခင်းများ ညှိနှိုင်းဖြေရှင်းမှုကော်မတီက အဓိကဖြစ်သလို ဒုတိယအဓိကအကျဆုံးက သတင်းတု၊ သတင်းမှားပါ။ ဘာ့ကြောင့်လဲဆိုတော့ အားလုံးလည်း သိမှာပါ။ ရခိုင်ကိစ္စနဲ့ ပတ်သက်ပြီး မဟုတ်တဲ့ သတင်းတု၊ သတင်းမှားတွေက ဒုက္ခပေးနေတာ။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရဲ့ရပ်တည်မှုကို ကိုယ်လုပ်နိုင်ရဲ့သားနဲ့ မဟုတ်တဲ့ သတင်းတု၊ သတင်းမှားတွေနဲ့ လာလာပြီး ဖိအားပေးပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေကို လာပြီးထိပါးတာတော့ ကျွန်တော်တို့ လုံးဝလက်မခံပါဘူး။ ကျွန်တော်တို့ ကြိုးစားပါမယ်။

သတင်းမီဒီယာကောင်စီဝင်များ ကတိသစ္စာပြုပွဲမှာ သမ္မတကြီးက မိန့်ခွန်းပြောကြားရာမှာ "နိုင်ငံတကာ အသိုင်းအဝိုင်းအလယ်မှာ ကျွန်တော်တို့အား မွေးဖွားပေးလိုက်တဲ့ အမိနိုင်ငံတော်ရဲ့ပုံရိပ်မြင့်မားလာအောင် ကျွန်တော်တို့ နိုင်ငံသားများရဲ့ ဂုဏ်သိက္ခာပို၍မြင့်တက်လာအောင် သတင်းမီဒီယာစွမ်းအားနဲ့ ပံ့ပိုးပေးနိုင်ကြပါလို့" ပြောကြားမှုအပေါ် ကျွန်တော်တော့ အလွန်ကို ပီတိဖြစ်တယ်။ အားလည်းကိုးသွားတယ်။ သမ္မတကြီးရဲ့ မိန့်ခွန်းမှာပါတဲ့ နောက်ဆုံးအချက်ငါးချက်က ကျွန်တော်တို့ရဲ့ လမ်းပြမြေပုံလိုပဲ။ အဲဒီအပေါ်မှာ ကြည့်ပြီး ဆောင်ရွက်သွားပါမယ်။ ဒါတွေက လမ်းညွှန်တွေလို့ သဘောထားတယ်။ ကျွန်တော်တို့ လုပ်နိုင်သမျှကို လုပ်သွားပါ့မယ်။

*(ဆက်လက်ဖော်ပြပါမည်)*

**တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ နန္ဒာဝင်း**

# အမေရိကန်နယ်စပ်ကိုဖြတ်ကျော်ရန်ကြိုးစားသည့် ရွှေ့ပြောင်းနေထိုင်သူ ၆၉ ဦးကို ဖမ်းဆီး

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန်နယ်စပ်လုံခြုံရေး အာဏာပိုင်များသည် အမေရိကန်နယ်စပ်ကို တရားမဝင်ဖြတ်ကျော်ရန်ကြိုးပမ်းကြသော ရွှေ့ပြောင်းနေထိုင်သူ ၆၉ ဦး ကိုဖမ်းဆီးခဲ့ကြောင်း သိရသည်။ မက္ကဆီကိုနိုင်ငံဘက်ခြမ်း တီဂွါန်နာမြို့မှနေ၍ အမေရိကန်နိုင်ငံဆန်တီယာဂိုဘက်သို့ အတင်းဝင်ရောက်ရန် ကြိုးပမ်းကြသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၆၉ ဦးကို တနင်္လာနေ့ကဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပြီး တချို့သူများမှာ အမေရိကန်အရာရှိများကို အကြမ်းဖက်မှုများပြုလုပ်၍ ဖမ်းဆီးခံရခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်ပတ်အတွင်း ဗဟိုအမေရိကမှ ရွှေ့ပြောင်းအခြေချနေထိုင်သူများ တီဂွါန်နာမြို့သို့ စတင်ရောက်ရှိပြီးချိန်မှစ၍ အမေရိကန်ဘက်မှ ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ရွှေ့ပြောင်းဒုက္ခသည်အများစုမှာ ဟွန်ဒူးရပ်စ်မှဖြစ်ပြီး ဗဟိုအမေရိက နိုင်ငံများမှ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် ထွက်ပြေးလာကြသူများ ဖြစ်ကြသည်။ ဆန်တီယာဂိုသို့ ဝင်ရောက်ရန်အတင်းကြိုးပမ်းကြသော ရွှေ့ပြောင်းဒုက္ခသည် ၁၀၀၀ ခန့်ကို လူစုကွဲရန် အမေရိကန်ဘက်မှ မျက်ရည်ယိုဗုံးများ အသုံးပြုခဲ့ပြီး နယ်စပ်ဖြတ်သန်းခွင့်ကိုလည်း နာရီပေါင်းများစွာ ပိတ်ထားခဲ့သည်။

ရွှေ့ပြောင်းဒုက္ခသည် လူအုပ်ကြီးကို လူစုခွဲရန်အတွက် နယ်စပ်လုံခြုံရေးအရာရှိများသည် မျက်ရည်ယိုဗုံးများကိုအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က တနင်္လာနေ့က အိမ်ဖြူတော်၌ သတင်းထောက်များကို ပြောခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်မျှ တရားဝင်ခွင့်ပြုချက်မရဘဲ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်မရှိဟု သမ္မတထရမ့်က ပြောခဲ့သည်။



အမေရိကန်နိုင်ငံအတွင်းဝင်ရောက်ရန် ကြိုးပမ်းနေကြသော ရွှေ့ပြောင်းဒုက္ခသည်များကို တွေ့ရစဉ်။

အကယ်၍ လွှတ်တော်မှ နယ်စပ်တံတိုင်းဆောက်ရန် ရန်ပုံငွေကိုခွင့်ပြုမပေးပါက နယ်စပ်ကိုအမြဲပိတ်ထားကောင်းပိတ်ထားနိုင်သည်ဟု ထရမ့်ကပြောသည်။ မက္ကဆီကိုအစိုးရကလည်း ရွှေ့ပြောင်းဒုက္ခသည်များသည် အမေရိကန်ဘက်သို့အတင်းဝင်ရောက်ရန် ကြိုးပမ်းပြီးနောက် မက္ကဆီကိုဘက်ပြန်ရောက်သည့်အခါ၌လည်း လူပေါင်း ၉၈ ဦးကို ထိန်းသိမ်းခဲ့ကြောင်း၊ ထိုလူများကိုနေရပ်သို့ပြန်ပို့မည်ဖြစ်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကားအစိတ်အပိုင်းထုတ်လုပ်ရေးကုမ္ပဏီ၏ အလုပ်နေရာလျှော့ချခြင်းအတွက် ထရမ့် စိတ်မကောင်းဖြစ်

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန်၏ ကားအစိတ်အပိုင်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဂျင်နရယ်မော်တော်မှ အလုပ်နေရာထောင်ပေါင်းများစွာလျှော့ချခြင်းအတွက် စိတ်မကောင်းဖြစ်ရကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောခဲ့သည်။ ကားအစိတ်အပိုင်းထုတ်လုပ်ရေးကုမ္ပဏီက စက်ရုံခုနစ်ရုံကိုပိတ်သိမ်းရန်ရှိသည်ဟု ကြေညာခဲ့သည်။ သမ္မတ ထရမ့်က စက်ရုံများကို မူလအတိုင်းပြန်ဖွင့်စေလိုသည်ဟု အိမ်ဖြူတော်၌ ပြောကြားခဲ့သည်။ ကုမ္ပဏီကို ဖိအားများလည်းပေးထားကြောင်း ထရမ့်က ပြောသည်။

ဂျင်နရယ်မော်တော် ကုမ္ပဏီ၏ကြေညာချက်သည် ထရမ့်အစိုးရကို အံ့သြသွားစေခဲ့သည်။ အဆိုပါကုမ္ပဏီသည်အမေရိကန်တွင် အလုပ်နေရာအများအပြားကို ဖန်တီးပေးထားသည်။ သမ္မတထရမ့်က ကနေဒါနှင့်မက္ကဆီကိုတို့နှင့် လွတ်လပ်စွာကုန်သွယ်ရေးစာချုပ် (နဖ်တာ) စာချုပ်ကိုပြန်လည်ညှိနှိုင်းခဲ့ပြီး အမေရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီများအပေါ် အခွင့်အရေးများပေးခဲ့သည်။ ဂျင်နရယ်မော်တော် ကုမ္ပဏီသည် လာမည့်နှစ်အတွင်း ကနေဒါနိုင်ငံ အိုရှာဝါမြို့ရှိ စက်ရုံ၊ အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်ရှိ စက်ရုံနှင့် အိုဟိုင်းယိုးပြည်နယ်ရှိ စက်ရုံတို့ကိုပိတ်ပစ်မည်ဟု ကြေညာခဲ့ပြီး အခြားစက်ရုံလေးရုံမှာလည်း ပိတ်တော့မည့်အခြေအနေတွင် ရှိနေသည်။

**အေအက်ဖ်ပီ**


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

# ဘရီးဇစ် စာချုပ်အတွက် မဲပေးပွဲ ဗြိတိန်ပါလီမန်တွင် ဒီဇင်ဘာလအတွင်း ကျင်းပသွားမည်

**လန်ဒန် နိုဝင်ဘာ ၂၇**

ဘရီးဇစ်စာချုပ်အတွက် ဗြိတိန်ပါလီမန်တွင် မဲပေးပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ပြုလုပ်မည်ဟု ရည်ရွယ်ထားကြောင်း ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေက တနင်္လာနေ့တွင်အတည်ပြုပြောကြားခဲ့သည်။

ဘရီးဇစ်စာချုပ်သည် ဗြိတိန်ပြည်သူများ၏ အလုပ်အကိုင်များကို အကာအကွယ်ပေးနိုင်ခြင်းရှိမရှိ ဆုံးဖြတ်ရန်အတွက် လွှတ်တော်အမတ်များက လွှတ်တော်တွင် အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က ပြုလုပ်သော ဘရီးဇစ်ထိပ်သီးအစည်းအဝေးတွင် ဥရောပခေါင်းဆောင်များက ထရီဆာမေ၏ ဘရီးဇစ်စာချုပ်ကို ထောက်ခံပေးခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လတွင် တိုင်းပြည်၌ လူထုဆန္ဒခံယူပွဲကျင်းပပြီး ဗြိတိန်ပြည်သူများမှ ဒီမိုကရေစီနည်းကျကျ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် ယခု ဘရီးဇစ်စာချုပ်မှာ ဗြိတိန်အတွက် မှန်ကန်သော စာချုပ်တစ်ခုဖြစ်ကြောင်း ထရီဆာမေကပြောသည်။

ဗြိတိန် အောက်လွှတ်တော်တွင် ဘရီးဇစ်စာချုပ်ကို မကျေမချမ်းဖြစ်နေကြသော လွှတ်တော်အမတ်များကို လက်ခံလာအောင် စည်းရုံးရမည့်စိန်ခေါ်မှုရှိသည့်အတွက် တနင်္လာနေ့အထိ ထရီဆာမေမှာ ခက်ခဲသည့် စိန်ခေါ်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

ထရီဆာမေ၏ အတိုက်အခံဖြစ်သူ လေဘာပါတီမှ ဂျရယ်မီကော်ဘိုင်ကမူ ထရီဆာမေ၏ ဘရီးဇစ်စာချုပ်မှာ ဖြစ်ကတတ်ဆန်းအလုပ်ဟု ပြောခဲ့ပြီး ဗြိတိန်နှင့် ဥရောပသမဂ္ဂများကြား ဆွေးနွေးညှိနှိုင်းမှုမှာလည်း အောင်မြင်မှုမရှိဟု ပြောခဲ့သည်။ တနင်္ဂနွေနေ့က ဥရောပခေါင်းဆောင်များ လက်ခံခဲ့သော ဘရီးဇစ်စာချုပ်သည် ၂၀၁၆ခုနှစ်က လူထုဆန္ဒခံယူပွဲတွင် မဲပေးခဲ့ကြသော ပြည်သူများကို သစ္စာဖောက်ရာရောက်ကြောင်း၊ ဗြိတိန်အောက်လွှတ်တော်သည် အဆိုပါစာချုပ်ကိုပယ်ချသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**


ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ။

# ယူကရိန်းဒေသအချို့တွင် ညမထွက်ရ အမိန့်ထုတ်ပြန်

**ကီယက်ဗ် နိုဝင်ဘာ ၂၇**

ရုရှားက ပင်လယ်နက်အတွင်း ယူကရိန်းရေတပ်သင်္ဘောသုံးစင်းနှင့်အတူ ဝန်ထမ်းများကို ဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက် ယူကရိန်းနိုင်ငံအတွင်းရှိ အချို့ဒေသများတွင် ညမထွက်ရအမိန့်ထုတ်ပြန်ရေး ယူကရိန်းသမ္မတ ပီထရို ပေါ်ရိုရှန်ကို၏ အဆိုပြုချက်ကို လွှတ်တော်ကအတည်ပြုပေးလိုက်ကြောင်း သိရသည်။

ရုရှားနှင့်ယူကရိန်းကြား ၂၀၁၄ ခုနှစ် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း ယခုကဲ့သို့ ညမထွက်ရ အမိန့်ထုတ်ပြန်လိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။ ရုရှားတို့၏ သွေးအေးစွာနှင့် အရှိန်မြှင့်ကျူးကျော်ရန်စမှုလုပ်ရပ်ကို ကာကွယ်ရန် ယခုကဲ့သို့ နိုင်ငံတကာဥပဒေအရ ညမထွက်ရအမိန့်ထုတ်ပြန်လိုက်ခြင်းသည် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစနစ်ကို ပိုမိုအားကောင်းလာစေကြောင်း သမ္မတ ပေါ်ရိုရှန်ကိုက ပြောသည်။ ထို့အပြင် ယူကရိန်းနိုင်ငံက နိုင်ငံတကာ လိုက်နာရမည့် တာဝန်ဝတ္တရားများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သမ္မတ ပေါ်ရိုရှန်ကိုက ဆက်လက်ပြောကြားခဲ့သည်။

ယခုထုတ်ပြန်လိုက်သည့် ညမထွက်ရအမိန့်သည် ရက်ပေါင်း ၃၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရပြီး ဒီဇင်ဘာလအတွင်း ကျင်းပမည့် ရွေးကောက်ပွဲအတွက် အတိုက်အခံများ၏ တောင်းဆိုချက်ကို တစ်နည်းအားဖြင့် လိုက်လျောပေးလိုက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ယူကရိန်းရေတပ်သင်္ဘောသုံးစင်းကို ရုရှားတို့က ပင်လယ်နက်အတွင်း ဖမ်းဆီးထိန်းသိမ်းလိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ရုရှားတို့၏ လုပ်ရပ်သည် ယူကရိန်းနိုင်ငံ၏ အချုပ်အခြာကို ထိပါးနှောင့်ယှက်ခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုသည် လူ့အခွင့်အရေးကို ချိုးဖောက်ကြောင်း ဂူတာရက်စ်ပြော

**ဂျီနီဗာ နိုဝင်ဘာ ၂၇**

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုသည် အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်စေရုံတင်မဟုတ်ဘဲ လူ့ကျင့်ဝတ်သိက္ခာအရ စော်ကားသည့်သဘောသက်ရောက်ကြောင်း၊ ထို့အပြင် လူ့အသိုင်းအဝိုင်းတွင်လည်း ရှက်စရာကောင်းသည့် လုပ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မကြာသေးမီတွင် ပြောကြားလိုက်သည်။

အဆိုပါ အကြမ်းဖက်လုပ်ရပ်များသည် တန်းတူညီမျှမှုရှိပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အဟန့်အတားများဖြစ်ကြောင်း ဂူတာရက်စ်က တနင်္ဂနွေနေ့တွင် ကျရောက်သည့် နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးသဝဏ်လွှာတွင် ရေးသားဖော်ပြခဲ့သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ကျူးလွန်သည့်အကြမ်းဖက်မှုများသည် ထောက်ထားညှာတာမှုကင်းမဲ့ခြင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများက အမျိုးသားများနှင့် တန်းတူအခွင့်အရေးရှိသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုရန် ပျက်ကွက်ရာ ရောက်နေကြောင်း၊ ယင်းက လူမှုအသိုင်းအဝိုင်းအတွင်း အာဏာနှင့် ချုပ်ကိုင်မှုတို့အကြား ကျယ်ပြန့်သည့် ကိစ္စရပ်များနှင့် ဆက်နွှယ်နေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ဆက်လက်ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၅ ရက်မှစကာ ၁၆ ရက်တာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုကို နိုင်ငံတစ်ဝန်း အမျိုးသမီးများရေး လှုပ်ရှားသူများက ဦးဆောင်ကျင်းပလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဘားအံမြို့ ကျက်သရေဆောင် သေဠမာရ်အောင်ဘုရား (၁၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်

**ဘားအံ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့၏ အထင်ကရ ကျက်သရေဆောင် သေဠမာရ်အောင် ဘုရားကြီးတွင် မြို့ပေါ်ကျောင်းတိုက်များ၌ သီတင်းသုံး နေထိုင်တော်မူကြသော ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင်များကို ဆန်၊ ဆီ၊ဆေး၊ဆားအစရှိသည့် လှူဖွယ်ပစ္စည်းများကို နှစ်စဉ်မပြတ်လောင်းလှူပူဇော်ခဲ့ကြရာ နိုဝင်ဘာ ၂၅ ရက်က (၁၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူ ပူဇော်ပွဲကို အဆိုပါ ဘုရားကြီးပရဝဏ်အတွင်း၌ ကျင်းပသည်။



သေဠမာရ်အောင်ဘုရားကြီး၏ (၁၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ဘုန်းတော်ကြီးကျောင်း ၆၅ ကျောင်းမှ ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ သာမဏေ ၁၇၆၇ ပါး၊ သီလရှင်ကျောင်း ၁၄ ကျောင်းမှ သီလရှင် ၆၃၈ ပါး၊ သံဃာနှင့်သီလရှင် စုစုပေါင်း ၂၄၀၅ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘားအံမြို့ပေါ်မှ သာသနာ့နွယ်ဝင် စေတနာရှင်ပြည်သူများ၊ ဘားအံမြို့မဈေးနှင့် စံပြဈေးတို့မှ ဈေးသူဈေးသားများက ဆန်၊ ဆီ၊ ဆေး၊ ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၂၇**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ပုသိမ် )၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် ( ၂ ) သင်တန်းဆင်းအောင်လက်မှတ်ပေးခြင်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၃)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၈)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် ( ၇ ) သင်တန်းများ ဖွင့်ပွဲကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မူဝါဒလေးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် တတ်မြောက်ထားသည့် ပညာရပ်များနှင့် လုပ်ငန်းခွင်ဝင်ရောက်ချိန် လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးချခြင်းဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဦးက သင်တန်းဖွင့်လှစ်ပေးမှု အစီအစဉ် နှင့် သင်တန်းအတွက် ထောက်ပံ့ပေးနိုင်မှုများ ရှင်းလင်းပြောကြားကာ ဟိုတယ်ဝန် ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းအောင်လက်မှတ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

**တိုင်းဒေသကြီး( ပြန်/ဆက်)**



# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း အခြေခံအိမ်တွင်းမှုသင်တန်း ဖွင့်လှစ်

**လွိုင်ကော် နိုဝင်ဘာ ၂၇**

လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမတွင် ကျင်းပသော အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၇၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၅၁)၊ ကယားရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ်(၁၆)နှင့် အခြေခံသိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၁၃) ဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေက နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှုသက်မွေး ပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီ ဆောင်ရွက်ပေးရန် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများ ဖြစ်လာစေရန် တိုင်းချစ်၊ ပြည်ချစ် အမျိုးချစ်စိတ် အစဉ်ရှင်သန်ထက်မြက်နေသည့် အမျိုးသမီးလေးများဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု အတတ်ပညာရပ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရန်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သင်တန်းသူများအား သင်ကြားပို့ချပေးမည့် နမူနာလက်ရာများကို လှည့်လည်စစ်ဆေးခဲ့ပြီး အဆိုပါသင်တန်းကို ၂၆-၁၁-၂၀၁၈ ရက်မှ ၁-၃-၂၀၁၉ ရက်အထိ ရက်သတ္တ ၁၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**

# မြိတ်မြို့တွင် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်(ငါး၊ ပုစွန်) စစ်ဆေးမည့် FOB စစ်ဆေးရေး One Stop Service ဆိပ်ခံတံတား ဖြစ်ပေါ်ရေး ညှိနှိုင်းဆွေးနွေး

**မြိတ် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ရေလုပ်ငန်းဖွံ့ဖြိုးသော ဒေသတစ်ခုဖြစ်ပြီး ရေထွက်ပစ္စည်း ပြည်ပပို့ကုန်(ငါး၊ ပုစွန်)များကို စစ်ဆေးမည့် FOB စစ်ဆေးရေး One Stop Service ဆိပ်ခံတံတား တစ်စင်း လိုအပ်လျက်ရှိရာ စီမံကိန်း ရေးဆွဲရာ၌ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆိပ်ခံတံတားတစ်စင်း ဆောင်ရွက်ရန်အတွက် နိုဝင်ဘာ ၂၅ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ကျွန်းရတနာ ခန်းမတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြိတ်ဒေသသည် ရေလုပ်ငန်းဖွံ့ဖြိုးသောဒေသတစ်ခုဖြစ်ပြီး ကမ်းဝေးငါးဖမ်းရေယာဉ် အစင်း ၁၁၀၀ ကျော်နှင့် ကမ်းနီးငါးဖမ်းရေယာဉ် အစင်း ၅၂၀၀ ခန့်ဖြင့် အခြေပြုလုပ်ငန်း လုပ်ကိုင်လျက်ရှိကာ ရေထွက်ပစ္စည်း ပြည်ပပို့ကုန် (ငါး၊ပုစွန်)များကို လစဉ်ပြည်ပသို့ ကုန်ချိန်တန် ၈၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ၁၀ သန်းကျော် တင်ပို့ဆောင်ရွက်လျက်ရှိကြောင်း မြိတ်(FOB)ကြီးကြပ်စစ်ဆေးရေးအဖွဲ့မှ သိရသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ရေထွက်ပစ္စည်း ပြည်ပပို့ကုန်များကို ဆိပ်ခံတံတားတွင် အဖွဲ့စုံမှ စစ်ဆေးဆောင်ရွက်နိုင်ပါက ပိုမိုထိရောက်ပြီး နိုင်ငံအတွက်အကျိုးရှိ နိုင်ကြောင်း၊ ငါးလှေအဝင်အထွက် တံတားကောင်းကောင်း မရှိသည့်အတွက် အမှန်တကယ်လိုအပ်လျက်ရှိရာ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တံတားတစ်စင်း ပေါ်ပေါက်လာအောင် ဌာနဆိုင်ရာများ၏ အကြံပြုချက်များဖြင့်ဆောင်ရွက်ပါက စီမံကိန်းရေးဆွဲသည့်နေရာတွင် အထောက်အကူဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းလွင်က မြိတ်မြို့တွင် FOB စစ်ဆေးရေး One Stop Services ဆောင်ရွက်ရာတွင် စစ်ဆေးရေးအဖွဲ့မှ ငါးလှေများကို စစ်ဆေးဆောင်ရွက်သည့် အခက်အခဲများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး ဆိပ်ကမ်းအရာရှိ ဦးမြတ်စိုးဝင်းက မြိတ်မြို့တွင်ရှိသော အစိုးရဆိပ်ခံတံတားနှင့် ပုဂ္ဂလိက ဆိပ်ခံတံတားများ အသုံးပြုမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ရေထွက်ပစ္စည်း ပြည်ပပို့ကုန် (ငါး၊ပုစွန်)လှေများ ဆိုက်ကပ် စစ်ဆေးခံဆောင်ရွက်မည့် ဆိပ်ခံတံတားတစ်စင်း ဆောင်ရွက်ရန် တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး၊ ခရိုင်အုပ်ချုပ် ရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြေပြင် ကွင်းဆင်း ကြည့်ရှုခဲ့ကြသည်။

ဆိပ်ခံတံတားတွင် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်များကို စစ်ဆေးဆောင်ရွက်ပေးနိုင်ပါက စနစ်တကျ စစ်ဆေးဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုတွင်း ဆောင်ရွက်ပေးနိုင်ခြင်း၊ ငါးပုစွန်အရည်အသွေး လျော့ကျမှုနည်းပါးခြင်း၊ အချိန်မရွေး စစ်ဆေးဆောင်ရွက်နိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီး မြိတ်ဒေသ၏ ရေထွက်ကုန်ပစ္စည်းတင်ပို့ခြင်းလုပ်ငန်းကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ (တောင်ကြီး)ဖွင့်ပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်၊ MPTတို့နှင့် ပူးပေါင်းကျင်းပသည့် MPT လူငယ်ဘောလုံးပွဲတော်နှင့် MPT အသက် ၁၄ နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ(တောင်ကြီး)ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်က ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြန်မာနေရှင်နယ်လိဂ် စီမံခန့်ခွဲရေးအရာရှိချုပ် ဦးဆူးအောင်နှင့် MPTနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ နည်းပြဆရာ ဆရာမများ၊ ယူ ၁၄ လူငယ်ဘောလုံးအသင်း ၁၂ သင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဧည့်သည်တော်များနှင့်အတူ လူငယ်ဘောလုံးပွဲတော်တွင် ပါဝင်ကြမည့် ကလေးငယ်များနှင့် ယူ ၁၄ ဘောလုံးပြိုင်ပွဲဝင်မည့်အသင်းသားများကို ကွင်းအတွင်းလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ ပြိုင်ပွဲများကျင်းပ

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ မျိုးချစ်စိတ်ရှင်သန်ထက်မြက်စေရန်နှင့် အမျိုးသားအောင်ပွဲနေ့ ပေါ်ပေါက်လာပုံကို သိရှိနားလည်စေရန် ရည်ရွယ်၍ (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အင်းစိန်မြို့နယ် အလက (၆) အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်(အင်းစိန်) မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံနှင့် အမျိုးသားအောင်ပွဲနေ့သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ဒေးဒရဲ**

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခြေခံပညာမူလတန်းကျောင်း (မြို့မ)မှ ကျောင်းသား ကျောင်းသူ ၁၇ ဦးက အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး (၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲများကို အခြေခံပညာမူလတန်းကျောင်းများဖြစ်သည့် ဈေးကြီး၊ အလယ်ပိုင်း၊ ဗိုလ်တဲကျောင်းများနှင့် ပူးပေါင်း၍ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရှင်မတောင်ဒေသထွက် သနပ်ခါးများ ဈေးနှုန်းအသင့်အတင့်သာ ရောင်းချနေရ

**ပခုက္ကူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးများ ဈေးနှုန်းကြီးမြင့်မှုမရှိဘဲ ဈေးနှုန်းအသင့်အတင့်သာ ရောင်းချနေရကြောင်း၊ ၁၀ နှစ်ကျော်သက်တမ်း သနပ်ခါးများသာ ရောင်းချနေသည့် ပခုက္ကူမြို့မဈေးကြီး အနောက်ဘက် ဦးမေဃကျောင်းဝင်းဇရပ်တွင် ရောင်းချနေသည့် သနပ်ခါးပင်၊ သနပ်ခါးတုံး ရောင်းဝယ်ရေး ပွဲစားများထံမှ သိရသည်။

အဆိုပါ သနပ်ခါးရောင်းဝယ်ရေးပြုလုပ်နေသည့် ဦးမေဃကျောင်းဝင်းဇရပ်ရှိ သနပ်ခါးဈေးသည် ၁၀၀ နီးပါးရှိပြီး သနပ်ခါးရောင်းဝယ်ရာတွင် ရေစကြိုမြို့နယ် ရှင်မတောင်ဒေသထွက် သနပ်ခါးပင်၊ မြိုင်မြို့နယ် ကန်နီရွာ၊ ဗောက်ပင်ရွာထွက် သနပ်ခါးပင်များ၊ ပေါက်မြို့နယ်ထွက် သနပ်ခါးပင်များသည် အရည်အသွေးကောင်းမွန်ပြီး အသွေးခံခြင်း လိမ်းခြယ်ရာတွင် မွှေးရနံ့ကြိုင်လှိုင်သင်းပျံ့ခြင်းများကြောင့် မြန်မာပြည်တစ်လွှား နာမည်တစ်လုံးဖြင့် ရပ်တည်နေသောသနပ်ခါးဖြစ်ကြောင်း ၁၀ နှစ်ကျော်သက်တမ်း သနပ်ခါးများသာ လိုက်လံဝယ်ယူပြီး ဈေးကွက်အတွင်း ပြန်လည်ကာ ရောင်းချနေသည့် သနပ်ခါးပွဲစား ဦးသိန်းလွင်ဦးက ပြောသည်။



ကျွန်တော်တို့ ဦးမေဃကျောင်းဝင်းဇရပ်မှာ ရောင်းချနေသည့် သနပ်ခါးသည်မှန်သမျှ အကြံအဖန်ရောင်းချ၍ မရကြောင်း၊ ၁၀ နှစ်ကျော်အထက် သနပ်ခါးများသာ ရောင်းချနေခြင်းကြောင့် ယခု ဒီသနပ်ခါးပွဲစားတန်းသည် နာမည်ရရှိနေခြင်းဖြစ်ကြောင်း၊ လက်လီလက်ကား တစ်နိုင်ငံလုံး အာမခံပြီး ရောင်းချရဲကြောင်း၊ သနပ်ခါးတုံးပုံမှန်မှာ တစ်ပေခွဲအရှည်များသာဖြစ်ပြီး ရောင်းချပေးကာ ဝယ်ယူသူမှ ဖြတ်ခိုင်းသလောက် ဖြတ်ပေးလေ့ရှိကြောင်း၊ တစ်ပေခွဲအရှည် သနပ်ခါးအတုံးများအား ငွေကျပ် ခုနစ်ထောင်မှ အနည်းဆုံး နှစ်ထောင်အထိ ဈေးအမျိုးမျိုးရှိကြောင်း သနပ်ခါးရောင်းချနေသည့် ဒေါ်ယုဝေကပြောကာ ယခုအခါ စိုက်ပျိုးရေးသနပ်ခါးမျိုး ပေါ်နေကြောင်းနှင့် ရှင်မတောင်၊ မြိုင်၊ ပေါက်ဒေသထွက် သနပ်ခါးများထက် အပွေးထူကြောင်း၊ ဝယ်ယူသူအကြိုက်ဖြစ်ပြီး အရည်အသွေးမှာ မိမိဒေသထွက် သနပ်ခါးနှင့် အတော်ကွာခြားကြောင်း ၎င်းက ဆက်လက်ပြောသည်။ အရည်အသွေးကောင်းသနပ်ခါးလည်းဈေးနှုန်း အသင့်အတင့်သာ ရောင်းချနေရကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ကြံစိုက်တောင်သူများ ထွက်နှုန်းကောင်းမွန်ရေး ကွင်းဆင်းပညာပေး

**ရေတာရှည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကြံစိုက်တောင်သူများအား အထွက်နှုန်းကောင်းမွန်ရေးနှင့် မြေဆီသြဇာစနစ်ကျစွာ သုံးစွဲတတ်ရန် တွေ့ဆုံပညာပေးဆွေးနွေးခြင်းကို နိုဝင်ဘာ ၂၅ ရက်က ဝါးရုံတောကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာအနီး ကွင်းအမှတ် ၆၇၆ ၌ ပြုလုပ်ခဲ့သည်။

"ကျွန်မတို့နိုင်ငံမှာ ကြံတစ်ဧကကို ပျမ်းမျှ တန် ၂၀ ပဲထွက်တယ်။ ထိုင်းနိုင်ငံမှာဆိုရင် တန် ၅၀ လောက် ထွက်ပါတယ်။ ရေခံမြေခံအတူပါပဲ။ ဘာတွေကွာသွားသလဲဆိုတော့ မြေပြုပြင်မှု ခေတ်မီ နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်တယ်။ မြေဆီသြဇာအချိုးကျ သုံးစွဲနိုင်တာ တွေ့ရတယ်။ သဘာဝမြေဆီသြဇာကို တိုးမြှင့်သုံးစွဲ ကြဖို့လိုပါတယ်။ သဘာဝမြေသြဇာထဲမှာဆိုရင် လင်းနို့ချေးဟာ အကောင်းဆုံး ဖြစ်ပါတယ်"ဟု Super Star One Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ဥမ္မာဦးက ရှင်းလင်းပြောကြားသည်။



ထို့အပြင် လုပ်ငန်းခွင်တွင် အလုပ်သမား ရှားပါးမှုပြဿနာဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ရေး၊ ဒေသနှင့် ကိုက်ညီမှုရှိသည့် စက်ကိရိယာများ ရွေးချယ်နိုင်ရန် တက်ရောက်လာသော ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး ကြံခုတ်သိမ်းသည့် ကိရိယာဖြင့် ကြံခုတ်သိမ်းမှုများကို တက်ရောက်လာသော တောင်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သန်းလွင်**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၅၀ ကျပ် | ၁၀၆၀/၁၀၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၂၀/၁၀၅၅ ကျပ် | ၁၀၇၅/၁၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၀/၉၁၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၆၀ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၃ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၂ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၄ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၁၅ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၆ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၃၅ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၂၁၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ · ၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ · ၁၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၅၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm



# "ဝဲ"ဟု အမည်ပေးထားသည့်သီချင်းအပေါ် အဓိပ္ပာယ်ဖွင့်လိုက်သည့် မယ်ရီ

"ဝဲ" တေးသီချင်းနှင့် ပရိသတ်အချစ်တော်ဖြစ်ခဲ့သူ အဆိုတော် မယ်ရီအနေဖြင့် ပထမဆုံးတစ်ကိုယ်တော်ခွေဖြစ်သည့် "Mid Night Thoughts" ဟု အမည်ပေးထားသည့် တေးစီးရီးကို Bo Bo Music တေးထုတ်လုပ်ရေးမှ ဒီဇင်ဘာ ၂ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"မယ်ရီရဲ့ တစ်ကိုယ်တော်ခွေထဲမှာ သီချင်းသစ်တွေရော အဟောင်းတွေပါရော ပါပါတယ်။ အရင်ဆိုနေကျ "ဝဲ" ဆိုတဲ့ သီချင်းက ခမ်းခမ်းနားနားဘက်ကို သွားထားတယ်။ ကြားလိုက်တာနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်သွားတယ်။ ကိုယ့်ရဲ့အသံကြောင့် သီချင်းရွေးချယ်မှုအပိုင်းမှာလည်း အခက်တွေ့ရပါတယ်။ တချို့တေးရေးဆရာနဲ့ သူများတွေ အဆင်ပြေနေချိန်မှာ ကိုယ်ဆိုကြည့်လိုက်တော့ မအပ်စပ်တာတွေရှိတယ်။ မယ်ရီအသံနဲ့လိုက်တဲ့သီချင်းတွေလည်း ရွေးရပါတယ်"ဟု တေးသံရှင် မယ်ရီက ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်း ၁၃ ပုဒ်ပါဝင်ပြီး တေးရေးဆရာ ညီညီ၊ ရဲရင့်မြင့်မိုရ်၊ မယ်ရီတို့က ရေးသားပေးထားကြသည်။ ယင်းအခွေတွင် အလွမ်းရသများ ပါဝင်ပြီး ကြီးကျယ်ခမ်းနားသည့် သီချင်းများ ပြန်လည်ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

"Mid Night Thoughts" လို့ ပေးထားတယ်။ သန်းခေါင်ယံအတွေးများပေါ့နော်။ ညဘက်အချိန်မှာ နားထောင်တဲ့ သီချင်းလည်း ဖြစ်တယ်။ မယ်ရီ ခေါင်းထဲမှာ တွေးနေတဲ့အရာတွေကို အေးအေးဆေးဆေး ရေးထားတာတွေပါတယ်။ တစ်ယောက်တည်း Feel ဖြစ်နေချိန်မှာ ငြိမ်ငြိမ်လေး နားထောင်ရတယ်။ အလွမ်းသီချင်းလေးတွေ ပိုများပါတယ်၊ "ဝဲ" ဆိုတဲ့ အဓိပ္ပာယ်က ကောင်လေးတစ်ယောက်အပေါ် တဝဲလည်လည်ဖြစ်နေတဲ့ ကောင်မလေးတစ်ယောက်အဖြစ်ကို သီချင်းအဖြစ် ဖန်တီးပြီး ဆိုထားတာပါ"ဟု ၎င်းက ထပ်မံပြောကြားသည်။ **ကိုလင်း**

# အဆိပ်ရှိလူရိုင်းဇာတ်ကားကြီးထဲမှာ ကာရိုက်တာ တစ်မျိုးနှင့်မြင်ရမည့် ခါရာ



နိုဝင်ဘာ ၃၀ ရက်တွင် ရုံတင်ပြသမည့် "အဆိပ်ရှိ လူရိုင်း" ရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင် ရွှေသမီး၏ ချစ်သူကောင်လေးအဖြစ် မြင်တွေ့ရမည့် ခါရာက ပရိသတ်အတွက် အက်ရှင်ကားများထဲက တစ်ကားဖြစ်သည့် ယင်းဇာတ်ကားအတွက် ပြင်ဆင်ခဲ့ရပုံများကို ယခုလို ပြောကြားသည်။

"ပထမတော့ ကိုနိုင်းက ကျွန်တော် ငယ်ငယ်တည်းက ကြိုက်လာတဲ့ မင်းသား တစ်ယောက်ဆိုတော့ သူနဲ့ ရိုက်ရမှာ ရှိန်တာပေါ့နော်။ စီနီယာလည်းဖြစ်တယ်။ ကိုယ်အလွန်ကြိုက်ခဲ့ရတဲ့ မင်းသားလည်းဖြစ်တယ်ဆိုတော့ အပြင်မှာတွေ့ရင် အတော်ရှိန်တယ်လေ။ ကပ်တောင် မကပ်ရဲဘူး။ နောက်ပိုင်းကျတော့ ကိုနိုင်းနဲ့ တောက်လျှောက် ရိုက်ရင်းနဲ့ ကျွန်တော်ထင်ထားသလို မဟုတ်ဘူး။ အလွန်သဘောကောင်းတယ်။ ပြီးတော့ အများကြီးလည်း သင်ပေးတယ်။ ဖိုက်တင်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်သရုပ်ဆောင်တဲ့ချိန်မှာ သူက ဂိုက်လိုင်း တောက်လျှောက်ပေးသွားတယ်။ အကောင်းဆုံး ကျွန်တော် လုပ်ခဲ့ရတာပေါ့။ ကျွန်တော် အကောင်းဆုံးလည်း လုပ်နိုင်ခဲ့ပါတယ်။ သူ့ရဲ့အက်ရှင် ဆင်းမ်တွေမှာ တွေ့ရတာ တော်တော်လေးကောင်းတယ်။ body ကိုယ်နေဟန်ထားပေါ့။ ဖိုက်တင်ခန်းမှာ ကိုယ်နေ ဟန်ထားတွေ တော်တော် သဘောကျတယ်။ ကျွန်တော်ကလည်း အရင်တည်းက ကိုနိုင်းနိုင်းနဲ့ တော်တော် ရိုက်ချင်တာ။ ခုလို တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုစတီးလ်ကားထဲမှာ ကျွန်တော်တို့ အတူတူဖိုက်တင် ဆင်းမ်လေးမှာလည်း ပါတယ်ဆိုတော့ ကျွန်တော်အလွန် အားကျရတဲ့ မင်းသားနဲ့ ကျွန်တော် ဖိုက်တင်ဆင်းမ်မှာ အားရပါးရသရုပ်ဆောင်ခဲ့တာဆိုတော့ အဲဒီဆင်းမ်လေးက အမှတ်တရလည်း ဖြစ်တယ်။ တော်တော်လည်းကြိုက်တယ်" ဟု သရုပ်ဆောင် ခါရာက ပြောသည်။

အဆိုပါ အဆိပ်ရှိ လူရိုင်းဇာတ်ကားကို ဒါရိုက်တာ စတီးလ်က ရိုက်ကူးပုံဖော်ထားပြီး သရုပ်ဆောင် နိုင်းနိုင်း၊ ခါရာ၊ ရွှေသမီးတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြကာ ယင်းဇာတ်ကားသည် အက်ရှင် အချစ်ပေါင်းစပ်ထားသော ကားတစ်ကား ဖြစ်သည်။ နိုင်းနိုင်းက စိတ်ဝေဒနာ ခံစားနေရသူအဖြစ်ပါဝင်ထားကြောင်း၊ ရွှေသမီးကလည်း စရိုက်နှစ်မျိုးဖြင့် သရုပ်ဆောင်ထားပြီး အစ်မအဖြစ် နိုင်းနိုင်းနှင့်လည်းကောင်း၊ ညီမဖြစ်သူအဖြစ် ခါရာနှင့်လည်းကောင်း ဇနီးမယားနေရာကနေ ပါဝင်ထားကြောင်း တစ်နေ့ နိုင်းနိုင်းမှာ ရွှေသမီးကို သတ်ဖြတ်ခဲ့ပြီး အလောင်းဖျောက်မှုနှင့် ထောင်ကျနေရာမှ လွတ်မြောက်ခဲ့ပြီးနောက် မထင်မှတ်ဘဲ ခါရာ၏ဇနီး ရွှေသမီး တစ်ကိုယ်နှင့်ပြန်ဆုံရာ သတ်ဖြတ်ရန်ကြိုးစားမှုများကို ခါရာက ကာကွယ်သော အက်ရှင်ဇာတ်ကားကြီး တစ်ကားဟု သိရသည်။ **ကိုလင်း**

# ကမ္ဘာကျော် ဒီဂျေပညာရှင်နှစ်ဦး လာရောက်ဖျော်ဖြေမယ့် Don't Let Daddy Know Myanmar ဂီတပွဲ

နိုင်ငံပေါင်း ၁၈ နိုင်ငံ၌ အောင်မြင်စွာကျင်းပနေသည့် International Festival Brand တစ်ခုဖြစ်သော Don't Let Daddy Know ဂီတပွဲတော်ကြီးကို World Top 2 DJ သမားများဖြစ်ကြသည့် Dimitri Vegas & Like Mike မှ ယခုလ ၃၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်ရှိ The One Entertainment Park တွင် ညနေ ၆ နာရီမှစတင်ကာ တီးခတ်ဖျော်ဖြေသွားမည်ဟု သိရသည်။

"ကမ္ဘာ့နံပါတ် (၂) DJ DVLM ကို နောက်ထပ်မြန်မာပြည်မှာ ပြန်တွေ့ရ ဖို့ဆိုတာ မလွယ်ပါဘူး။ porting အနေနဲ့ Top 37 ရရှိထားတဲ့ Blasterjaxx နဲ့ Top 66 ရရှိထားတဲ့ Mike Williams နဲ့ DLDK &JU Resident DJ ဖြစ်တဲ့ Samvox အပြင် Olly James နဲ့ DJ Yaksa တို့ ပါဝင်လာတယ်ဆိုတော့ Lineup အနေအထားအရ တကယ်ကို ပြည့်စုံပြီလို့ ပြောလို့ရပါတယ်။ ဒီပွဲကို နယ်သာလန်အခြေစိုက် E&A Event နဲ့ Brave Entertainment တို့ ပူးပေါင်းတင်ဆက်တာဖြစ်တဲ့အတွက် Production နဲ့ Stage Design တွေက International Standard အနေနဲ့ မြင်တွေ့ရမှာပါ၊ ပြီးတော့ Dimitri Vegas & Like Mike ရဲ့ Crowd Control တွေနဲ့အတူ သာမန်ထက်ထူးခြားတဲ့ ခံစားမှုကို ခံစားရမှာ ဖြစ်ပါတယ်။ သူတို့လုပ်နေကျ Crowd Control ပဲ လုပ်မလား နောက်ထပ် အသစ်တွေ ဖန်တီးသွားမလားဆိုတာက ပွဲကိုလာကြည့်မှသိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် DLDK လုံးဝလက်လွှတ်မခံဘဲ လာရောက်ခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု E& A Event နှင့် Brave တို့မှ တာဝန်ရှိသူ ဦးစိုးမိုးက ပြောသည်။ **ကိုလင်း**




# "Your Social Media 2019" စာအုပ် ထုတ်လုပ်ဖြန့်ချိခဲ့သည့် နေခြည်ဦး

Beauty Blogger တစ်ယောက်အဖြစ်နှင့် အနုပညာလောကထဲကို ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး ယနေ့ချိန်တွင် နိုင်ငံကျော်မင်းသမီးများနှင့်အတူ ရုပ်ရှင် ဇာတ်ကားများ ရိုက်ကူးနေသူမှာ နေခြည်ဦးဖြစ်သည်။

သူက "ကိုယ်တိုင်က အလှအပကို မြတ်နိုးတတ်တော့ ပရိသတ်တွေအပေါ်မှာလည်း စေတနာအပြည့်ထားပြီး အလှအပရေးရာ အသိအမြင်တွေကို လမ်းညွှန်ပေးနေတတ်တဲ့ နေခြည်အနေနဲ့ ပရိသတ်တွေအတွက် product အသစ်တစ်ခုကို ထုတ်လုပ်နေပါတယ်။ အထူးသဖြင့် နေခြည်ကို အားပေးတဲ့ပရိသတ်ပေါ့နော်။ သူတို့က ချစ်စနိုးနဲ့ ချီချီဆိုပြီးအဖျားဆွတ်ခေါ်ကြတယ်။



အဲဒီပရိသတ်တွေက မိန်းကလေးတွေဖြစ်နေသလို များလည်းများတာမို့ သူတို့အတွက်ဆိုပြီး ဒီလ ၁၅ ရက်မှာပဲ ပရိသတ်တွေကို အသစ်ထွက်ရှိလာမယ့် ပထမဆုံး Product တစ်ခုကို ရင်ခုန်စွာစောင့်မျှော်ပေးဖို့ ပြောခဲ့ပါတယ်။ ညဘက်မှာတော့ ပရိသတ်နဲ့ စတင် မိတ်ဆက်ခဲ့တာပါ။ပရိသတ်တွေ လုံးဝမမျှော်လင့်ထားတဲ့ Product ကို Your Social Media BFF 2019 Year Planner လို့ အမည်ပေးထားပါတယ်"ဟု ပြောသည်။

အဆိုပါ Product ကို နှစ်တစ်နှစ်လုံးတွင် သူနှင့်အတူ နေ့ရက်တိုင်းကို စနစ်တကျနှင့် ဖြတ်သန်းစေရန် ရည်ရွယ်ကာ ထုတ်လုပ်ထားသည်ဟုသိရပြီး ယင်း Product အတွက် Pre-order များကို ၁၅၅၀၀ ကျပ်နဲ့ မှာယူရရှိနိုင်အောင် ဈေးနှုန်းကိုလည်း သတ်မှတ်ထားကြောင်း သိရသည်။ "ဒီ Give Away Alert အဖြစ် Your Social Media BFF ၂၀၁၉ ခုနှစ် Planner စာအုပ်ကို Pre-order မှာယူကြတဲ့သူတွေအနေနဲ့ အထူးအစီအစဉ်အဖြစ် Pre-order မှာသူတွေထဲက ကံထူးရှင် နှစ်ဦးကို ရွေးချယ်ပြီးတော့ ချီချီ ကိုယ်တိုင်ရေးသားထားတဲ့မိတ်ဆက်စာနဲ့ ဆိုင်းထိုးထားပေးတဲ့ Your Social Media BFF 2019 Year Planner စာအုပ်လေးတွေကို Give Away Winner နှစ်ဦးကို ပေးမှာ ဖြစ်ပါတယ်။ ချီချီရဲ့ Give Away Winner အဖြစ် ပါဝင်လိုသူတွေအနေနဲ့ Pre-order Couponလေးကို ဓာတ်ပုံရိုက်ပြီး ချီချီတင်ထားတဲ့ Post ရဲ့အောက်မှာ Photo Comment ပေးခဲ့ရမှာပါ။ နိုဝင်ဘာ ၂၆ ရက်နောက်ဆုံးထားပြီး Comment ပေးရမှာဖြစ်ပါတယ်။ပါဝင်ကံစမ်းတဲ့သူတိုင်းက Beauty bynaychilabel ရဲ့ Commercial Video bit.ly/2PLJMgG ကိုလည်း Public နဲ့ Share ထားဖို့လည်း လိုတယ်" ဟု ပြောသည်။ **ကိုလင်း**

# ဆွေမျိုးတွေကို ဆွေမျိုးပါမေ့အောင် ဒီဇင်ဘာ ၁ ရက်မှာ ချပြမည့် နေဝင်း (SNARE)

Hip Hop Vibration၊ Rap Game၊ ဘကြီးဖြိုးနဲ့ ဦးနေဝင်း၊ ပူးတွဲချန်ပီယံဆိုပြီး တေးစီးရီးများထွက်ရှိခဲ့ပြီး ၂၀၀၅ ခုနှစ်က စတင်ကာ ဂီတအလုပ်များ လုပ်ကိုင်ခဲ့သည့် အဆိုတော် နေဝင်း (SNARE) ဟာ ယခုဆိုလျှင် "ဆွေမျိုးပါမေ့" စီးရီးကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ကျွန်တော် သူငယ်ချင်းတွေနဲ့ အမှတ်တရလည်းဖြစ်ချင်လို့ ဒီအခွေလေးကို ဖန်တီးဖြစ်တာပါ။ ကျွန်တော် အခုခွေကို ဘာနဲ့ နှိုင်းရမလဲဆို အိမ်တစ်အိမ်မှာ ဟင်းကောင်းတစ်ခွက်ကို ချက်သလိုမျိုးပါပဲ။ ကိုယ်တိုင်ချက်တဲ့ဟင်းတွေကို အရသာရှိရှိနဲ့ ပေးစားစေချင်တဲ့စိတ်နဲ့ လုပ်တာဆိုလည်း မမှားပါဘူး။ အရင်တုန်းကတော့ နှစ်ယောက်ပေါင်းချက်မှ ဟင်းတစ်ခွက်ဖြစ်တာမျိုး အခုတော့ တစ်ယောက်တည်းချက်တဲ့ ဟင်းပေါ့နော်၊ စားလိုက်ရင် "ဆွေမျိုးပါမေ့" သွားမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးကို ပုံဖော်ထားတာပါ။ သီချင်းတွေအကုန်လုံးကို ကျွန်တော်ကိုယ်တိုင်ပဲ ရေးသားထားတာပါ။ ကျွန်တော် SNARE အဖွဲ့မှာ မဆိုခဲ့ဖူးတဲ့ ပုံစံတွေ တွေ့ရမှာပါ။ ပြီးတော့ ကျွန်တော် မဖန်တီးနိုင်ခဲ့တဲ့ Music တွေ ဒီအခွေမှာ ပရိသတ်နားထောင်ရမှာပါ။ ဒါပေမယ့် SNARE ရဲ့အငွေ့အသက်လေးတွေ တွေ့ရမယ် အနည်းငယ်ပေါ့နော်။ ဘာလို့လဲဆို ကျွန်တော်တို့က ဒီအဖွဲ့ကနေ ထွက်ခဲ့ကြတာကို၊ အများဆုံးကတော့ ကျွန်တော့်ရဲ့ သီးသန့်ပုံစံမျိုးကို မြင်ရမှာပါ" ဟု ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၃ ပုဒ် ပါဝင်မည်ဖြစ်ပြီး အခွေထွက်ရှိခြင်း အမှတ်တရအဖြစ် ဒီဇင်ဘာ ၁ ရက် ညနေ ၃ နာရီ မှ ၆ နာရီအထိ လှည်းတန်းစင်တာတွင် လည်းကောင်း၊ မန္တလေးမြို့၌ ဒီဇင်ဘာ ၂ ရက်တွင် လည်းကောင်း ညနေ ၄ နာရီမှ ၇ နာရီထိ Central Point တွင် ပါဝင်ကြသော အဆိုတော်များနှင့် တေးသီချင်းများ သီဆိုပြီး ပရိသတ်များနှင့် တွေ့ဆုံသွားမည်ဟု သိရသည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ


# ဘက်ခမ်းတို့စုံတွဲ၏နေအိမ်ကို ဖောက်ထွင်းရန် ကြိုးပမ်းမှု ဒုတိယအကြိမ်ဖြစ်ပွား

ဒေးဗစ်ဘက်ခမ်းနဲ့ ဗစ်တိုးရီးယားဘက်ခမ်းတို့ရဲ့ ဒေါ်လာခြောက်သန်းတန် ကော့စ်ဝေါလ်မှာရှိတဲ့ ဇိမ်ခံနေအိမ်ကြီးကို ဖောက်ထွင်းသမားက ဒုတိယအကြိမ် ပစ်မှတ်ထား၍ ဖောက်ထွင်းရန်ကြိုးပမ်းမှု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၁၄ ရက်က အမျိုးသားတစ်ဦးဟာ ဘက်ခမ်းတို့ဇနီးမောင်နှံရဲ့ နေအိမ်အတွင်း ဝင်ရောက်ဖို့ကြိုးပမ်းခဲ့တဲ့အတွက် သူတို့ဇနီးမောင်နှံနှစ်ဦး ထိတ်လန့်ခဲ့ရတယ်လို့ သည်ဆန်း နိုဝင်ဘာ ၂၅ ရက် သတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့်လည်း နေအိမ်မှာ လုံခြုံရေးတင်းကျပ်ထားတဲ့အတွက် ဖောက်ထွင်းသမားရဲ့ ကြိုးပမ်းမှုဟာ မအောင်မြင်ခဲ့ပါဘူး။ လုံခြုံရေး တာဝန်ယူထားတဲ့ ဝန်ထမ်းတွေက ဖောက်ထွင်းသမားရဲ့နောက်ကို လိုက်ဖမ်းခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မဖမ်းမိခဲ့ပါဘူး။ ဒါပေမယ့် ရဲစခန်းကတော့ ဘက်ခမ်းတို့နေအိမ်အနီးမှာ သံသယဖြစ်ဖွယ်အမျိုးသားကို လိုက်လံရှာဖွေနေခဲ့တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။

အခုတစ်ကြိမ် ဖောက်ထွင်းဖို့ကြိုးပမ်းမှုဟာ ဒုတိယအကြိမ်ပါ။ အောက်တိုဘာလအတွင်းကလည်း ဘက်ခမ်းတို့မိသားစု ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ ရှိနေတုန်းကလည်း နေအိမ်ကို ဖောက်ထွင်းခံရဖို့ ဖြစ်လာပါသေးတယ်။ ဘက်ခမ်းတို့မိသားစုဟာ လန်ဒန်အနောက်ပိုင်း လော့စ်အိန်ဂျလိစ်နဲ့ မိုင်ယာမီတို့မှာလည်း ပိုင်ဆိုင်မှုတွေ ရှိပါတယ်။ ကော့စ်ဝေါလ်မှာရှိတဲ့ နေအိမ်မှာတော့ ပါတီပွဲတွေ၊ ညှော့ခံပွဲတွေ၊ အခမ်းအနားတွေ ကျင်းပလေ့ရှိပါတယ်။

**ဟယ်လို**



## အိမ်ထောင်သည်ဖြစ်ပြီဖြစ်ကြောင်း ဂျက်စတင်ဘီဘာ အတည်ပြု

ဂျက်စတင်ဘီဘာဟာ သူ့ရဲ့တစ်ဦးတည်းသော မိန်းကလေးဟာ ဟေးလီဘော့သ်ဝင်းပဲဖြစ်တယ်ဆိုတာ အတည်ပြုလိုက်ပါပြီ။ ဂျက်စတင်ဘီဘာနဲ့ ဟေးလီတို့ တိတ်တဆိတ်လက်ထပ်ပြီးပြီလို့ ခန့်မှန်းမှုဟာ လပေါင်းများစွာကတည်းက ပေါ်ပေါက်လာခဲ့တာပါ။ ဂျက်စတင်ဘီဘာဟာ မော်ဒယ်တစ်ဦးဖြစ်တဲ့ ဟေးလီနဲ့လက်ထပ်ပြီးပြီဖြစ်တဲ့အကြောင်း သောကြာနေ့ကပဲ သူ့ရဲ့အင်စတာဂရမ်မှာ အတည်ပြုပြောကြားခဲ့ပါတယ်။

သူ့ရဲ့အင်စတာဂရမ်မှာ နှစ်ဖက်စလုံးက ဆွေမျိုးတွေ ပထမဆုံးအကြိမ်တွေ့ဆုံတဲ့ ကျေးဇူးတော်နေ့ဖြစ်သလို အိမ်ထောင်သည်တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် ဖြတ်သန်းရတဲ့ ကျေးဇူးတော်နေ့လည်း ဖြစ်တယ်လို့ ရေးသားခဲ့ပါတယ်။ ဂျက်စတင်ဘီဘာနဲ့ ဟေးလီတို့ဟာ ဇူလိုင်လအတွင်းက စေ့စပ်ခဲ့တာဖြစ်ပြီး စက်တင်ဘာလမှာတော့ လက်ထပ်မှတ်ပုံတင်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ သူတို့နှစ်ဦး တိတ်တဆိတ်လက်ထပ်ပွဲ ကျင်းပခဲ့တယ်လို့ ပြောဆိုမှုတွေများလာပေမယ့် ကာယကံရှင်နှစ်ဦးကတော့ ဘာမှတ်ချက်မှ မပေးခဲ့ပါဘူး။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာပဲ ဟေးလီကလည်း သူ့ရဲ့အင်စတာဂရမ်မှာ ဟေးလီရိုးလ်ဘီဘာလို့ အမည်ပြောင်းခဲ့တာကို တွေ့ရပါတယ်။

**စီအင်န်အင်န်**



ဖြူး

## ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၁၄၉)

# ရှေ့နေများ ဥပဒေပြိုင်ပွဲ



**ဦးဟန်ညွန့် (ဥပဒေ)**

**မန္တလေးသို့**


မန္တလေးသို့ တာဝန်နှင့် ကျွန်တော်ရောက်သည်။ ထိုသို့ရောက်ခိုက် အားလပ်သည့်တစ်ရက်တွင် လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းသို့ တက်ရောက်ခွင့်ရသည်။ ဥပဒေစကားဝိုင်းနှင့် ဥပဒေစာအုပ် လှူဒါန်းခြင်း အခမ်းအနားငယ်ကလေးပါ ပူးတွဲကျင်းပကြသည်။ မန္တလေး၊ ရွှေပြည်မိုး လက်ဖက်ရည်ဆိုင်တွင် ဥပဒေပညာရှင် တရားလွှတ်တော်ရှေ့နေကြီးများ၊ နိုတြီပဗ္ဗလစ်များ၊ အထက်တန်းရှေ့နေများ၊ အငြိမ်းစားတရားသူကြီးများ၊ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

**ဥပဒေစကားဝိုင်း**

ဥပဒေစကားဝိုင်းဖြစ်၍ ဥပဒေစကားတွေ ပြောကြသည်။ ဆွေးနွေးကြသည်။ တရားစီရင်ရေးကဏ္ဍတွေ မေးသည်။ ဖြေသည်။ ရှေ့နေတွေကိုယ်တိုင် တက်ရောက်လာခြင်းဖြစ်သောကြောင့် ရှေ့နေအမြင်တွေ အစုံပြောသည်။ ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ကြသည်။ စေတနာပါသည်။ အပြစ်ပြောရတာ လွယ်သည်။ အပြစ်ကို ဘယ်လိုဖြေရှင်းမလဲ။ အခက်အခဲကို ဘယ်လိုဖြေရှင်းကြမလဲ။သူ့အပြစ်၊ ကိုယ့်အပြစ် လွှဲချနေရုံနှင့် မပြီး။ အများအတွက် စေတနာအခြေခံကာ ဥပဒေရေးရာ ပြောကြပါ။ ဆွေးနွေးကြပါ။ အဖြေရှာကြပါ။ အတွေ့အကြုံများလှသော တရားလွှတ်တော်ရှေ့နေကြီးများ လက်လှမ်းမီသမျှ တက်ရောက်ကြပါသည်။ (နောင်ဆိုလျှင် ယခုထက်ပိုမိုစုံညီ၊ ဖိတ်ကြားဦးမည် သိရသည်)

**တက်ရောက်ကြသူများ**

မန္တလေးနယ်ခံ ရှေ့နေကြီးများဖြစ်ကြသော တရားလွှတ်တော်ရှေ့နေ ဦးထွန်းအောင်ကျော်၊ တရားလွှတ်တော်ရှေ့နေ ဦးဝင်းဖေ (ခရိုင်တရားသူကြီး၊ ငြိမ်း)၊ ဦးသိန်းဝင်း (ဒုတိယခရိုင်တရားသူကြီး၊ ငြိမ်း)၊ (မလှိုင်) ဦးခင်မောင်ဆွေ (တရားလွှတ်တော်


ပထမအကြိမ်
ရှေ့နေများဥပဒေပြိုင်ပွဲ မေးခွန်းများနှင့်အဖြေများ
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ (၂၉)ရက်
Mahlaing Law Firm
(မလှိုင်)ဦးခင်မောင်ဆွေ
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၈၂)
[LL.B, Dip in Business Law]
☎ 09-2009483/ 772009483/
262009483/ 782009483/ 962009483

ရှေ့နေ)နှင့် မျိုးဆက်သစ်လူငယ် ရှေ့နေများ ဖြစ်ကြပါသည်။ (အမည်နာမ စုံစုံလင်လင် မဖော်ပြနိုင်ခြင်းကို နားလည်ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်)

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ (ငြိမ်း) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဦးမြညိမ်း(ရှေ့နေချုပ်ရုံး၊ ညွှန်ချုပ်၊ ငြိမ်း)လည်း မန္တလေးသို့ ခေတ္တရောက်နေခိုက် တက်ရောက်ချီးမြှင့်ပါသည်။ မန္တလေးနယ်ခံဖြစ်သော ဦးတင်မြင့် (ညွှန်ချုပ်၊ ငြိမ်း)နှင့် ဦးမျိုးချစ် (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) များလည်း တရားလွှတ်တော်ရှေ့နေများအဖြစ် ဂုဏ်ပြုချီးမြှင့်တက် ရောက်ကြပါသည်။

တရားသူကြီးအမြင်၊ ဥပဒေအရာရှိအမြင်၊ ရှေ့နေအမြင်စသည်ဖြင့် ထောင့်စုံ၊ အလွှာစုံ၊ ဘက်စုံမှ (အငြိမ်းစားဘဝရောက်မှ) ပို၍ ဆွေးနွေးစရာ၊ မှတ်သားစရာ၊ ဝေဖန်စရာ၊ ပွားများစရာ၊ ဆင်ခြင်ဖွယ်ရာများ တွေ့မြင်ကြရပါသည်။ လူငယ်မျိုးဆက်သစ် ရှေ့နေကလေးများ အတော်များများ လာကြပါသည်။ သူတို့ သူတို့၏ မေးချင်စရာမေးခွန်းများ၊ ဥပဒေဗဟုသုတများကိုလည်း ကြားနာမှတ်သားခဲ့ရပါသည်။ အတွေ့အကြုံများ တင်ပြ၊ ဖလှယ်ခဲ့ကြပါသည်။

**လူငယ်ရှေ့နေတွေအတွက်**

လူငယ်ရှေ့နေတွေအတွက် ဘာလုပ်ပေးနိုင်ကြသလဲ။ ဥပဒေပညာအမွေ ဘယ်လိုလက်ဆင့်ကမ်းနိုင်ကြမလဲ။ ကိုယ်တစ်ယောက်တည်း တတ်သိနားလည်ရုံနှင့် ပြီးပြီလား။ တစ်ထောင့်တစ်နေရာမည်သို့ကူညီနိုင်မလဲ။ ကူညီသူများ မည်မျှရှိနေကြပြီလဲ။

**(မလှိုင်) ဦးခင်မောင်ဆွေ**

မန္တလေးနယ်မြေခံ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးဖြစ်သော (မလှိုင်) ဦးခင်မောင်ဆွေသည် **ပထမအကြိမ် ရှေ့နေများ ဥပဒေပြိုင်ပွဲ**ကို ဦးဆောင်ကျင်းပပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်က ဖြစ်ပါသည်။ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အဖြူရောင်နှလုံးသားခန်းမ၌ ကျင်းပပေးခဲ့ခြင်းလည်း ဖြစ်ပါသည်။

**မေးခွန်းများ**

ရှေ့နေများ ဥပဒေပြိုင်ပွဲတွင် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေများမှ ကောက်နုတ်မေးမြန်းခဲ့သော မေးခွန်းများဖြစ်ပါသည်။ စုစုပေါင်း ၂၅၀ ဖြစ်ပါသည်။ လက်တွေ့အသုံးများသည့် ဥပဒေပုဒ်မ၊ အမိန့်နှင့် နည်းဥပဒေများအကြောင်းလည်း ဖြစ်ပါသည်။

**အတွေ့အကြုံများသူ**

ဥပဒေအတွေ့အကြုံများသူ၊ လုပ်သက်ရင့်သူများ (လုပ်သက်ကန့်သတ်ပြီး) ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ ၂၇ ဦး စာရင်းပေးသွင်းကြောင်း၊ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြောင်း၊ အတွဲလိုက်ဖြေဆိုသည့်စနစ်ကို မျှတစွာကျင့်သုံးရွေးချယ်ခဲ့ကြောင်း၊ ဒိုင်လူကြီးများအဖြစ် ခရိုင်တရားသူကြီးအငြိမ်းစား၊ တရားလွှတ်တော်ရှေ့နေများဖြစ်ကြသော ဦးဝင်းဖေနှင့် ဦးသိန်းဝင်းတို့က အကဲဖြတ်ဆောင်ရွက်ခဲ့ကြောင်း စသည်ဖြင့်လေ့လာသိရှိရပါသည်။ ရှေ့နေလောကအတွက် ရှေ့နေများဥပဒေပြိုင်ပွဲ ကျင်းပပေးခြင်းကို ကြိုဆိုဂုဏ်ပြုပါကြောင်း၊ အားပေးသူ၊ ချီးမြှင့်သူ များပြားပါကြောင်း၊ ဥပဒေစာအုပ်များကို အလှူဒါနပြုကြောင်း၊ ဆုအဖြစ်ချီးမြှင့်ခဲ့ပါကြောင်း၊ မျိုးဆက်သစ်လူငယ်ဥပဒေကျောင်းသား၊ ကျောင်းသူများကိုပါ ဥပဒေပြိုင်ပွဲ၏ ဂုဏ်သတင်းကို လက်ဆင့်ကမ်းကြိုဆို အမွေပေးခဲ့ပါကြောင်း၊ စိတ်ဝင်စားကြသော ဥပဒေပညာရှင်တိုင်းက ဥပဒေပြိုင်ပွဲများ များပြားစွာ ပေါ်ပေါက်ရေးတွန်းအားပေးခဲ့ပါကြောင်း လေ့လာမှတ်သားခဲ့ရပါသည်။

**ရည်ရွယ်ချက်**

ဥပဒေပြိုင်ပွဲ ဘာကြောင့်ကျင်းပရသလဲ။ (မလှိုင်) ဦးခင်မောင်ဆွေနှင့် အဖွဲ့၏ စေတနာနှင့် ထပ်မံပေါ်ပေါက်လာမည့် အခြားသော ရှေ့နေမိသားစုများကပါ နောင်ဆက်လက်ပွားများ၍ ဥပဒေပညာဒါနပေးလှူကြပါဦးမည်။ ဖြန့်ဝေကြပါဦးမည်။

(၁) ယနေ့တရားစီရင်ရေးစနစ်တွင် အားနည်းချက်များ၊ အားသာချက်များကို စိစစ်သုံးသပ်၍ ရှေ့နေကဏ္ဍမှ လိုအပ်ချက်များ ထောက်ပြ၊ ဝေဖန်၊ အကြံဉာဏ်ပြုကြမည်။

(၂) ရှေ့နေမှန်လျှင် ဥပဒေကျွမ်းကျင်ရမည်။ ဥပဒေပညာဘက်စုံ ကျွမ်းကျင်မှ ရှေ့နေလောက ဂုဏ်တက်မည်ဟူသော ရည်ရွယ်ချက်နှစ်ချက်ကို အခြေခံမည်။ ပူးပေါင်းဆောင်ရွက်ကြမည်။ ပူးပေါင်းသူများ ထပ်ဆင့်တိုးပွားစေပါမည်။

**ဥပဒေသုတ**

ဥပဒေပညာရှင်တိုင်း၊ ရှေ့နေရှေ့ရပ်တိုင်းသည် ဥပဒေပညာရှင်များပီပီ မိမိတတ်ကျွမ်းသော ဥပဒေပညာကို တိုးတက်သည်ထက် တိုးတက်အောင် အစဉ်ကြိုးပမ်းနေကြရမည် ဖြစ်ပေသည်။ တတ်သိပညာဖြင့် အစဉ်အကျိုးပြုနေရပါမည်။ အမြဲလေ့လာဆည်းပူးနေရပါမည်။ ခေတ်မီတိုးတက်သည့်နှင့်အမျှ နောက်ကျကျန်မရစ်အောင် သတိပြုနေကြရပါမည်။ ဥပဒေပညာပြိုင်ပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ဥပဒေစကားဝိုင်းများ၊ မျိုးဆက်သစ်လူငယ် ရှေ့နေများအား လက်ဆင့်ကမ်းပွဲများ၊ မကြာခဏ ကျင်းပပေးသင့်ပါသည်။ ယခုမန္တလေး ဤပွဲက အခြေခံအစဖြစ်ပါသည်။ နောင်တွင်...။

**ဥပဒေပညာရှင်စုံလင်သော မန္တလေး**

ဥပဒေပညာရှင် စုံလင်သော မန္တလေးကို လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။ အချိန်အတိုင်းအတာအရ ဆရာစုံ၊ လူစုံမတွေ့ခဲ့ရသော်ငြား မန္တလေးဥပဒေပညာရှင်များ၏ ဥပဒေသုတေသန၊ ဥပဒေလေ့လာရေး ဥပဒေသင်တန်းများစွာ၏အကြောင်း(အလျဉ်းသင့်သည့်အခါ)ဆက်လက်တင်ပြပါရစေ။ အစဉ်အလာကြီးမားသော မန္တလေးမှ ရှေ့နေအို၊ ဆရာအိုကြီးများ၏ သွန်သင်မှု အတွေ့အကြုံများကိုပါ လေ့လာဝေငှသွားပါမည်။

**စေတနာ**

ဥပဒေပညာသည် သီးခြားရပ်တည်နေပါသလော။ ဥပဒေပညာရှင် ရှေ့နေများသည် လူထုနှင့်ကင်းကွာနေသူများလော။ တွေးတောစဉ်းစားမိရင်း မန္တလေးဥပဒေပြိုင်ပွဲအကြောင်း ကျွန်တော်၏စေတနာ၊ ဥပဒေအတွေးမျှသာပါ...။ ။

> "ဥပဒေပညာရှင်တိုင်း၊ ရှေ့နေရှေ့ ရပ်တိုင်းသည် ဥပဒေပညာရှင်များပီပီ မိမိတတ်ကျွမ်းသော ဥပဒေပညာကို တိုးတက်သည်ထက် တိုးတက်အောင် အစဉ်ကြိုးပမ်းနေကြရမည် ဖြစ်"

## လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**တောင်ကုတ် နိုဝင်ဘာ ၂၇**

တောင်ကုတ်မြို့ တန်းလွဲဒေသ ရွာမကျေးရွာနှင့် ရွာမရွာသစ်ကျေးရွာသို့ မဟာဓာတ်အားလိုင်း တောင်ကုတ်ဓာတ်အားခွဲရုံမှ နိုဝင်ဘာလအတွင်း ဓာတ်အားများ ဖြန့်ဖြူးခဲ့ရာ ပြည်သူများအား လျှပ်စစ်မီတာများ ချထားပေးနိုင်ရေးနှင့် လျှပ်စစ်သုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာလတတိယပတ်က ရွာမရွာသစ်မွှေရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးမင်းအောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ ရွာမကျေးရွာနှင့် ရွာမရွာသစ်ကျေးရွာမှ ပြည်သူများတက်ရောက်၍ လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း လျှပ်စစ်မီတာများ ချထားပေးနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဆွေးနွေးမှုများနှင့် အသိပညာပေးလက်ကမ်းစာစောင်များကို တက်ရောက်လာသူ ပြည်သူလူထုအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျန်းမာရေးအသိပညာပေးဟောပြော၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့



**ဆီဆိုင် နိုဝင်ဘာ ၂၇**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု နောင်ထော်ကျေးရွာ ဘက်စုံသုံးကျေးရွာခန်းမဆောင်၌ နိုဝင်ဘာ ၂၅ ရက်က မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရထောက်ပံ့ပေးအပ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်သီက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါအကြောင်း၊ သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း၊ အာဟာရအုပ်စုများ အကြောင်းတို့ကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများအား သားအိမ်ခေါင်းကင်ဆာ အကြောင်းသိကောင်းစရာများ လက်ကမ်းစာစောင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ ကွေကာ၊ အိုင်အိုဒင်းဆား၊ ကုလားပဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် ကန်တော့ပြီး နောင်ထော်ကျေးရွာရှိ ပန်းပျိုးလက်ပရဟိတကျောင်းသို့ ဆီတစ်ပုံး၊ ဆန်တစ်အိတ်၊ ကုလားပဲတစ်ပိဿာခွဲ၊ အိုင်အိုဒင်းဆားထုပ်လတ်နှစ်အိတ်၊ ကြာဆံထုပ်ကြီး သုံးထုပ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်ဟု သိရသည်။ **ခွန်ရဲထွေး(ဆီဆိုင်)**

# ယဉ်ကျေးမှုစာအောင်လက်မှတ်နှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်

**ကျိုင်းတုံ နိုဝင်ဘာ ၂၇**
ကျိုင်းတုံမြို့ ရပ်ကွက်(၃)ရှိ သာသနာ့ဗိမာန်၌ နိုင်ငံတော်သံဃမဟာနာယကမှ ပေးအပ်သော ယဉ်ကျေးမှုစာအောင်လက်မှတ်နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်း (ကျိုင်းတုံ) မှ ပေးအပ်သော သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် သာသနာ့ဝေပုလ္လသာသနာပြု ပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိဇယဆရာတော်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူ ၂၀၉ ဦးကို နိုင်ငံတော်သံဃမဟာနာယကမှ ပေးအပ်သော ယဉ်ကျေးမှုစာအောင်လက်မှတ်နှင့် အဘိဓမ္မာပြန့်ပွားရေးအသင်း (ကျိုင်းတုံ)မှ ပေးအပ်သော သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများ ပေးအပ်ခဲ့သည်။ **မြင့်မိုရ် (တာချီလိတ်)**

# ဒေါက်တာလှမောင် ဖောင်ဒေးရှင်းမှ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**
နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း (ရန်ကုန်)၏ ဦးစီးနာယကဖြစ်သော သံအမတ်ကြီး(ငြိမ်း) ဒေါက်တာ လှမောင် (ဒေါက်တာလှမောင်ဖောင်ဒေးရှင်း) မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းနှင့် အသက် (၈၀ နှစ်) အထက် အဘိုးအဘွားများအား ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ပျဉ်းမနားမြို့ရှိ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ခန်းမဆောင် (၁) ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ သံအမတ်ကြီး ဒေါက်တာ လှမောင်က အမှာစကားနှင့် ဂုဏ်ပြုလှူဒါန်းပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်ခရိုင် ပညာရေးမှူး ဦးဝင်းသိန်းနှင့်ပျဉ်းမနား မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဒေါက်တာခိုင်ချိုမြင့်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် ဖောင်ဒေးရှင်း အမှုဆောင်ဒါရိုက်တာ ဦးအေးချို (ACA ကျောင်းအုပ်ကြီး)က ဖောင်ဒေးရှင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သံအမတ်ကြီး(ငြိမ်း) ဒေါက်တာ လှမောင်နှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့ကန်နား အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ နွမ်းပါးကျောင်းသား ကျောင်းသူ ကိုးဦးအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၆၅ ဦးအား ဂုဏ်ပြုဆုကြေးငွေအပါအဝင် ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ပေးအပ်ပြီးနောက် အသက် (၈၀ နှစ်) အထက် အဘိုးအဘွား ၁၃၁ ဦးတို့အား ဂုဏ်ပြုထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**



## ဆေးလိပ်၊ ကွမ်းယာရှောင်ကြဉ်ပါ

**ဆေးလိပ်၊ ကွမ်းယာတွင် ပါဝင်သောဆေးရွက်ကြီးသည် အောက်ပါရောဂါများကို ဖြစ်ပွားစေပါသည်။**

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း
- အဆုတ်ပွရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ
- ခြေပုပ်လက်ပုပ်ရောဂါ
- ပန်းသေပန်းညှိုးရောဂါ

**သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရသူများသည်လည်း ကိုယ်တိုင်ဆေးလိပ်သောက်သကဲ့သို့ ရောဂါများဖြစ်ပွားစေသဖြင့် သတိပြုဆင်ခြင်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့ကွက်ချ မြေပုံတိုင်းတာခြင်း ဆောင်ရွက်

**ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၇**
ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၂)ရပ်ကွက်တွင် မြို့မြေငှားဂရန်ထုတ်ပေးနိုင်ရန် လူနေအိမ်များကိုခေတ်မီမြေတိုင်းကိရိယာ Total Station ဖြင့် မြို့ကွက်ချမြေပုံရေးဆွဲနိုင်ရေး နိုဝင်ဘာ ၂၆ ရက်က မြို့လယ်မြေစီမံခန့်ခွဲမှု စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင် ဦးဆောင်သောအဖွဲ့က တိုင်းတာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းတာရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၄ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ရက်သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်ကြောင်း၊ တိုင်းတာရေးလုပ်ငန်းများက ရရှိလာသော အချက်အလက်များဖြင့် မြေပုံရေးဆွဲပြီးပါက ဂရန်စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်သည့် လျှောက်ထားသူများကို မြို့မြေငှားဂရန် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အမှတ်(၂)ရပ်ကွက်တွင်ရှိသော ဌာနဆိုင်ရာမြေများကိုလည်းအစိုးရမြေလွှဲမိန့်များ ခွင့်ပြုထုတ်ပေးသွားမည် ဖြစ်ကြောင်း ဦးစီးမှူးက ပြောသည်။ အမှတ်(၂)ရပ်ကွက်တွင် အိမ် ၁၈၃ လုံးရှိပြီးလက်ရှိ မြို့မြေငှားဂရန်လျှောက်ထားရန် စာရင်းပေးသွင်းထားသော အိမ် ၁၄၅ လုံးရှိကြောင်း သိရသည်။ **ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**

# တစ်နှစ်တစ်ရာသီ ကိုင်းကျွန်းမြေ (မြေနု) များ စိုက်ပျိုးလုပ်ကိုင်ခွင့် မဲစနစ်ဖြင့်ချထားပေး

**တကောင်း နိုဝင်ဘာ ၂၇**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် တကောင်းမြို့ရှိ ကိုင်း၊ ကျွန်းမြေ(မြေနု)များပေါ်တွင် နှစ်စဉ် တစ်နှစ်တစ်ရာသီ စိုက်ပျိုးလုပ်ကိုင်ခွင့်များကို တောင်သူများအား တန်းစီဇယား မဲစနစ်ဖြင့် ချထားပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေး မဲစနစ်ဖြင့် ရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့က အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။



တောင်သူများအချင်းချင်း အမုန်းပွားခြင်းများမဖြစ်စေရန် တန်းစီမဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးခွင့်ရရှိသည့်တောင်သူများမှလည်း စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်နှင့် သတ်မှတ်ထားသည့် ရန်ပုံငွေများကို အလေးထားထည့်ဝင်ရမည်ဖြစ်ပြီး အဆိုပါ တစ်နှစ်တစ်ရာသီ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိရေး မဲစနစ်ဖြင့် ရွေးချယ်ခြင်းအခမ်းအနားတွင် အိမ်ထောင်စုတစ်စုလျှင် တစ်မဲထည့်ဝင်ခွင့်ရှိကြောင်း၊ စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိမည့်သူ ဦးရေ ၁၅ ဦးအတွက် တစ်ဦးလျှင် လေးဧကခန့် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ရာ လာရောက်လုပ်ကိုင်ခွင့်လျှောက်ထားသူ ဦးရေ ၂၁၆ ဦးရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ကြက်ဖမွေးဇောင်း စိုက်ကွင်းတွင် ၂၀၁၈-၂၀၁၉ မိုးစပါး ပေါ်ဆန်းရင် (RS - CS) စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ် စိုက်ဧက ၈၅ ဧက စိုက်ပျိုးထားရှိပြီး စံကွက်ရိတ်တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၆ ရက်က ဆောင်ရွက်ခဲ့စဉ်။**

(မိုးစပါးပေါ်ဆန်းရင် (RS - CS) ဧက ၀ ဒသမ ၅၀ စံကွက်ရိတ်သိမ်းရာ အစိုတင်း ၆၁ ဒသမ ၆ တင်း၊ အခြောက် ၅၂ ဒသမ ၀၂ တင်းထွက်ရှိပြီး အစိုဓာတ် ၁၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။)
**သိခ်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၇**
ရောဝတီတိုင်းဒေသကြီး မော်လမြိုင် ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၂၄)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်၊ ပစ္စည်းပဒေသာပင်၊ ငွေပဒေသာပင်များ မြို့တွင်းသို့ လှည့်လည် ပွဲကို နိုဝင်ဘာလ စတုတ္ထပတ်က သမ္မာသဗ္ဗုဒ္ဓ မြို့ဦးစေတီတော်မှ စတင်လှည့်လည်ကြသည်။

ထို့နောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို နံနက် ၉ နာရီ တွင် မြို့ဦးစေတီတော်၌ ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မိုးညို ကျောင်းဆရာတော်ထံမှ သရဏဂုံသီလဆောက်တည်ကြပြီး ပြည်တွင်းပြည်ပသာသနာပြုကေလာသဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများဖြစ်သော ထိုင်းနိုင်ငံ အလှူရှင်များမှ ငွေကျပ် ၁၂၅ သိန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်တို့က ပစ္စည်းပဒေသာပင်တန်ဖိုးငွေ ကျပ်သိန်း ၆၀ ကျော်၊ ငွေပဒေသာပင်တန်ဖိုးငွေကျပ် ၄၉ သိန်းကျော်ကို မြို့ပေါ်ရှိ ကျောင်းတိုက်ပေါင်း ၃၆ ကျောင်းမှ ဆရာတော်ကြီးများကို စာရေးတံမဲနှိုက်၍ ကပ်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။ **မြန်မာ့အလင်း**

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း (ပြင်ပပုဂ္ဂိုလ်များ)

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အဆင့်ဆင့်သောရုံးများတွင် လစ်လပ်လျက်ရှိသော စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁) ရာထူးနေရာများသို့ ခန့်ထားနိုင်ရေးအတွက် ရေးဖြေစာမေးပွဲဖြေဆိုခဲ့ကြသည့် ပြင်ပပုဂ္ဂိုလ်များမှ (တစ်ဘာသာကျရှုံးသူများ)သည် ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် နေပြည်တော်၌ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရေးဖြေ စာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာဌာနတွင် ၁၇-၁၂-၂၀၁၈ရက်မှ ၂၀-၁၂-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း) ထုတ်ယူရမည်ဖြစ်ပါသည်။

၂။ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်(၁)ရာထူးနေရာသို့ ဖြေဆိုခဲ့ကြသည့် ပြင်ပပုဂ္ဂိုလ်များသည် ပြန်လည်ဖြေဆိုရမည့် စာရင်းတွင်ပါဝင်ခြင်း ရှိ/မရှိနှင့် ပြန်လည်ဖြေဆိုရမည့်စာရင်းတွင် ပါဝင်ပါက ပြန်လည်ဖြေဆိုခြင်း ပြု/မပြုကို နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာန ဖုန်း-၀၆၇-၅၅၀၁၃၅၊ ၀၆၇-၅၅၀၂၀၆တို့သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်မေးမြန်း သတင်းပို့နိုင်ရန် အကြောင်းကြားအပ်ပါသည်။

**နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**နေပြည်တော်**

---

### (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ဆုမွန်လွှာ

၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော အင်းဝဘဏ်လီမိတက်၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နောင်နှစ်များတွင်လည်း အောင်မြင်မှုများ ဆတက်ထမ်းပိုး တိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**သီရိဂုဏ်ရှိန်ဆောက်လုပ်ရေး**
**ကုမ္ပဏီမိသားစု၊ မြစ်ကြီးနားမြို့**

---

### (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ဆုမွန်လွှာ

၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော အင်းဝဘဏ်လီမိတက်၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နောင်နှစ်များတွင်လည်း အောင်မြင်မှုများ ဆတက်ထမ်းပိုး တိုးပွားပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Star Light သောက်ရေသန့်**
**မိသားစု၊ မြစ်ကြီးနားမြို့**

---

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၁၀)ရပ်ကွက်၊ အမက(၆)မူလွန် စတုတ္ထတန်း(ဂ)မှ မောင်ဖြိုးဝဏ္ဏကျော်၏ ဖခင်အမည်မှန်မှာ ကိုကျော်ဇော ၈/မမန(နိုင်)၁၇၂၁၁၄ ဖြစ်ပါကြောင်း။

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/2094 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ဝန်ထမ်းအမြန်အလိုရှိသည်

၁။ Steel Structure၊ စတီးလုပ်ငန်း၊ သံပန်းလုပ်ငန်း ကျွမ်းကျင်သူများ
၂။ သဘာဝစားပွဲ၊ ကွန်ကရစ်မို၊ ကွန်ကရစ်ပန်းပု ကျွမ်းကျင်သူများ
၃။ ဆီလီကွန်၊ ပန်းပုရုပ်တု ကျွမ်းကျင်သူများ အမြန်အလိုရှိသည်။

နေရာထိုင်ခင်းစီစဉ်ပေးမည်၊ ကျွမ်းကျင်မှုအပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။ ရေရှည်လုပ်ကိုင်လိုသူများ ဦးစားပေးမည်။

**ဆက်သွယ်ရန်လိပ်စာ-**
**အမှတ် ၂၄၂၊ ကမာကြည်လမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့**
**09-5178979, 09-43292929, 09-73173593, 09-420182934**

---

### အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ်(၇)နယ်မြေ၊ ရာမညရပ်ကွက်နေ မခင်ဗိုလ်ဗိုလ်သွယ် ၁၄/ပသန(နိုင်)၁၉၁၀၂၇(ဘ) ဦးမောင်ဝင်း အား ယနေ့မှစ၍ မခင်ပိုပိုကြွယ်ဟု ပြောင်းလဲခေါ်ပါရန်။

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကရင်စုရပ်ကွက်၊ (၁)လမ်းနေ မောင်ဇင်မင်းခန့် ၁၂/မဘန(နိုင်)၁၆၈၂၆၈ ၏ဖခင် ဦးထွန်းမင်းနှင့် ဦးအောင်အောင် ၁၄/ကလန(နိုင်)၀၃၄၁၅၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## ဆုမွန်ကောင်းတောင်းခြင်း

**"အင်းဝဘဏ်လီမိတက်"**၏ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၂၈ရက်(ယနေ့)တွင် ကျရောက်သော (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်တိုးတက်မှုများနှင့်အတူ အခွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မွန်မင်းလမ်း မိသားစု**

---

## အင်းဝဘဏ်လီမိတက်အတွက် ကြွေရတုဆုတောင်း

၂၈-၁၁-၂၀၁၈ရက်တွင် ကျရောက်သော အင်းဝဘဏ်လီမိတက်၏ (၂၁)နှစ်မြောက် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးဝင်းစိန်(MD)-ဒေါ်ယုယုဝင်း**
**(ဝင်းထီလာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)**
**မိတ္ထီလာမြို့**

---

## ဆုမွန်ကောင်းတောင်းခြင်း

၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက် (ယနေ့)တွင် ကျရောက်သော **"အင်းဝဘဏ်လီမိတက်"**၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် တိုးတက်အောင်မြင်သော စွမ်းဆောင်မှုများနှင့်အတူ အခွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ရှင်သန်သူ အများပိုင်ကုမ္ပဏီလီမိတက်**

---

## ဆုမွန်ကောင်းပို့သခြင်း

၂၀၁၈ခုနှစ်၊ နိုဝင်ဘာ၂၈ရက်တွင် ကျရောက်သော **"အင်းဝဘဏ်လီမိတက်"**၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘဏ်လုပ်ငန်းများ တိုးတက်အောင်မြင်ပြီး အများပြည်သူယုံကြည်အားထားရသောဘဏ်အဖြစ် အခွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

**ချမ်းသာကွန်ကရစ် ကုမ္ပဏီလီမိတက်**

---

## အင်းဝဘဏ်လီမိတက်အတွက် (၂၁)နှစ်မြောက် ကြွေရတုတောင်းဆုမင်္ဂလာ

၂၈-၁၁-၂၀၁၈ ရက်တွင် ကျရောက်သော အင်းဝဘဏ်လီမိတက်၏ (၂၁)နှစ်မြောက် ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ အခွန့်ရှည်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးသန်းကြိုင်(MD)-ဒေါ်အိသက်မြတ်နိုး**
**(အောင်မြင့်ကြိုင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်)**
**မိတ္ထီလာမြို့**

---

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ရက်တွင် ကျရောက်သော အင်းဝဘဏ်လီမိတက်၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ဆက်လက်၍ တိုးတက်အောင်မြင် တည်တံ့ခိုင်မြဲပါစေ။

**အရဏ်ဦး**
**ဆောက်လုပ်ရေးကုမ္ပဏီများအုပ်စု**

# “ပထမ”နေရာမှ (၇)နှစ်ဆက်

## နိုင်ငံတော်အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်သော အခွန်ထမ်း “ကမ္ဘောဇဘဏ်လီမိတက်” အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ပေးဆောင်ခဲ့သည့်အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁။ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂။ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃။ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄။ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၄.၉၄ သန်း | ပထမ |
| ၅။ | ၂၀၁၅-၂၀၁၆ | ၂၃,၁၅၅.၈၂ သန်း | ပထမ |
| ၆။ | ၂၀၁၆-၂၀၁၇ | ၂၈,၀၄၂.၂၅ သန်း | ပထမ |
| ၇။ | ၂၀၁၇-၂၀၁၈ | ၂၆,၃၅၅.၀၃ သန်း | ပထမ |

၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **“ကမ္ဘောဇဘဏ်လီမိတက်”**သည် **“ပထမ”**နေရာမှ **(၇)နှစ်ဆက်** နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်ကို အများဆုံးထမ်းဆောင်ခဲ့ခြင်းအတွက်များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

**ဦးအောင်မြတ်**
**အုပ်ချုပ်မှုဒါရိုက်တာ**
Mother Construction Co., Ltd.

**ဦးသိန်းဝင်း**
**ဒါရိုက်တာ**
Peace Myanmar Group Co., Ltd.

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အမျိုးသားသွေးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်မြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အမျိုးသားသွေးဌာန**
**ဖုန်း-၀၁-၃၇၀၀၅၆**

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**
**နေပြည်တော်-ရေဆင်း**

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်း (၃)ခု 1-Lot
- (၃၀'x၂၈'x၁၄') စိုက်ကွင်းရုံး ၁လုံး
- (၁၅၇'x၆၆'x ၉"ထု) မျိုးစေ့လှမ်း တလင်း ၁ခု
- (3 Phase 4 Wire လိုင်း၊ 8800') လျှပ်စစ်မီးလိုင်း၊ ၁လိုင်း သွယ်တန်းတပ်ဆင်ခြင်း

(ခ) တည်ဆောက်ရေးလုပ်ငန်း ၃ခု 1-Lot
- (၄၀'x၂၀'x၁၀') Net House တစ်လုံး
- (၁၁၆.၅'x၃၀') ဓာတ်ခွဲခန်း တစ်ခန်းအားပြန်လည်ပြင်ဆင်ခြင်း
- Breeding House(၁၀၅'x၆၀'x၉') ၁လုံးနှင့် (၃၀'x၂၀'x၁၂') ၄လုံး

(ဂ) ဓာတ်ခွဲခန်းသုံးပစ္စည်း ၂မျိုး 1-Lot
(Amino Acid Analyzer, PCR)

(ဃ) အခြားစက်ပစ္စည်း ၁တွဲ 1-lot
(Microphone and 6 Channels Recorders)

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၁၈ရက် (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)စီမံခန့်ခွဲရေးဌာနစု
၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၇-၁၂-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီ
၅။ **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၁၀-၁၂-၂၀၁၈
၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

---

### အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ကြော်ငြာခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်၊ လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါကြောင်း၊ မြန်မာ့အလင်းသတင်းစာ၏ ၇- ၁၀-၂၀၁၈ ကြော်ငြာစာမျက်နှာ (၂၄)၊ ကော်လံ(၂)တွင် ၁ကြိမ်၊ ၂၂-၁၀-၂၀၁၈ ကြော်ငြာစာမျက်နှာ (၂၃)၊ ကော်လံ(၂)တွင် (၁)ကြိမ်၊ စုစုပေါင်း (၂)ကြိမ်ထည့်သွင်းကြော်ငြာခဲ့ပြီး၊ တင်ဒါဖွင့်လှစ်မည့်ရက်အား ၈-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)၊ နံနက် ၀၉း၀၀နာရီအစား ၁၂-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၀၉း၀၀နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

တင်ဒါပုံစံများကိုလည်း ၁၀-၁၂-၂၀၁၈ရက်အထိ တိုးမြှင့်ရောင်းချပေးသွားမည်ဖြစ်ပြီး တင်ဒါလျှောက်လွှာများကို ၁၁-၁၂-၂၀၁၈ရက် ညနေ ၄း၀၀နာရီတွင် ပိတ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုးမိတ်မြို့ ဖုန်း-၀၈၆-၄၅၄၀၇၊ ၀၉-၄၂၄၄၅၇၆၇၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

### အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက် ကြော်ငြာခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လမ်းအထူးအဖွဲ့ ၉၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ) ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ကျောက်မျိုးစုံနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်၊ လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါကြောင်း၊ မြန်မာ့အလင်းသတင်းစာ၏ ၇-၁၀-၂၀၁၈ ကြော်ငြာစာမျက်နှာ (၂၄)၊ ကော်လံ (၂)တွင် (၁)ကြိမ်၊ ၂၂-၁၀-၂၀၁၈ ကြော်ငြာစာမျက်နှာ (၂၃)၊ ကော်လံ(၂)တွင်(၁)ကြိမ်၊ စုစုပေါင်း(၂)ကြိမ်ထည့်သွင်းကြော်ငြာခဲ့ပြီး၊ တင်ဒါဖွင့်လှစ်မည့်ရက်အား ၈-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)၊ နံနက် ၀၉း၀၀နာရီအစား ၁၂-၁၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက်၀၉း၀၀နာရီတွင် လမ်းဦးစီးဌာန၊ မိုးမိတ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း တင်ဒါလျှောက်လွှာဝယ်ယူထားသော လုပ်ငန်းရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ ၉၊ မိတ္ထီလာမြို့ ဖုန်း-၀၆၄-၂၃၁၁၈သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---


### အိမ်ရောင်းမည်

မြောက်ဒဂုံ၊ ၃၇ ရပ်ကွက် ရေ၊ မီးအစုံ ဈေးနီး၊ ကားဂိတ်နီး။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၈၉၂၉၄၂၃၃၇**

ဒီဇယ်၊ဓာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၀၁-၄၀၀၆၃၄
၀၉-၇၇၂၄၆၁၃၂၄
၀၉-၂၅၈၈၄၀၅၀၀
၂၁ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေလမ်းဆုံမီးပွိုင့်အနီး၊ရန်ကုန်မြို့။


---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထူးကုဆေးရုံကြီး (ဝေဘာဂီ)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြောက်ဥက္ကလာပမြို့နယ်၊ အထူးကုဆေးရုံကြီး(ဝေဘာဂီ)တွင် တက်ရောက်ကုသကြသည့် အတွင်း/အပြင် လူနာများအား ကုသပေးရန်လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၁၈
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၈ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**အထူးကုဆေးရုံကြီး (ဝေဘာဂီ)**
**ဖုန်း-၀၁-၉၆၉၀၁၁၈**

---

### မိခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်သူရိန်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်သန်းဝေ ၁၀/ကမရ (နိုင်)၀၇၇၆၃၁ ဖြစ်ပါကြောင်း။

**ဒေါ်သန်းဝေ**

---

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁-ရပ်ကွက်၊ ၁၃-လမ်း၊ အမှတ် (၅၁၅) အိမ်ခြံမြေနှင့်ပတ်သက်၍ ကိုသန်းထွဋ်အောင် (ဘ-ဦးတင်အောင်)၏**

### ပြုမူလုပ်ဆောင်နေမှုအပေါ် ပြင်းထန်စွာသတိပေးကြေညာခြင်း

အထက်ပါ အိမ်ခြံမြေသည် အိမ်ထောင်မရှိသူ ဒေါ်အုန်းကြွယ်နှင့် ဦးခင်မောင်ဝင်းတို့ ပိုင်ဆိုင်ခဲ့ရာမှ ဦးခင်မောင်ဝင်းသည် ၎င်း၏ပိုင်ဆိုင်ခွင့်အစုကို အစ်မဖြစ်သူအား မေတ္တာဖြင့် ပြန်လည် ပေးအပ်ခဲ့ရာ ဒေါ်အုန်းကြွယ် တစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ၇-၁၀-၂၀၁၇ရက်၌ ဒေါ်အုန်းကြွယ်ကွယ်လွန်သဖြင့် အထက်ပါအိမ်ခြံမြေသည် ဦးခင်မောင်ဝင်းနှင့်အတူ အစ်ကို ဦးတင်အောင်တို့ အမွေဆက်ခံခွင့်ရရှိခဲ့ပါသည်။ ဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ ဦးခင်မောင်ဝင်း ထိန်းသိမ်းထားသော အိမ်ခြံမြေနှင့်ပတ်သက်သည့် ဂရန်နှင့်စာချုပ်မူရင်းများကို ဦးတင်အောင် သား ကိုသန်းထွဋ်အောင်သည် တိတ်တဆိတ်ရယူသွားပြီး အမွေရှင်များမသိဘဲ တခြားသူထံ ကျပ်သိန်း(၂၀၀၀)ဖြင့် ပေါင်နှံခဲ့ပါသည်။ ယင်းလုပ်ရပ်သည် မရိုးမဖြောင့်သော သဘောဖြင့် ပြစ်မှုမကင်းသော အလွဲသုံးစားမှုကျူးလွန်ခြင်းဖြစ်ပါသည်။ ထို့အပြင် အမွေရှင် ဦးခင်မောင်ဝင်း၏ ပိုင်ဆိုင်ခွင့်ကို နည်းအမျိုးမျိုးဖြင့် တားဆီးနှောင့်ယှက်နေခြင်းများအပေါ် ရပ်တန့်ပေးရန်နှင့် အလွဲသုံးစားပြုထားခြင်းကိစ္စကိုလည်း အမြန်ဆုံးဖြေရှင်းပေးရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် LL.B, DBL, DIL တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၂)**
**ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဆိုင်မိုင်း ၁၃/ကဟန(နိုင်)၀၃၅၆၁၉၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၅၄၆၉၉၄**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဆေးရယ် ၂/ရတန(နိုင်)၀၀၁၂၅၆၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဖိလစ်သားငယ် ၂/လကန(နိုင်)၀၅၂၁၇၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မီရယ် ၂/ဖရဆ(နိုင်)၀၁၃၆၅၉၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဝီရယ် ၂/ဒမဆ(နိုင်)၀၅၈၁၉၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/9739၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ သတင်းထုတ်ပြန်ကြေငြာချက်အရ ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်" သည် "ပထမနေရာ" မှ(၇)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်းသိရှိရသဖြင့် "KBZ Bank" တည်ထောင်သူ နာယကကြီး ဦးအောင်ကိုဝင်း" အားအထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ပြီး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအယ်လ်ဇော်မာန်
အုပ်ချုပ်မှုဒါရိုက်တာ
မြန်မာစည်းလုံးကုမ္ပဏီလီမိတက်

## ၂၈-၁၁-၂၀၁၈ ရက်တွင် နှစ်(၄၀)ပြည့်ခဲ့သည့် ဖေဖေ ဦးသန့်ဇင်-မေမေ ဒေါ်နန်းအေးအေးမွန်တို့အတွက် မင်္ဂလာဆုတောင်း

လောကီလောကုတ္တရာ ပါရမီအတူဖြည့်ဆည်းခဲ့ကြသည့် မင်္ဂလာဘဝခရီး နှစ်(၄၀)ပြည့် ပတ္တမြားရတု ရက်မြတ်မှသည် ရတုပေါင်းများစွာတိုင်အောင် ချစ်သမီးတို့နှင့် အခြားခန္ဓာများ သတ္တဝါတို့အား အေးမြသည့် ဓမ္မဉာဏ်ရိပ်ဖြင့် အစဉ်စောင့်ရှောက်နိုင်ပါစေကြောင်း တောင်းဆုပတ္ထနာပြုပါသည် ဖေဖေနှင့် မေမေ။

ချစ်သမီးကြီး ဒေါက်တာနန်းကြွေရှိမွန်
B.Arch, M.Arch.Ph.D (Archilecture)
ချစ်သမီးကြီး ဒေါက်တာနန်းကြွေစီစန်
M.B, B.S (Mgy), Master of Public Health

## ရန်ကုန်စီးပွားရေးတက္ကသိုလ် (1972) Intake ကျောင်းသူ/ကျောင်းသားများ ဒုတိယအကြိမ် မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

၂၂-၁၂-၂၀၁၈ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်မည့် (၅၄)နှစ်မြောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် တည်ထောင်သော အထိမ်းအမှတ်ပွဲနှင့် (၂၄)ကြိမ်မြောက် အာစရိယဆရာကန်တော့ပွဲတွင် 1972 Intake ကျောင်းသူ/ကျောင်းသားများမှ မိမိတို့ကို ပညာသင်ကြားပေးခဲ့သော အသက် (၇၅)နှစ်နှင့်အထက် ဆရာ/ဆရာမကြီးများကို ကန်တော့ခြင်းနှင့် စတုဒိသာ ပါဝင်ကျွေးမွေးခြင်းတို့ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲပြီး ဒုတိယအကြိမ် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါ၍ 1972 Intake သူငယ်ချင်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၂-၁၂-၂၀၁၈ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီ
**ကျင်းပမည့်နေရာ** - Panda Hotel ပုလဲခန်းမ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်
**အလှူငွေထည့်ဝင်ရန်** - KBZ 17330200703450101 (ဦးလှရွှေ၊ ဦးစိုးဝင်း၊ ဒေါ်ခင်ဝင်းမြင့်)

**ဆက်သွယ်ရန်-**

| | | | |
|---|---|---|---|
| ဦးမျိုးညွန့် | ၀၉-၇၈၄၂၄၁၆၉၀ | ဦးစိုးဝင်း | ၀၉-၂၅၃၂၅၈၀၉၆ |
| ဦးလှရွှေ | ၀၉-၄၂၀၀၁၄၄၄၀ | ဦးသိန်းတန် | ၀၉-၄၂၀၇၃၄၈၃၃ |
| ဦးတင်နွယ် | ၀၉-၄၂၃၇၁၀၀၈၈ | ဒေါ်ခင်ဝင်းမြင့် | ၀၉-၄၃၀၇၀၀၇၁ |
| ဦးသိန်းထီ | ၀၉-၄၄၀၀၂၄၀၄၇ | ဒေါ်စန်းစန်းဦး | ၀၉-၇၉၉၇၄၁၅၃၂ |
| ဦးမျိုးတင့် | ၀၉-၄၅၀၀၅၃၆၂၈ | ဒေါ်မာလာအောင် | ၀၉-၄၄၈၅၃၄၃၂၅ |
| ဦးတင်အောင် | ၀၉-၂၆၁၀၀၀၈၇၅ | ဒေါ်လွင်လွင်ချစ် | ၀၉-၉၇၂၁၁၉၇၃၇ |
| | | ဒေါ်ခင်မာဝင်း | ၀၉-၅၁၂၁၈၂၇ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7643 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓာပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် (၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်မှ နတ်တော်လဆန်း ၄ ရက်အထိ) ၅-၁၂-၂၀၁၈ မှ ၁၁-၁၂-၂၀၁၈ ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသောယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။ နေ့ယောဂီများ လက်ခံပါသည်။
'အရဏ်ဆွမ်း ၄၀၀၀ဝိ/-၊ နေ့ဆွမ်း-၆၀၀၀ဝိ/-၊ အချိုပွဲ၊ အချိုရည်များ လှူဒါန်းနိုင်ပါသည်။

**မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃၊ ၀၉-၄၄၃၁၄၇၁၄၃**

## အမည်မှန်

ဦးစံလင်း ၈/မမန(နိုင်)၁၇၅၉၄၇ ၏သမီး ပြင်ဦးလွင်မြို့၊ ပွေးတောင် (အလက) အဌမတန်းမှ မခက်ခက်ခိုင်၏ အမည်မှန်မှာ မကေသီအောင် ဖြစ်ပါကြောင်း။ **မကေသီအောင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ဝယ/၁၈၀၇၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုး ၉/တကန(နိုင်)၁၁၆၅၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေမီမျိုးတင့် ၈/ရနခ(နိုင်)၀၉၆၉၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသက်ဆွေအောင် ၁၂/မရက(နိုင်)၁၃၂၀၆၈ နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေဒေါ်အေမီမျိုးတင့်နှင့် ဦးသက်ဆွေအောင်တို့သည် ၉-၅-၂၀၁၀ ရက်မှစ၍ မြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ ထိုသို့ပေါင်းသင်းနေထိုင်ရာမှ ၂၂-၇-၂၀၁၈ ရက်တွင် ဦးသက်ဆွေအောင်မှ အကြောင်းအမျိုးမျိုးပြ၍ မိမိသဘောဆန္ဒအလျောက် ငှားရမ်းနေထိုင်လျက်ရှိသည့် နေအိမ်တိုက်ခန်းမှ ဆင်းသွားခဲ့ကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေမှ ဇနီးဝတ္တရားများနှင့်အညီ စောင့်စည်းနေထိုင်သော်လည်း ဦးသက်ဆွေအောင်မှ ထောက်ပံ့မှုများရပ်ဆိုင်းထားခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာကုန်တွင် လက်ရှိငှားရမ်းနေထိုင်သည့်တိုက်ခန်းမှာ စာချုပ်သက်တမ်းပြည့်မည်ဖြစ်ပြီး ဦးသက်ဆွေအောင်မှ ဆက်လက်ငှားရမ်းပေးခြင်းမရှိသည့်အတွက် ကျွန်ုပ်မိတ်ဆွေအနေဖြင့် ကျန်ရှိပစ္စည်းများအား သိမ်းဆည်း၍ တိုက်ခန်းအားပြန်လည်အပ်နှံရမည်ဖြစ်သည့်အပြင် ကျွန်ုပ်မိတ်ဆွေနှင့် ဦးသက်ဆွေအောင်တို့သည် ယနေ့အချိန်ထိ ကွာရှင်းပြတ်စဲမှုတစ်စုံတစ်ရာမရှိသေးသည့် တရားဝင်အကြင်လင်မယားများသာဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်သာဆွေ (စဉ်-၁၂၈၉၇) LL.B,D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၁၀၆(အေ)၊ ကန်သာယာလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၈၀၃၀၀၁၂၊ ၀၉-၉၆၃၆၃၀၇၃၄**

Air - Con အဟောင်း/အပျက်များ ဈေးကောင်းပေးဝယ်သည်၊
ကိုမောင်မောင်တင်
၀၉ - ၇၃၀၉၅၉၅၀၊ ၀၉ - ၇၆၅၀၈၅၈၅၀

## ပျောက်ဆုံးကြောင်း

ကျွန်တော် မီကေးလယ်ဖျရယ် ၂/ဖရဆ(နိုင်)၀၁၆၂၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောသူးလေး ၂/ဒမဆ(နိုင်)၀၃၅၀၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရှီစီ ၂/လကန(နိုင်)၀၆၂၄၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဘိုးအာ ၂/လကန(နိုင်)၀၅၇၇၉၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ပျောက်ဆုံးကြောင်း

ကျွန်တော် လူရယ် ၂/ဖရဆ(နိုင်)၀၀၀၅၆၂ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈/ကျွန်စစ်သား၊ ဦးပိုင်အမှတ် ၂၇၊ ဧရိယာ ၀ ဒသမ ၁၃၆ ဧကအနက် ဧရိယာ ၀ ဒသမ ၀၆၇ ဧကအား ဒေါ်ခင်ဝင်းတင့် (ဘ)ဦးအောင်ရီ ၉/တကန(နိုင်)၀၀၅၇၀၂ မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် ၂၂၆/၂၀၁၈၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1691 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/5899 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဒေါ်နန္ဒာမာယာ
### မိုးကုတ်
### အသက်(၁၀၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ (ယုဇနပလာဇာအနောက်)၊ တိုက်၂၉၊ အခန်း(၃၀၁)နေ Dr.C.B Chhetry (ခ) ဦးကျော်စိုး(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ငြိမ်း)နှင့်သား၊ သမီးရှစ်ယောက်တို့၏မိခင်၊ ဒေါက်တာနုနုရီနှင့် မြေး ၂၈ ယောက်တို့၏အဘွား၊ မြစ် ၃၃ယောက်နှင့် တီနှစ်ယောက်တို့၏ဘွားဘွားကြီး Shrimath Nanda Maya Thapa Chhetry သည် ၂၇-၁၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၄း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ ဟိန္ဒူ ဘာသာဓလေ့အတိုင်း မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါတိုက်ရှေ့နှင့် အနော်ရထာလမ်း၊ ကုန်ဈေးတန်း၊ မိုးကုတ်ထောပတ်ဆိုင် ရှေ့မှကားများ ၂၈-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၉-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### သာသနာ့ဒါယိကာမကြီး
## ဒေါ်လှရီ (အကြောအဆစ်ကုပညာရှင်)
### အသက်(၉၂)နှစ်

ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း(အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)-ဒေါ်မာဝင်းခိုင်တို့၏မိခင် ဒေါ်လှရီသည် ၂၅-၁၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဦးတင်မြင့်နှင့်ဇနီး**
**အမြဲတမ်းအတွင်းဝန်**
**ပြည်ထဲရေးဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### သာသနာ့ဒါယိကာမကြီး
## ဒေါ်လှရီ
### လ/ထ ကထိက(ငြိမ်း)၊ ဆေးဘက်ပညာသည်ကျောင်း
### အသက်(၉၂)နှစ်

ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း (အမြဲတမ်းအတွင်းဝန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)-ဒေါ်မာဝင်းခိုင်တို့၏မိခင်သည် ၂၅-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးစိုးသိန်းနှင့်ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှရီ (အကြောအဆစ်ကုပညာရှင်)
### အသက်(၉၂)နှစ်

ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း (အမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)-ဒေါ်မာဝင်းခိုင်တို့၏မိခင် ဒေါ်လှရီသည် ၂၅-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြောဆေးကုဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ဝင်း (B.Sc Zoology)
### အမက(၃၉)၊ အင်းစိန်(ငြိမ်း)
### အသက်(၆၄)နှစ်

ပါမောက္ခဦးဘုန်းမြင့်(ပါမောက္ခ/ဌာနမှူး၊ ကျောက်ကပ်နှင့်ဆီးလမ်းကြောင်း ခွဲစိတ်ကုဌာန၊ သဃ်္ဃန်းကျွန်းဆေးရုံကြီး)-ဒေါ်ဖြူဖြူဆန်း တို့၏ အစ်မ ဒေါ်တင်တင်ဝင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်ကုဌာန**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)**
**ဆေးတက္ကသိုလ်/မကွေး**

---

## ဒေါ်တင်တင်ဝင်း (B.Sc Zoology) အသက်(၆၄)နှစ်
### အမက(၃၉)အင်းစိန်(ငြိမ်း)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ တိုက် ၆၊ အခန်း ၀၀၃နေ(ဦးဘသိုက်-ဒေါ်ခင်ပု)တို့၏သမီး၊ ဦးတင်ဋ္ဌေး(ဌာနခွဲမှူး၊ ဘဏ္ဍာ၊ ငြိမ်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်)-ဒေါ်တင်ရွှေ(ဌာနခွဲမှူး၊ စီမံ၊ ငြိမ်း၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ရန်ကုန်)၊ ဒေါ်တင်ဋ္ဌေး(ဦးစီးမှူး၊ငြိမ်း၊ သ/မဦးစီးဌာနညွှန်ချုပ်ရုံး)၊ ဦးမောင်မောင်ဝင်း (တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ မကွေးမြို့)၊ ဒေါ်တင်တင်အုန်းတို့၏ညီမ၊ ဦးမြင့်ဆွေ(မြို့နယ်တရားသူကြီး၊ ငြိမ်း၊ ကလေးမြို့)၊ ဒေါ်တင်တင်ကြွေ (ဌာနခွဲစာရေး၊ ငြိမ်း၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာဘုန်းမြင့်(ပါမောက္ခဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကု ဆရာဝန်ကြီး၊ သဃ်္ဃန်းကျွန်းစံပြဆေးရုံ)-ဒေါ်ဖြူဖြူဆန်း(အထပြ၊ သုဝဏ္ဏ၊ ငြိမ်း)၊ ဒေါက်တာထွန်းအောင်ကျော် (တွဲဘက်ပါမောက္ခ၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါက်တာစောမြကြည်သာ (ပါမောက္ခဌာနမှူး၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်အေးအေးညို(လက်ထောက်မော်ကွန်းထိန်း၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)၊ ဒေါက်တာမြင့်အောင်(ပါမောက္ခ၊ ရက္ခဗေဒဌာန၊ မုံရွာ တက္ကသိုလ်)-ဒေါ်ယဉ်ယဉ်လှတို့၏ အစ်မ၊ တူ တူမ ၁၁ ယောက်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၂၆-၁၁-၂၀၁၈ ရက် မွန်းလွဲ ၂း၄၀ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၈ ရက် နံနက် ၇ နာရီမှ ၁၁း၃၀ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်း၊ သိမ်၊ ကျောင်း
### ဒါယိကာမကြီး
## ဒေါ်ကြည်
### အသက်(၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နေ (ဦးဖိုးသက်-ဒေါ်စိုး) တို့၏သမီး၊ (ဦးဘငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်စိုးမြင့်ရီ၊ မန္တလေးမြို့နေ ဦးစိုးဝင်း-ဒေါ်ဆွေဆွေ၊ ရန်ကုန်မြို့နေ (ဦးစိုးတင့်)-ဒေါ်ခင်ဌေးရီ၊ ဦးဘသောင်း-ဒေါ်မြတ်လေးရီ၊ ဦးနန်းအောင်-ဒေါ်အေးအေးရီ တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ အမှတ်(၃၄) နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။]

[ကွယ်လွန်သူအားရည်စူး၍ ၃- ၁၂-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအေးကျော် (တောင်ကြီး)
### A,K . ရောင်းဝယ်ရေး
### အသက်(၇၈)နှစ်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ငွေကြယ်ဖြူလမ်း၊ အမှတ် (၄၃/၉)နေ ဦးထင်ကျော်-ဒေါ်နှင်းနှင်းယု၊ (ဦးသန့်ဇင်)၊ ဦးနေမျိုးကျော်-ဒေါ်ခင်မီမီလွင်၊ ဦးဇေယျာလတ်-ဒေါ်မြမြစိမ်း တို့၏ဖခင်၊ မကျော်သဉ္ဇာ၊မောင်အောင်ပြည့်ပိုင်၊ မဟန်သာထက်၊ မောင်နေလင်းအောင်၊ မခင်မြတ်နိုး၊ မောင်စိုင်းလင်းထွဋ်တို့၏ အဘိုး၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂၈-၁၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအား ရည်စူး၍ ၂-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တ ရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
### ဒါယကာကြီး
## ဦးနိုင်ထွန်း
### ခိုင်ပွင့်အလှကုန်ရောင်းဝယ်ရေး
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၃၄-က)နေ (ဦးစီးနား-ဒေါ်စူးဝါး)တို့၏မြေး၊ (ဦးမောင်စိန်-ဒေါ်ကျင်မှုံ)တို့၏သား၊ ကိုတင်ထွန်းအောင်-မထားအိဝင်း၊ ဒေါက်တာကြည်ကြည်ငြိမ်းဝင်း၊ ကိုထက်ဖြိုးဟန်၊ ဒေါက်တာစည်သူဟံ၊ ဒေါက်တာဝင်းထက်လင်း၊ ဒေါက်တာဆုထက်သွယ်တို့၏ ဦးလေးသည် ၂၆-၁၁-၂၀၁၈ ရက် (တနင်္လာနေ့) ည ၁၀း၁၀ နာရီ တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု
တူ၊ တူမများ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးရင် (မလှိုင်)
### အသက်(၉၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အမှတ်(၁၂)ရပ်ကွက်နေ(ဦးမောင်လေး-ဒေါ်မြစ်)တို့၏သမီး၊ (ဦးဘဂျမ်း၊ လယ်/စိုက်ရှင်း-မန်နေဂျာ)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးသန်းအောင်(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)-ဒေါ်စမ်းစမ်းမြင့်၊ တောင်ကြီးမြို့နေ ဦးမောင်မောင်ကြည်-ဒေါ်အမာ၊ (ဒေါ်အမာတင်)၊ မိတ္ထီလာမြို့နေ ဦးလေးနိုင်-ဒေါ်အမာခင်၊ မလှိုင်မြို့နေ ဦးသန်းလွင်-ဒေါ်စန်းကြည်၊ ဦးအလော-ဒေါ်ယဉ်မာထွေးတို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ် ၁၆ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၁၁-၂၀၁၈ရက် နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ရက် ညနေ ၃နာရီတွင် မလှိုင်မြို့၌ပင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးလှတင် အသက်(၈၄)နှစ်
### [မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်] ငွေစုဘဏ်(၃)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ ၇လမ်းနေ (ဦးဘရီ-ဒေါ်ကြည်)တို့၏သား၊ (ဦးဘိုနီ-ဒေါ်အုံးကြည်) တို့၏သားသမက်၊ ဒေါ်ချိုချိုတင်(မြန်မာ့အသေးစားချေးငွေဘဏ်-ငြိမ်း)၊ ဒေါ်လှဲ့လှဲ့တင်(မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်)၊ ဦးရဲထွဋ်တင်(The Global New Light of Myanmar၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်သီ တာတင့်၊ ဒေါ်ဆွေဆွေတင်(မြန်မာ့စီးပွားရေးဘဏ်၊ တာမွေ)၊ ကိုရဲဟန်တင်(Seaman) တို့၏ဖခင်၊ ဒေါ်ခင်တင့်၏ခင်ပွန်း၊ မြေးသုံးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၇-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ၃နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးလှတင် အသက်(၈၄)နှစ်
### မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### ငွေစုဘဏ်(၃)

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ ၇လမ်းနေ (ဦးဘရီ-ဒေါ်ကြည်)တို့၏သား၊ (ဦးဘိုနီ-ဒေါ်အုံးကြည်) တို့၏သားသမက်၊ (ဦးလှခင်)-ဒေါ်ရီရီတင်တို့၏ညီ/မောင်၊ ဦးစိုးမြင့်-(ဒေါ်လှမျိုးနွယ်)၊ (ဦးဖိုးနွဲ့-ဒေါ်စိန်မြ) တို့၏အစ်ကို၊ (ဦးလှမြိုင်)-ဒေါ်ဘဏ်ရင်တို့၏ညီ/မောင်၊ (ဦးစောလွင်)-ဒေါ်တင်မြင့်၊ ဦးလဝင်း-ဒေါ်တင်ရွှေတို့၏အစ်ကို၊ ဒေါ်ခင်တင့်၏ ခင်ပွန်းသည် ၂၇-၁၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေး နေ့) ညနေ၃နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူ ညီအစ်ကိုမောင်နှမများ

---

### ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်တင်ကြူ (မြင်းခြံ)
### အသက်(၈၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးညိုမောင်)(ဝင်းမော်တော်ယာဉ်)၏ဇနီး၊ မန္တလေးမြို့၊ ငုရွှေဝါလမ်း၊ အမှတ် ၈/၃(၃)နေ ဦးဟန်မိုးအောင်(ခရိုင်မှူး၊ ရေအသုံးချမှု စီမံခန့်ခွဲရေးဌာန)-ဒေါ်သီတာဦး၊ မြင်းခြံမြို့၊ အမှတ် (၁၅)၊ ၃၂၈(၁)နေ ဦးကျော်စွာလင်း-ဒေါ်ခိုင်မျိုးဝမ်းတို့၏မိခင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စခန်းမှူး ဗိုလ်မှူးအောင်ကျော်ဇော -ဒေါ်ဆုရှင်မိုး၊ မရွှန်းလဲ့ဟန်၊ မောင်ထူးအောင်ချွန်၊ မောင်သော်ထက်အောင်၊ မောင်ဇွဲထက်ပိုင်တို့၏အဘွား၊ မသက်နှင်းကျော် ဇော၏ဘွားဘွားကြီးသည် ၂၇-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်တင်ကြူ (မြင်းခြံ)
### အသက်(၈၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၁၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးညိုမောင်)(ဝင်းမော်တော်ယာဉ်)၏ဇနီး၊ ဦးဟန်မိုးအောင်-ဒေါ်သီတာဦး၊ ကိုကျော်စွာလင်း-မခိုင်မျိုးဝမ်းတို့၏မိခင် ဒေါ်တင်တင်ကြူသည် ၂၇-၁၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းအောင်ချို-ဒေါ်တင်အုန်းကြည်**
**ဦးကိုကိုနိုင်-ဒေါ်ဇင်လေးချို**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြရှိန်(ခ)ဦးမြ (ကွမ်းခြံကုန်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးပန်းညွန့်-ဒေါ်သန်းရွှေ)တို့၏သား၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ အမှတ် ၁၀နေ (ဦးကြည်-ဒေါ်ရီ)တို့၏သား သမက်၊ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးမင်းအောင်(ဒါရိုက်တာ MMA Brothers Co.,Ltd.)-ဒေါ်မီမီရှိန်၊ဦးသုခအောင်(2nd Officer,Uniteam Marine)-ဒေါ်ပွင့်ဖြူရှိန်တို့၏ဖခင်၊ မဟေသာရွှန်းထက်၏အဘိုးသည် ၂၇-၁၁-၂၀၁၈ရက် (အင်္ဂါနေ့)ညနေ ၄း၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၁၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## စော Sydney လူနီ(ခ)စောမင်းစိုး
### A.B(CDC-29538)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ် ၁၈နေ (စောဟာကုတ်လူနီ)-နော်မေးစံတို့၏သား၊ နော် Paulin လူနီ၊ စောCollin လူနီတို့၏ညီ/မောင်၊နော် Marian လူနီ၏အစ်ကိုသည် ၂၇-၁၁-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်သူဌေးကုန်း ၅၁၄၊ အောက်ကြည့်မြင်တိုက်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့ဘုရားကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
## ဒေါ်ဓမ္မစာရီ (ဒေါ်တင်လှ)
### မြိတ်မြို့
### အသက်(၈၇)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ ဘုရားဇရပ်လမ်းနေ (ဦးတင်အောင်-ဒေါ်မိကြည်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်ခင်ကြွယ်)တို့၏ သမီးချွေးမ၊ ဦးအောင်သန်း၏ဇနီး၊ ကိုဘုန်းအောင်-မစန္ဒာ၊ (ကိုကျော်မိုးအောင်-မခင်ချိုဆန်း)၊ ကိုမောင်မောင်သန့်-မရွှေဇင်ဝင်းတို့၏မိခင်၊ မကျော့ဆွေဇင်သန့်၊ မသင်းသီရိကျော်၊ မောင်ကောင်းဆက်လင်းတို့၏အဘွားသည် ၂၆-၁၁-၂၀၁၈ရက် ညနေ ၄း၃၀ နာရီတွင် အရှေ့/အနောက် ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ် ပ/၂၀(ခ)စွမ်းအင်မှတ်တိုင်အနီးမှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်မြင့်(ခ)ဒေါ်ကြည်ကြည်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးဘန်ဟို-ဒေါ်စိန်လွှမ်)၊(ဦးမောင်မောင်သောင်း-ဒေါ်စိန်စိန်)တို့၏သမီး၊ (ဦးဘရှိန်-ဒေါ်မြသင်)တို့၏ချွေးမ၊ (ဦးမြင့်သိန်း)၏ဇနီး၊ ရန်ကုန်မြို့၊ မင်္ဂလာ ဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညို ၁လမ်း၊ အမှတ် ၁၉နေ (ဦးစံမြင့်)-ဒေါ်ခင်မမသိန်း၊ ဦးမြတ်သိန်း-ဒေါ်နီနီဝင်း၊ ဒေါ်မာမာအေး၊ ဦးစန်းမြင့်-ဒေါ်ကြူကြူဇင်၊ (ဦးထွန်းဇော်)-ဒေါ်နှင်းနုလွင်၊ ဦးရဲထွဋ်အောင်(ဒုတိယခရိုင်တရားသူကြီး၊ ငြိမ်း)-ဒေါ်ရီရီဌေး၊ (ဦးဌေးဝင်း)-ဒေါ်နီနီလွင်၊ဒေါ်ခင်ငြိမ်းလွင်(အလယ်တန်းပြ၊ အလက-၁၊ မြောက်ဥက္ကလာပ)၊ ဗိုလ်ကြီးခိုင်ကိုလွင်(ငြိမ်း)-ဒေါ်တင်တင်ဝင်း၊ဒေါ်ဥမ္မာအေး[မူအုပ်၊အမက(ဖရုံချောင်)ကော့မှူး]တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၂၆-၁၁-၂၀၁၈ရက်(တနင်္လာနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂-၁၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးလှထူးအောင် (ငြိမ်း)
### တပ်မတော်(ရေ)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) MPPE
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သိင်္ဂါလမ်း၊ အမှတ် ၁၅၉၊ အခန်း(၆)နေ (ဦးထွန်းကြည်-ဒေါ်စောလှ)တို့၏သား၊ (ဦးဖိုးသုန်-ဒေါ်ဖွားသင်)တို့၏သားသမက်၊ ဒေါ်စန်းစန်းမြင့်(အငြိမ်းစား ကျောင်းအုပ်)၏ခင်ပွန်း၊ ဒေါ်လွင်လွင်ထူး၊ ဦးကျော်ကျော်အောင်-ဒေါ်သန္တာသိန်း၊ ဦးညီညီအောင်-ဒေါ်လွင်လွင်ချိုတို့၏ဖခင်၊ မမေသင်းခိုင်၊ မမေမျက်ချယ်အောင်၊ (မောင်သက်တိုးအောင်)တို့၏အဘိုးသည် ၂၆-၁၁-၂၀၁၈ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါဖြင့် ၂၈-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်မေ
### (ရုံးသပြေကန်)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်၃၆(က)နေ(ဦးဘိုးရောင်း-ဒေါ်ရီ)တို့၏သမီး၊ (ဦးစိုးညွန့်-ဒေါ်ကျင်ကြည်)၊ (ဦးစိန်လှိုင်-ဒေါ်နုအေး)၊ (ဦးအေး-ဒေါ်လှညွန့်)၊ (ဒေါ်ခင်ညွန့်)၊ ဦးလှထွန်း-(ဒေါ်စန်းမြင့်)တို့၏ညီမ၊ ဦးဘမြင့်-ဒေါ်ခင်မူ၊ (ဒေါ်ခင်တင့်)၊ ဦးအောင်ဟန်-ဒေါ်စန်းစန်းတင့်၊ (ဦးသိန်းဝင်း)-ဒေါ်စန်းစန်းအောင်တို့၏အစ်မသည် ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးနိုင်ထွန်း [ခိုင်ပွင့် အလှကုန်ရောင်းဝယ်ရေး]
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၃၄(က)နေ (ဦးစီးနား-ဒေါ်စူးဝါး)တို့၏မြေး၊ (ဦးမောင်စိန်-ဒေါ်ကျင်မှုံ)တို့၏သား၊ ဦးစိုးဝင်း-ဒေါ်ခင်တီ၊ ဒေါ်မြင့်မြင့်သွယ်၊ ဒေါ်စမ်းစမ်းအေး၊ ဒေါ်ဖြူဖြူသွယ်တို့၏မောင်၊ (ဦးမျိုးခိုင်)-ဒေါ်ခင်ဌေးမြင့် တို့၏ညီသည် ၂၆-၁၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် ရန်ကုန် အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## မောင်စိုင်းစည်သူ
### အသက်(၂၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ သိပ္ပံလမ်း၊ အမှတ်(၁၀-A)၊ မြေညီထပ်နေ ဦးကျော်သင်း(ခ)ဦးရှမ်းကြီး-ဒေါ်နန်းမြမြသင်း(တောင်ပိုင်းရှမ်း-ရှမ်းခေါက်ဆွဲဆိုင်)တို့၏သား၊ စိုင်းအောင်မျိုး-မခင်မိုးမိုးအေးတို့၏ညီ၊ စိုင်းလွင်မိုး(ခ)ရှမ်းလေး၊ နန်းဝတ်ရည်သင်းတို့၏အစ်ကိုသည် ၂၇-၁၁-၂၀၁၈ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ရက်လည်ဆွမ်းကျွေးဖိတ်ကြားခြင်း
## ရဟန်းဒါယကာ ဒေါက်တာကျော်သူရဇော် (သန်လျင်)
### အသက်(၃၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေးစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) တိုင်းသံဃာ့ဝန်ဆောင်ဆရာတော်ကြီး၏ ရဟန်းဒါယကာ ဒေါက်တာကျော်သူရဇော် အားရည်စူး၍ ၂၉-၁၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ဆရာတော်နှင့်တပည့်သံဃာတော်များ**

**ကျောင်းသား၊ ကျောင်းသူများ**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန - ၂ ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ က e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး

*စာမျက်နှာ ၄ ကော်လံ ၁* ✤




ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government Conference and ICT Exhibition 2018 (နေပြည်တော်) ညီလာခံ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒီဇင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းရှစ်သင်းဖြင့် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပရန် စီစဉ်ထားသည်။ လာမည့်ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ ဇွဲကပင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/ကာသိပ္ပံ၊ YREO၊ တက္ကသိုလ်နှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်များကို လာမည့်ရက်ပိုင်းအတွင်း အတည်ပြုထုတ်ပြန်မည် ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အမျိုးသမီးဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရန် ၂၀၁၆ ခုနှစ်ကုန်ပိုင်းမှစ၍ အမျိုးသမီးလိဂ်ပြိုင်ပွဲကို စတင်ကျင်းပခဲ့ပြီး ယခုပြိုင်ပွဲမှာ သုံးကြိမ်မြောက် ကျင်းပမည့် ပြိုင်ပွဲလည်း ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၀ ပြည့်နှစ်မတိုင်မီက နိုင်ငံတကာပြိုင်ပွဲများတွင် ချန်ပီယံဆုရဖူးသော်လည်း နောက်ပိုင်းတွင် အောင်မြင်မှုနှင့် ဝေးကွာလာသောကြောင့် ပြည်တွင်းအမျိုးသမီး

*စာမျက်နှာ ၈ ကော်လံ ၁* ❍

## ထိုင်းကလပ်သို့ စည်သူအောင် ပြောင်းရွှေ့ကစားမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာ့လက်ရွေးစင်အသင်း၏ ရတနာပုံအသင်း တောင်ပံကစားသမား စည်သူအောင်သည် ထိုင်းကလပ် ချောင်ဘူရီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။ စည်သူအောင်သည် အပြောင်းအရွှေ့ကိစ္စအတွက် ရတနာပုံ၊ ချောင်ဘူရီအသင်းတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီးနောက် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

စည်သူအောင်သည် တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး လစာအပြင် နေထိုင်ရန် အိမ်၊ သွားလာရန် မော်တော်ကားများ စီစဉ်ပေးမည်ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၃* ●



မြန်မာ့လက်ရွေးစင်အသင်းမှ စည်သူအောင်
ဓာတ်ပုံ-စိုးညွန့်

(၁၇-၁၁-၂၀၁၈)ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပိုသမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

စိုင်းအောင်ခမ်းမိန်း ☎ ၀၉-၉၇၆၇၅၆၄၄၅
- သာသနာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေ။ နန်းခင်နှင်းကြည် (ပင်လောင်း ၀၉-၄၂၀၀၄၄၁၅၁)
- အမြဲထာဝရအမှတ်ရနေပါမည်။ ဒေါ်ချစ်ညွန့် (ပင်လောင်း ၀၉-၄၄၅၄၃၁၂၂၉)
- အစဉ်အားပေးနေပါမည်။ ဒေါ်အေးမြ (ဖယ်ခုံ ၀၉-၄၂၈၃၅၆၈၀၉)
- ဒီထက်မကအောင်မြင်ပါစေ။ မစီစီ (ဖယ်ခုံ ၀၉-၄၅၂၉၆၉၉၂၂)
- ပြန်လည်ဆုံတွေ့ချင်ပါသည်။ မတင်ပပဝင်း (မင်္ဂလာဒုံ ၀၉-၄၄၀၀၈၀၀၈၇)
- အားလုံးအဆင်ပြေ၏။ ဒေါ်အေးအေးကြိုင် (မရမ်းကုန်း ၀၉-၄၅၉၁၉၅၉၈၀)
- စိတ်ကျေနပ်မှုအပြည့်ရပါသည်။ ဒေါ်ခင်မာဝင်း (မင်္ဂလာဒုံ ၀၉-၇၉၉၉၂၅၇၀၄)
- အမြဲသတိရမှာပါ။ ဒေါ်တင်တင်ဌေး (သနပ်ပင် ၀၉-၇၇၃၈၅၈၃၁၁)
- အဆင်ပြေပါသည်။ ဒေါ်ခင်သိန်းဝင်း (စမ်းချောင်း ၀၉-၇၉၂၁၄၂၇၅၉)
- ဝမ်းသာမှုတွေနဲ့ ပီတိဖြစ်ခဲ့ရပါတယ်။ ဒေါ်နန်းအေးမြ (ပင်လောင်း ၀၉-၄၂၈၃၅၆၈၀၉)

အာကာဝင်းဆွေ ☎ ၀၉-၂၆၂၆၄၂၁၆၈
- အစ အလယ် အဆုံး မြတ်သောခရီးဖြစ်ပါပေသည်။ ဦးသုနန္ဒ (ဝက်လက် ၀၉-၉၇၄၀၄၃၃၀၁)
- အထူးဝန်ဆောင်မှုကောင်းသောကြောင့် ကျေးဇူးတင်အပ်ပါသည်။ အရှင်ကုမာရ (ကောလင်း ၀၉-၂၅၇၉၂၀၃၀၁)
- အားရဝမ်းသာ ကြည်နူးပါသည်။ ဦးအောင်ကိန်း (ဒဂုံ ၀၉-၅၀၀၅၂၁၆)
- အထူးကျေနပ်မိပါသည်။ ဒေါ်ပြုံးရီ (နေပြည်တော် ၀၉-၄၂၀၇၁၉၈၁၉)
- အခွင့်သာရင် ဤအဖွဲ့နှင့် သွားချင်ပါသေးသည်။ ဒေါ်ခင်ဆွေ (ကြည့်မြင်တိုင် ၀၉-၄၄၃၁၄၆၄၀၃)
- ယခုထက်ပိုမိုအောင်မြင်နိုင်ပါစေ။ ဝင်းလဲ့လဲ့ဖြူ (အလုံ ၀၉-၄၄၅၃၄၁၄၆၃)
- ကျေးဇူးအထူးတင်ပါသည်။ ဒေါ်နုနုဝေ (တာမွေ ၀၉-၈၆၀၂၂၃၇)
- တိုးတက်အောင်မြင်ပါစေ။ ဒေါ်မလုန (ကျောက်တော် ၀၉-၄၅၄၉၀၆၇၁၇)
- ပျော်ရွှင်စရာခရီးစဉ်လေးပါ။ မနွယ်နီလင်း (လက်ပံတန်း ၀၉-၇၉၀၁၅၂၉၉၈)
- စိတ်ချမ်းသာပါသည်။ ဒေါ်ထားထားစိုး (မြောက်ဒဂုံ ၀၉-၇၉၉၈၃၈၂၄၈)

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့




# ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်မှုနှင့်အတူ

● ဝေယံဦး

ရန်ကုန်မြို့ဟာ လူဦးရေထူထပ်များပြားလာတာနဲ့အမျှ နေ့စဉ် လှုပ်ရှားသွားလာမှုတွေကလည်း ပိုမိုများပြားလာပါတယ်။ ခရီးသည်တင် ဘတ်စ်ကားတွေ၊ မြို့ပတ်ရထားတွေ၊ ခရီးသည်ပို့ဆောင်ရေး ရေယာဉ်တွေနဲ့ နေ့စဉ်ပြေးဆွဲပေးနေရပါတယ်။ ဘတ်စ်ကား ခရီးသည်တွေအတွက် YBS ယာဉ်အသစ်တွေနဲ့ လေအေးစက်တွေဖွင့်ပြီး အဆင့်မြှင့်တင် ဝန်ဆောင်မှုပေးထားသလို ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုကိုလည်း အရင်ကထက် ပိုမိုကောင်းမွန်တဲ့ အဆင့်မြှင့်တင်မှုတွေ ပြုလုပ်ပြီး ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးစားနေပါတယ်။

“ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်နေပြီး ၂၀၂၃ ခုနှစ်မှာ စီမံကိန်းလုပ်ငန်းတစ်ခုလုံး ပြီးနိုင်မှာဖြစ်ပါတယ်” ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက နိုဝင်ဘာ ၂၀ ရက်က ပြည်သူ့လွှတ်တော်မှာ ပြောကြားထားပါတယ်။

ရန်ကုန်မြို့နေပြည်သူတွေဟာ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကြောင့် အချိန်နှောင့်နှေးကြန့်ကြာမှုတွေကို ရှောင်ရှားတဲ့အနေနဲ့ မြို့ပတ်ရထားစီးနင်းမှုကို အရင်ကထက် ပိုမိုအားကိုးစီးနင်းလာကြပါတယ်။ ငွေကြေးကုန်ကျမှု သက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ ခရီးသည်တွေ သက်သောင့်သက်သာစွာနဲ့ စီးနင်းလိုက်ပါနိုင်ခြင်းကြောင့် ရန်ကုန်မြို့ပတ်ရထားက အခုဆိုရင် နေ့စဉ်ခရီးသည် ၈၀၀၀၀ ခန့် လိုက်ပါစီးနင်းနေကြပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ပတ် ရထားပြေးဆွဲမှုကို ပိုမိုကောင်းမွန်ပြီး အဆင့်မြှင့်ဖို့အတွက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ အဓိကလုပ်ငန်းသုံးရပ်ပါဝင်ပြီး အဲဒါတွေကတော့ မြို့ပတ်ရထားလမ်းတွေမှာ အချက်ပြနဲ့ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းတွေ အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်တာ၊ ဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းအသစ် ၁၁ ဆိုင်း၊ ရထားတွဲ ၆၆ တွဲ ဝယ်ယူခြင်းလုပ်ငန်းကို ဂျပန်ချေးငွေနဲ့ ဆောင်ရွက်တာ၊ မြို့ပြအင်ဂျင်နီယာပိုင်းဆိုင်ရာလုပ်ငန်းတွေဖြစ်တဲ့ ရထားလမ်း၊ တာပေါင်၊ ဘူတာတွေ၊ ပလက်ဖောင်းတွေ၊ ရေမြောင်းတွေ၊ ကားလမ်းကူးတွေ၊ တံတားတွေ၊ လူကူးခုံးကျော်တံတားတွေ၊ ဆက်သွယ်ရေးအဆောက်အအုံ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွေကို နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု အဆင့်မြှင့်တင် ကောင်းမွန်နိုင်ရေးအတွက် ကတော့ ငွေကုန်ကျမှုရှိပေမယ့် ရန်ကုန်မြို့နေ ပြည်သူတွေအတွက် နေ့စဉ်ခရီးသွားလာရေး အဆင်ပြေစေဖို့ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမြို့ကြီးတွေအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ မြို့ကြီးတွေမှာ မြို့ပတ်ရထားစီးနင်းသွားလာမှုကို အဓိကအားကိုးပြီး နေ့စဉ်သွားလာနေကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော် ရန်ကုန်မှာလည်း နေ့စဉ်ခရီးသွားပြည်သူတွေ အဓိကအားကိုးအားထားပြု စီးနင်းကြရမယ့် မြို့ပတ်ရထား ပြေးဆွဲမှုဖြစ်ဖို့ကတော့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲနေမှုမှာ အစားထိုးလဲလှယ်မှု၊ အသစ်ဝယ်ယူဖြည့်ဆည်းမှုတွေ ရှိနေပေမယ့် စက်ခေါင်းအများစုက သက်တမ်းလွန်နေပြီး ရထားဆွဲအားလည်း ကျဆင်းနေတဲ့အနေအထားရှိနေတယ်လို့ ဆိုပါတယ်။ လူစီးတွဲတွေမှာလည်း ရထားတွဲသစ် ဝယ်ယူဖြည့်ဆည်းမှုတွေရှိပေမယ့် အချို့ရထားတွဲတွေဟာ သက်တမ်းလွန်တာတွေ၊ ချွတ်ယွင်းမှုတွေရှိလာတာတွေ ရှိနေပါတယ်။ ဒ့ါအပြင် မြို့ပတ်ရထားပြေးဆွဲမှုမှာ အချက်ပြစနစ် ချွတ်ယွင်းမှုတွေဟာ နှစ်သက်တမ်းကြာလာတာနဲ့အမျှ ချိတ်ဆက်မှု အားနည်းချက်တွေ ဖြစ်ပေါ်နေပြီး မြို့ပတ်ရထားပြေးဆွဲမှု အချိန်မှန်မှုအပေါ်မှာလည်း ထိခိုက်မှုတွေ ဖြစ်ပေါ်လာနေပါတယ်။

ဒီလိုအခြေအနေတွေကို အဆင့်မြှင့်တင်ဖို့ ကြိုးစားနေတာဖြစ်ပြီး မဖြစ်မနေ **အချပ်ပို (ခ) သို့**

**ရန်ကုန်မြို့နေ ပြည်သူတွေဟာ ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုကြောင့် အချိန်နှောင့်နှေးကြန့်ကြာမှုတွေကို ရှောင်ရှားတဲ့အနေနဲ့ မြို့ပတ်ရထားစီးနင်းမှုကို အရင်ကထက် ပိုမိုအားကိုးစီးနင်းလာကြ**



# သစ်သီးနှံစုံ မြို့ရန်ကုန်

● ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - ထိန်လင်း

**ပွင့်လင်းရာသီ**အတွင်း ဝင်ရောက်လာပြီဖြစ်၍ ရန်ကုန်လမ်းမများ၏ နေရာအတော်များများတွင် သစ်သီးဝလံရောင်းချသည့်ဆိုင်များကို မြင်တွေ့လာရပြီဖြစ်သည်။ လမ်းမကြီးများ၏ ဝဲယာတစ်ဖက်တစ်ချက်သာမက ပြောင်းလဲလာသော ခေတ်သစ်ပုံစံများအရ သီးနှံစုံကို ကိုယ်ပိုင်မော်တော်ယာဉ်ငယ်များဖြင့်ပါ ရောင်းချလာသည်ကို မြင်တွေ့ရသည်။ လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးအစရှိသော ရာသီပေါ်သီးနှံတို့က ရန်ကုန်သူ ရန်ကုန်သားတို့အတွက် အလွယ်တကူ ဝယ်ယူစားသုံးရန် အသင့်ဖြစ်လျက်ရှိပြီဖြစ်ရာ ရာသီပေါ်သီးနှံကုန်နှင့် ဈေးနှုန်းများအကြောင်းကို ဗဟုသုတဖြစ်ဖွယ် သိရှိစေရန်အတွက် ရန်ကုန်မြို့သီရိမင်္ဂလာဈေးသစ်ကို သွားရောက်မေးမြန်းဖြစ်ခဲ့သည်။

ကံကောင်းထောက်မစွာပင် သစ်သီးစုံရောင်းဝယ်ရေးကို နှစ်ပေါင်းများစွာ လုပ်ကိုင်လာသော ဆွေသဟာ သစ်သီးရောင်းဝယ်ရေးမှ ဦးသန်းထွန်းက မြန်မာ့အလင်း၏ အမေးကို စိတ်ရှည်လက်ရှည် ရှင်းပြပေးခဲ့သည်။

“ကျွန်တော်ကတော့ ဒူးရင်းသီးကို အဓိကထားပြီး အရောင်းအဝယ်လုပ်တယ်။ ဒူးရင်းသီးက အခုချိန်ကတော့ မောင်ထောင်ကလာတယ်၊ ချင်နီလာတယ်။ အဲဒါ ထိုင်းဘက်က။ ခုချိန်ကတော့ ဈေးနည်းနည်းမြင့်တယ်။ အနည်းဆုံး ငွေကျပ်သုံးသောင်း၊ သုံးသောင်းခွဲ၊ အမြင့်ဆုံးက ငါးသောင်းအထိရှိတယ်။ တစ်လုံးကိုပေါ့နော်။ ကီလိုချိန်နည်းရင် နည်းသလိုများရင်များသလိုပေါ့။

“နောက်ထိုင်းဘက်ကဆို ပန်းသီးလာတယ်။ စပျစ်လာတယ်။ နဂါးမောက်လာတယ်။ ခုချိန်ကတော့ နည်းနည်းတော့ ရှားတယ်။ ငွေဈေးလည်းတက်နေတော့ ကုန်ဈေးတွေလည်း မြောက်နေတယ်။ ငွေဈေးမတက်ခင်က ထိုင်းပန်းသီးတွေဆိုရင် ဆိုက်ရှိတယ်။ ၆၄၊ ၇၂၊ ၈၀ ဆိုက်အမျိုးမျိုးရှိတယ်။ အဲဒါတွေဆိုရင် ဆိုက်ပေါ်မူတည်ပြီးတော့ ငွေကျပ် လေးသောင်းခွဲရှိတယ်။ အခုဆိုရင် ငွေကျပ် ခြောက်သောင်းခွဲ၊ ခုနစ်သောင်းနီးနီးဖြစ်နေတယ်။ အလုံး ၈၀ လောက်ပါတဲ့ တစ်ပါကင်ကို ပြောတာနော်။

“ကိုယ့်ဗမာကုန်ကတော့ အခုအချိန်က ကျွဲကော၊ ကျွဲကောက မော်လမြိုင်ကထွက်တယ်၊ တိုက်ကြီးထွက်တယ်၊ မှော်ဘီဘက်



တွေကလည်း ထွက်တယ်ပေါ့။ လူတွေကတော့ မော်လမြိုင်အသီးကို ပိုကြိုက်ကြတယ်။ ယိုးဒယားသီးလည်း ထိုင်းကလာတာပဲ။ ဒါပေမယ့် ကျွဲကောကျတော့ ကိုယ့်ဗမာအသီးကို မမီဘူး။ ဗမာအသီးက အရည်ရွှမ်းတယ်၊ စားကောင်းတယ်။ ဗမာလိမ္မော်ကတော့ ခုချိန်မှာ အောင်ပန်းကလာတယ်။ ရှာငံ၊ ရေဦးဘက်ကလာတယ်။ သူကတော့ တာပြတ်ရောင်းတယ်။ ငွေကျပ်နှစ်သောင်းရှိတယ်၊ နှစ်သောင်းခွဲရှိတယ်။ အချိန်နဲ့ကျတော့ ပိဿာချိန် ၁၁-၁၂ ကနေ ၁၅ ထိအောင်ရှိတယ်။ ရပ်စောက်ဘက်ကလည်း လာတယ်။ သင်္ဘောသီးကတော့ ကျောင်းကုန်းဘက်က လာတာများတယ်။ နောက် မန္တလေးဘက်ကလည်း လာတယ်။

“ထောပတ်သီးကျတော့ တောင်ကြီးဘက်က လာတယ်။ အောင်ပန်းကလာတယ်၊ ပင်းတယဘက်က လာတာရှိတယ်။ အမျိုးမျိုးပေါ့။ လူကြိုက်များတာက တောင်ကြီးဘက်က လာတာကို ကြိုက်ကြတယ်။ တောင်ကြီးအသီးက အစေ့သေးတယ်။ အမျှင်မပါဘူး။ ကျန်တဲ့ဟာတွေကတော့ အမျှင်ပါတယ်။ ဈေးကျတော့ တောင်ကြီးအသီးက နည်းနည်းမြင့်တယ်။ အခုချိန်ကတော့ ထောပတ်သီးရာသီပါပဲ။ ဈေးကတော့ စားပျော်ပါတယ်။ အလုံးကြီးရင် ကြီးသလို ငွေကျပ် ၈၀၀၊ ၁၀၀၀၊ ငယ်တာတွေကျတော့ ငွေကျပ် ၄၀၀၊ ၅၀၀၊ ၃၀၀ ပေါ့။



“သစ်သီးတွေဝင်ရောက်မှုက မနှစ်ကဆိုရင် တရုတ်ရော၊ ထိုင်းပါ အဝင်များတယ်။ ဒိုင်တွေမှာလည်း ပစ္စည်းပုံတယ်။ ဒီနှစ်ကတော့ အရောင်းအဝယ်က နည်းနည်းအေးတယ်။ အေးသာအေးပေမယ့် ပွဲရုံတွေမှာ ပုံတယ်ဆိုတာမရှိဘူး။ အသီးတွေက ပြတ်ထွက်သွားတာရှိတယ်။ တချို့ကလည်း မကိုက်လို့ မတင်တာလည်း ပါတယ်။ ဈေးတွေက မြောက်နေတယ်။ ဒီက ပွဲစားတွေကျတော့လည်း ခေါက်ပြန်ကြေးရှိတယ်၊ လက်ငင်းရှိတယ်။ ငွေဈေးနှုန်းက တအားမြင့်တက်နေတော့ သူတို့လည်း သိပ်မမှာရဲကြဘူး။ အကြွေးကျတော့လည်း နည်းနည်းစဉ်းစားသွားတာပေါ့။

“ခုချိန်က တရုတ်ဘက်ကဆိုရင် ပျားလိမ္မော်ဆိုရင် တစ်ခြင်းကို ခုနစ်ပိဿာလောက်လောက်ပါမယ်။ ပေါက်ဈေးအနေနဲ့က ငွေကျပ် ၁၆၀၀၀၊ ၁၇၀၀၀ လောက် ပေါက်နေတယ်။ တရုတ်နှစ်သစ်ကူးလောက်ရောက်ပြီဆိုရင် ဒီဟာတွေက ငွေကျပ် ၁၈၀၀၀ နဲ့ ၂၀၀၀၀ ဝန်းကျင်လောက် ပေါက်ဈေးရှိတယ်။ မနှစ်ကဆိုရင် ငွေကျပ် ၁၂၀၀၀၊ ၁၃၀၀၀ လောက်ရှိတာကနေ ဒီနှစ်ဆိုရင် ကျပ် ၂၀၀၀၀ နီးနီး ဖြစ်နေတယ်။

ဗမာကုန်တွေအနေနဲ့က အခုအချိန်မှာ ကျွဲကော၊ ရှောက်ချို၊ နာနတ် ဒါတွေဝင်တယ်။ ဒီရာသီက ထောပတ်နဲ့ ဆီးသီးရာသီဖြစ်နေတော့ အဲဒါတွေပဲ လှိုင်လှိုင်ဝင်တယ်။ ရှေ့လဆိုရင်တော့



အများကြီးဝင်တော့မှာ၊ အခုအစတော့ ပျိုးနေပြီ။ ဆီးသီးကတော့ ထုံးကြီးတို့လို၊ စဉ့်ကိုင်ဘက်တွေကနေ လာတာပါ။ ကျောက်ဆည်ဘက်ကလည်း လာတာရှိတယ်။ အချဉ်သီးလည်း လာတယ်။ ဆီးသီးမှာဆိုရင် ငန်ပြာရည်နဲ့ တို့စားတဲ့အသီးရှိတယ်၊ ရိုးရိုးစားတဲ့အသီးရှိတယ်။ ဒီအသီးတွေကတော့ ပေါပါတယ်။ ပြည်နဲ့ဆိုရင် ငွေကျပ် ၈၀၀၊ ၁၀၀၀ ဝန်းကျင်လောက်ပဲ ရှိတယ်။ အချဉ်သီးတစ်ပြည်ဈေးနှုန်းပေါ့နော်။ ဟိုဟာတွေကတော့ ပုံးလိုက်။ မွန်ပင်သီးက ငွေကျပ် တစ်သောင်းခွဲလောက်အထိရှိတယ်။ ပုလဲကတော့ ငွေကျပ် ၇၀၀၀၊ ၈၀၀၀ လောက်ရှိတယ်။ ပုလဲဆိုတာ အရှည်လေးတွေပေါ့။ လူကြိုက်များတယ်။ ပတ္တမြားလို့လည်း ခေါ်တယ်။ စားလို့လည်း အရသာကောင်းတယ်။

“ခုချိန်က ကုန်ကဝင်ပြီး ပါးတယ်၊ နည်းတယ်။ ရှေ့လမှ ဝင်မှာ။ သူက တရုတ်နှစ်ကူးရက်ဆိုပိုဝင်တယ်။ အခုဆို ၁၁ လပိုင်းပေါ့။ နှစ်ကူးက နှစ်လပိုင်းဆိုတော့ ဒိုင်တွေလည်း တရုတ်ကုန်များများဝင်ပြီ။ ဒီလပိုင်းတွေကျ စားရုံလောက်ပဲရှိတယ်။ ပွဲရုံတွေကအစ အများကြီးကို မလုပ်ရဲကြတာ။ ပစ္စည်းတွေက ဈေးတအားတက်နေတာ။ သူတို့လဲ ပြန်ထိန်းထားတာပေါ့။ သိပ်မမှာရဲဘူး။ မှာလို့ရှိရင် ကားတစ်စီးဆိုလည်း သိန်းပေါင်းက မြောက်မြားစွာဆိုတော့ ချင့်ချိန်ပြီးလုပ်ရတာ။ အမှားအယွင်းဖြစ်သွားရင် သူတို့အတွက်လည်း မကောင်းဘူးလေ။ အကြွေးပေးရတာလည်း ရှိတယ်၊ လက်ငင်းလည်း ရှိတယ်”ဟု ပြောသည်။

ထမင်းစားပြီးချိန်တွင် အချိုတည်းလေ့ရှိသော ရန်ကုန်သဘာဝ၊ လမ်းလျှောက်ရင်း ချိုချိုချဉ်ချဉ်စားလေ့ရှိသော ရန်ကုန်သူတို့အတွက် ဆောင်းရာသီသီးနှံတို့မှာ မကြာမီကာလအတွင်း လှိုင်လှိုင်ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ရန်ကုန်သူ ရန်ကုန်သားတို့အနေဖြင့် လမ်းတွင်တွေ့သော သီးနှံများကို ဝယ်ယူစားသောက်ရာတွင် အိပ်ချင်ပြေအဖြစ် လည်းကောင်း၊ အမူးအမော်ပြေစေရန်အတွက် လည်းကောင်း၊ အစားအသောက်မပျက် ခံတွင်းကောင်းစေရန်အတွက် လည်းကောင်း အနာအဆာနှင့် မသန့်ရှင်းသော ပိုးမွှားများ မပါဝင်စေရန် ဂရုပြုစားသောက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**သစ်သီးတွေဝင်ရောက်မှုက မနှစ်ကဆိုရင် တရုတ်ရော၊ ထိုင်းပါ အဝင်များတယ်။ ဒိုင်တွေမှာလည်း ပစ္စည်းပုံတယ်။ ဒီနှစ်ကတော့ အရောင်းအဝယ်က နည်းနည်းအေးတယ်။ အေးသာအေးပေမယ့် ပွဲရုံတွေမှာ ပုံတယ်ဆိုတာမရှိဘူး။ အသီးတွေက ပြတ်ထွက်သွားတာရှိတယ်။ တချို့ကလည်း မကိုက်လို့ မတင်တာလည်း ပါတယ်။**



---

### ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်မှုနှင့်အတူ...မှ

အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုအဆင့်မြှင့်တင်မယ့် စီမံကိန်းအတွက် ဂျပန်အစိုးရက ODA ချေးငွေဂျပန်ယန်း ၂၄ ဒသမ ၈၆၆ ဘီလီယံနဲ့ နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၅၄ ဒသမ ၅၁၄ ဘီလီယံကုန်ကျမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်မှုနဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက် ဧရိယာအတွင်း ပြည်သူတွေနဲ့ လေးကြိမ်တွေ့ဆုံခဲ့ပြီး EIA နဲ့ SIA လေ့လာဆန်းစစ်မှုတွေလည်း ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တာကလည်း စီမံကိန်းဆောင်ရွက်တဲ့အခါ ထိခိုက်နစ်နာမှုမရှိအောင်၊ ပြည်သူတွေရဲ့ ဆန္ဒသဘောထားတွေကို သိရှိဖြေရှင်းပေးနိုင်အောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုရဲ့ လက်ရှိအနေအထားကို ကြည့်ရင် ရန်ကုန်ဘူတာကြီးကို အခြေပြုပြေးဆွဲနေတာ ဖြစ်တဲ့အတွက် ရထားသံလမ်းမိုင် စုစုပေါင်း ၅၉ မိုင်ရှိပြီး ကားလမ်းကူးဂိတ် ၂၆ ဂိတ်ရှိကာ ရထားလမ်းကျော်တံတား အစင်း ၄၅ စင်းရှိနေတဲ့အပြင် မြို့ပတ်ဘူတာပေါင်း ၃၈ ဘူတာ ရှိနေပါတယ်။

ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှုကတော့ ရထားတွဲကြီး ၁၅ ဆိုင်း၊ RBE ၁၀ ဆိုင်း စုစုပေါင်း ၂၅ ဆိုင်း ရှိနေပါတယ်။ အဲဒီရထားတွဲဆိုင်းတွေနဲ့ နေ့စဉ်နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ တစ်နေ့အခေါက်ရေ ၂၂၁ ကြိမ် ပုံမှန်ပြေးဆွဲနေပါတယ်။ အဲဒီရထားတွဲဆိုင်းတွေကို တစ်နာရီ မိုင် ၂၀ နှုန်းနဲ့ မောင်းနှင်ပြေးဆွဲနေတာမို့ ရန်ကုန်မြို့တစ်ပတ်ရထားပြေးဆွဲမှုဟာ အချိန် ၂ နာရီ မိနစ် ၅၀ ကြာမြင့်ပြီး တစ်နေ့ကို မြို့ပတ်ရထားစီးခရီးသည် ၇၃၀၀၀ ခန့် လိုက်ပါစီးနင်းနေပါတယ်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု အဆင့်မြှင့်တင်စီမံကိန်းပြီးစီးရင်တော့ မြို့ပတ်ရထားတွေဟာ တစ်နာရီ ၃၄ မိုင်နှုန်း မောင်းနှင်နိုင်ပြီး ရန်ကုန်မြို့တစ်ပတ်ကို ရထားပြေးဆွဲမှု ၁ နာရီ ၄၅ မိနစ်သာ ကြာမြင့်တော့မှာဖြစ်သလို တစ်နေ့ကို မြို့ပတ်ရထားစီးခရီးသည် ၈၅၀၀၀ ခန့် သက်သောင့်သက်သာစွာ အဆင့်မြင့်မြင့် စီးနင်းလိုက်ပါနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်လာနိုင်တဲ့ စီမံကိန်းဖြစ်တာမို့ ပြည်သူတွေအားကိုးအားထားပြုနေစဉ် စီးနင်းနိုင်တဲ့ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တွေအဖြစ် စောင့်မျှော်နေကြတာတော့ အမှန်ပါပဲ။ ။

# မြို့ပြဖွံ့ဖြိုးမှုအဆောက်အအုံများ ဆောက်လုပ်ရာတွင် ပြည်ပအင်ဂျင်နီယာများအား ဥပဒေ / နည်းဥပဒေနှင့်အညီ အမှန်တကယ်စိစစ်ဖို့ လိုနေပြီလား

သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ယနေ့ မြန်မာနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော မြို့တော်ရန်ကုန်တွင် မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်း များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူနေအထပ်မြင့်အဆောက်အအုံများ၊ အဆင့်မြင့် စူပါမားကတ်များ၊ ကမ္ဘာ့အဆင့်မီဟိုတယ်များ၊ လမ်း/တံတားများနှင့်အတူ လူမှုနယ်ပယ်ကဏ္ဍစုံမှ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများကို ပြည်တွင်း ပြည်ပ အရင်းအနှီးကိုယ်စီဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ပြည်တွင်းအင်ဂျင်နီယာများဖြင့် တည်ဆောက်မှုများရှိသလို၊ ပြည်ပအင်ဂျင်နီယာများလည်း လာရောက်လုပ်ကိုင်လျက်ရှိသည်။ လာရောက်လုပ်ကိုင်သော ပြည်ပအင်ဂျင်နီယာများအနေဖြင့် အမှန်တကယ်ပဲ ကျွမ်းကျင်မှုရှိလား၊ တကယ်ပဲ အင်ဂျင်နီယာလားဆိုသည်များမှာတော့ နည်းဥပဒေ၊ ဥပဒေများနှင့်အညီ နိုင်ငံတော်မှ ချမှတ်တာဝန်ပေးထားသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အဖွဲ့အစည်းကိုယ်တိုင်ကပင် တကယ်မသိရိုးဖြစ်နေသည်က ယနေ့မျက်မှောက်ကာလတွင် အမှန်ပင်ဖြစ်နေသည်။**

**ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်**

လတ်တလော မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသည်မှာ မှန်ပေသည်။ ယင်းသို့ လိုအပ်နေမှုအပေါ် အခွင့်ကောင်းယူနေသော ပြည်ပအင်ဂျင်နီယာများအနေဖြင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက ချမှတ်ထားသော အင်ဂျင်နီယာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုများမှာ အမှန်တကယ် အားနည်းနေသေးသည်က ပြည်ပအင်ဂျင်နီယာများ ပြည်တွင်းဝင်ရောက်လုပ်ကိုင်ရာတွင် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်ထားမှုအခြေအနေက သက်သေပြနေသည်။

မြန်မာနိုင်ငံ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများတွင် လာရောက်လုပ်ကိုင်ဆောင်ရွက်နေသော ပြည်ပအင်ဂျင်နီယာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာချာလီသန်းက "မြန်မာနိုင်ငံက ပြဋ္ဌာန်းထားတဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေမှာက ပြည်ပအင်ဂျင်နီယာတွေ မြန်မာနိုင်ငံမှာ လာရောက်လုပ်ကိုင်မယ်ဆိုရင် မှတ်ပုံတင်ရမယ်။ တရားဝင်မှတ်ပုံတင်မှ လုပ်ကိုင်ခွင့်ပေးမယ်။ ဒီနေ့အခြေအနေမှာ ပြည်ပအင်ဂျင်နီယာတွေ မှတ်ပုံတင်ပါဆိုတာ လာမတင်ကြဘူး။ အခုဆိုရင် တရားဝင်မှတ်ပုံတင်ထားတဲ့ ပြည်ပအင်ဂျင်နီယာက ၁၅ ဦးထက် မပိုဘူး။ အမှန်တကယ် ဒီနိုင်ငံမှာလာလုပ်နေတဲ့ အင်ဂျင်နီယာတွေက အများကြီးပဲ။ ဒါကြောင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေနဲ့ သူတို့နိုင်ငံက သက်ဆိုင်ရာ အကြီးအကဲတွေနဲ့ သွားတွေ့ပြီးတော့ မှတ်ပုံတင်ဖို့ အကူအညီသွားတောင်းရတယ်။ သူတို့ကလည်း ကူညီမယ်၊ တကယ်အင်ဂျင်နီယာ ဟုတ်မဟုတ်၊ ကျွမ်းကျင်အင်ဂျင်နီယာ ဟုတ် မဟုတ်ကို အကြောင်းပြန် ကူညီပေးမယ်လို့ ပြောတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန် သဘောတူလက်မှတ်ထိုးကြတာတွေရှိတယ်"ဟု ပြောကြားသည်။

**တရားဝင်လာရောက်မှတ်ပုံတင်မှု**

မြန်မာနိုင်ငံ၌ ပြီးခဲ့သော ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေသည် ယနေ့အထိ အသက်သွင်းထိရောက်မှု မရှိသေးသည်ကို တွေ့ရသည်။ ယင်းဥပဒေတွင် ပြည်ပအင်ဂျင်နီယာများ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်လျှင် မြန်မာနိုင်ငံသား မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်တစ်ဦးနှင့် ပူးတွဲလုပ်ကိုင်ရမည်။ နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။ နိုင်ငံခြားသားများ၏ ဝင်ငွေပေါ်တွင် သတ်မှတ်ထားသော ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်းထားအတိုင်းပေးဆောင်ရမည် စသည့်ဥပဒေများ ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ သို့သော် ယနေ့တိုင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသို့ တရားဝင် လာရောက်မှတ်ပုံတင်ထားမှုမှာ ပြည်ပအင်ဂျင်နီယာများအနေဖြင့် ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးနေသေးကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ ခုဆို နေရာတော်တော်များများ၊ မြို့ကြီးပြကြီး တော်တော်များများမှာ အထပ်မြင့်အဆောက်အအုံ အပါအဝင်၊ လမ်းတံတားကအစ မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းတွေ လုပ်ဆောင်နေတယ်။ ဒါပေမယ့် ပြည်တွင်းအင်ဂျင်နီယာတွေ ပါဝင်ဆောင်ရွက်မှုအနေနဲ့ တော်တော်လေး နည်းနေသေးတာ တွေ့ရတယ်။ တကယ့်ရင်းနှီးမြှုပ်နှံမှုများတဲ့ လုပ်ငန်းတွေမှာဆို ပိုပြီးတော့ သိသာတယ်။ ပြည်ပအင်ဂျင်နီယာတွေပဲ လာရောက်လုပ်ကိုင်နေတာတွေ များတယ်။ တကယ်အင်ဂျင်နီယာ ဟုတ် မဟုတ်ဆိုတာလည်း မသိရသလို၊ ကျွမ်းကျင်အင်ဂျင်နီယာအဆင့် ဟုတ်၊ မဟုတ်လည်း မသိရဘူး။ ဒါတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံက သက်ဆိုင်ရာ အဖွဲ့အစည်းတွေ အနေနဲ့ နိုင်ငံတကာလို သေချာစိစစ်သင့်တယ်လို့ မြင်တယ်။ နောင်တစ်ခုခုဖြစ်မှ ဟိုအပြစ်တင်၊ ဒီအပြစ်တင်မဖြစ်မှာ"ဟု ပြည်တွင်းအင်ဂျင်နီယာတစ်ဦးဖြစ်သော ဦးမြင့်မောင်ဇော်က ပြောသည်။

ယနေ့ထိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ တရားဝင် လာရောက်မှတ်ပုံတင်သော ပြည်ပအင်ဂျင်နီယာများမှာ အိမ်နီးချင်းအာဆီယံနိုင်ငံများအနေဖြင့် စင်ကာပူနိုင်ငံမှ နှစ်ဦး၊ မလေးရှားနိုင်ငံမှ နှစ်ဦး၊ တရုတ်နိုင်ငံမှ တစ်ဦး၊ ဟောင်ကောင်မှ သုံးဦး၊ အမေရိကမှ တစ်ဦး၊ ဩစတြေးလျမှ တစ်ဦး၊ ထိုင်ဝမ်မှ တစ်ဦးနှင့် နယူးဇီလန်တို့မှ တစ်ဦး စုစုပေါင်း ၁၂ ဦးသာ လာရောက်မှတ်ပုံတင် ထားပြီး ယင်းမှတ်ပုံတင်ထားသော ပြည်ပအင်ဂျင်နီယာများအနေဖြင့် မြန်မာနိုင်ငံမှ P. E အင်ဂျင်နီယာများနှင့် တွဲဖက်ကာလုပ်ကိုင်လျက်ရှိပြီး သတ်မှတ်အခွန်နှုန်းထားများလည်း ပေးဆောင်လျက်ရှိကြောင်း သိရသည်။

**ပြည်တွင်းအင်ဂျင်နီယာများ ပြည်ပသွားနိုင်မည်**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့်လည်း လက်ရှိပြည်ပမှ လာရောက်လုပ်ကိုင်သော အင်ဂျင်နီယာများ အမှန်တကယ်ပဲ အင်ဂျင်နီယာ ဟုတ် မဟုတ်၊ ကျွမ်းကျင်အဆင့် အင်ဂျင်နီယာ ဟုတ် မဟုတ်တို့ကို သက်ဆိုင်ရာ နိုင်ငံများမှ အင်ဂျင်နီယာပိုင်းဆိုင်ရာ အဖွဲ့အစည်း အကြီးအကဲများဖြင့် သွားရောက်ကာ မြန်မာနိုင်ငံ၌ လာရောက်လုပ်ကိုင်သော ပြည်ပအင်ဂျင်နီယာများ မှတ်ပုံတင်နိုင်ရေးနှင့် ကျွမ်းကျင်မှု ရှိ၊ မရှိတို့ကိုစိစစ်ပေးနိုင်ရန် အပြန်အလှန် သဘောတူစာချုပ်များ ချုပ်ဆိုထားပြီးဖြစ်သည်။ ထို့အပြင် ပြည်တွင်းအင်ဂျင်နီယာများလည်း ပြည်တွင်းသာမက ပြည်ပများပင် နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများအဖြစ် အသိအမှတ်ပြု သွားရောက်လုပ်ကိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်၍ များမကြာမီ နှစ်အနည်းငယ်အတွင်း ပြည်တွင်းအင်ဂျင်နီယာများ နိုင်ငံတကာသို့ တရားဝင်သွားရောက် လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်သော ပြည်ပအင်ဂျင်နီယာများအနေဖြင့်လည်း သတ်မှတ်စည်းကမ်းများနှင့်အညီ မှတ်ပုံတင်ထားနိုင်ရေးနှင့် အမှန်တကယ်စိစစ်ဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း မြို့ပြဖွံ့ဖြိုးမှုအဆောက်အအုံလုပ်ငန်းများနှင့် ပတ်သက်၍ တစေ့တစောင်း ရေးသားလိုက်ရပါသည်။ ॥





ပြည်ပအင်ဂျင်နီယာများဖြင့် ဆောက်လုပ်နေသော ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုအဆောက်အအုံကို တွေ့ရစဉ်။




# ပိတ်ရက်ကုန်ဆုံးချိန် နယ်ဝယ်လက်ကြောင့် ကားအရောင်းသွက်လာ

မင်းသော်

**ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များ ပြီးဆုံးသွားပြီဖြစ်သဖြင့် ရန်ကုန်မော်တော်ကားဈေးကွက်အတွင်း အရောင်းအဝယ် ပိုမိုအားကောင်းနေကြောင်း ကားလောကသားများထံမှ သိရှိရသည်။**

"ပိတ်ရက်တွေလည်း ပြန်ဖွင့်ပြီးရက်ပိုင်းမှာ နယ်ဝယ်လက်တွေလည်း ပိုပြီးဆင်းလာတာကို တွေ့ရတယ်။ အရောင်းအဝယ်အားကောင်းနေပြီး အမေးများတဲ့အတွက် ကားကိုင်ထားသူ ဝယ်ရောင်းတွေလည်း ဈေးကွက်ထဲကို ကားတွေ ပိုမိုထည့်လာနေကြတယ်။ အရောင်းအဝယ်ကတော့ ပြီးခဲ့တဲ့ သီတင်းပတ်ထက် ပိုပြီး အားကောင်းပါတယ်။ နံပါတ်ထွက်ထားတဲ့ ကားလေးတွေ ပိုပြီးအကြိုက်များ အရောင်းအဝယ်ဖြစ်နေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

ကားဈေးကွက်အတွင်း ယခုကဲ့သို့ နိုဝင်ဘာလနှင့် ဒီဇင်ဘာလ ကာလများသည် အရောင်းအဝယ်အားကောင်းတတ်သည့် ကာလများဖြစ်ပြီး ရာသီဥတုကောင်းမွန်သောကြောင့် နယ်ဝယ်လက်များ ပိုမိုလာရောက်ကြောင်း သိရှိရသည်။ အများစုမှာ ငွေကျပ်သိန်း ၁၈၀ မှ ၃၀၀ အကြား အင်ဂျင်ပါဝါ ၁၃၀၀ စီစီနှင့် ၁၈၀၀ စီစီ အကြား မော်တော်ကားများ ပိုမိုအရောင်းအဝယ်ဖြစ်ပြီး အမေးလည်း အများဆုံးဖြစ်ကြောင်း သိရသည်။

အများစုမှာ ဟွန်ဒါဖစ်၊ အာရာဖတ် ဂျီစီးရီး၊ ရပ်တစ်စ်နှင့် ဝှစ်ရှ်တို့ ဖြစ်ကြပြီး ဖိုးဝိုးများနှင့် အော်တိုဂီယာမဟုတ်သည့် ဟိုက်ဂျက်နှင့် တိုယိုတာတောင်းအော့စ်များလည်း အရောင်းအဝယ်ဖြစ်နေကြောင်း ဈေးကွက်အတွင်းက သိရသည်။ "ဈေးကတော့ ပုံမှန်ပါပဲ။ ကားသစ်တွေကလည်း အခုရက်ပိုင်းမှာ အရောင်းဈေးပွဲတော်နဲ့ အထူးဈေးနှုန်း လျှော့ပေးနေတာမျိုးတွေ ပိုများလာတယ်။ ဒါပေမယ့် အသစ်တွေ ဘယ်လိုပဲ ကြော်ငြာပါစေ၊ ဂျပန်တစ်ပတ်ရစ်ကို အားပေးတဲ့ ကားချစ်သူတွေက ပိုပြီးများနေပါတယ်။ ဈေးနှုန်းကိုရော၊ သုံးတဲ့ ပစ္စည်းကိုရော လက်လှမ်း မီကြမယ့် အင်ဂျင် ပါဝါနိမ့်တွေကို သဘောကျကြတယ်" ဟု ကားဝယ်ရောင်းလုပ်ငန်း လုပ်ကိုင်သူ ကိုသစ္စာက ပြောသည်။

"ဈေးက လဆန်းပိုင်းကတည်းက နည်းနည်းအလုပ်ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော့်အထင်ပြောရရင် လာမယ့်သီတင်းပတ်လောက်မှာ ကားဈေးနည်းနည်းချင်းမြင့်လာမယ်လို့ ထင်ပါတယ်။ ဒေါ်လာဈေးကလည်း လုံးဝကို အကျဘက်ရောက်မလာဘူး။ အဝယ်လည်း တက်လာတယ်ဆိုတော့ ကားဈေးကို ဆွဲတင်ကြမယ့် အခြေအနေကိုမြင်ရတယ်။ ဒါကြောင့် ရောင်းချလိုသူတွေ ကားသန့်တယ်ဆိုရင် ခေတ္တကိုင်ထားပြီး ခုနစ်ရက်၊ ဆယ်ရက်လောက် စောင့်ရောင်းစေချင်တယ်။ ဝယ်ယူချင်သူတွေဘက်တော့ ဈေးမတက်ခင် ဝယ်မယ်ဆိုရင် ဝယ်ထားလို့ရတယ်။ အကြောင်းက ကားဈေးတက်ရိပ်ပြတဲ့အတွက် ဈေးကွက်ထဲ ဝင်လာပြတဲ့ ကားတွေ အများဆုံးအချိန်မို့ စိတ်ကြိုက်ရွေးနိုင်တဲ့ ကာလဖြစ်တယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိတွင် ဖောက်စွပ်ပြဿနာကြောင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်းများရှိသည့်အတွက် ကားအရောင်းအဝယ်ပြုလုပ်ရန် ယခင်ထက် ပိုမိုကြန့်ကြာနေကြောင်း၊ နယ်ဝယ်လက်များ ပိုမိုအဆင်းများခြင်းကြောင့် အချို့စိတ်ချသည့် ယာဉ်ပိုင်ရှင်များက မိမိတို့ယာဉ်များကို ကြိုတင်စစ်ဆေးထားကြကြောင်း၊ သို့သော် ဝယ်လက်အများစုမှာ ဖောက်စွပ်ဖြစ်မည်စိုးရိမ်သဖြင့် ကြိုတင်စစ်ဆေးထားသည့် ယာဉ်ထက် မိမိစိတ်ကြိုက်ရွေးချယ်ပြီးမှ စရန်ငွေပေးအပ်စစ်ဆေးခြင်းကို ပိုမိုအားသန်နေကြောင်း သိရသည်။

စတိနံပါတ်ဟောင်းကားများကို လူစိတ်ဝင်စားသော်လည်း ဝယ်ယူရန်ထက် ကြည့်ရှုပြီး ဂျပန်ကားနှင့် နှိုင်းယှဉ်ကာ ငွေတွက်ဆရန်အတွက်သာ သဘောထားနေကြသည်ဟု ကားဝယ်ရောင်းတစ်ဦးက ပြောသည်။ "ဈေးကလည်း မြင့်တယ်။ ရန်ကုန်လိုင်စင်ကလည်း စလစ်ကရှားလာတော့ စတိကားတွေနဲ့ ကားသစ်တွေ ခေတ်မကောင်းသေးဘူးလို့ ပြောရင်ရပါတယ်။ လက်ရှိ စလစ်ဈေးကလည်း ငွေကျပ် ၁၃၅ သိန်းဝန်းကျင်ဖြစ်နေတယ်။ ဒါတောင် လိုသလောက်ရဖို့ဆိုရင် ချက်ချင်းမရဘူး။ စောင့်ရတာမျိုးလည်း ရှိတယ်။ ဒါကြောင့် ဂျပန်တစ်ပတ်ရစ်ပဲ ပြန်ခြေဦးလှည့်တာပေါ့။ ပြည်တွင်းတပ်ဆင် ထုတ်လုပ်ကားတွေလည်း ဈေးကွက်ဝေစုရလာတယ်။ သို့သော် ပျံ့နှံ့တာက နည်းနေသေးတယ်။ လူတွေက ကားဝယ်မယ်ဆို ရှိုးရွှန်းမှာ အသစ်သွားဝယ်တာထက် ပွဲစားတန်းမှာ အားရပါးရ တစ်စီးချင်းစစ်ဆေးဝယ်ယူပြီး ဈေးကိုလည်း စိတ်ကြိုက်ဆစ်ရတာ ပိုသဘောကျပုံရတယ်"ဟု ကိုကျော်ဇေယျာဝင်းက ပြောသည်။

ပြည်တွင်းထုတ်ကားများနှင့် ကားသစ်များရောင်းချသည့်ပြခန်းများတွင် အရောင်းပွဲတော်များကို တောက်လျှောက် မြင်တွေ့နေရသော်လည်း ထင်သလောက်အရောင်းအဝယ် မဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကားထက် ကားသစ်များက ပိုမိုအရောင်းအဝယ်ဖြစ်မှု အားနည်းနေကြောင်းလည်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Belta | 2008 | ရန်ကုန် | 1000cc | အပြင်ဈေး | ၁၃၅ |
| Hijet | 2007 | နယ် | 660cc | အပြင်ဈေး | ၁၁၈ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၀၀ |
| Vanguard | 2011 | ရန်ကုန် | 2400cc | အပြင်ဈေး | ၆၃၈ |
| Vitz | 2011 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၅ |
| Alphard | 2002 | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၂၀ |
| Harrier | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၅၀၀ |
| Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Insight | 2012 | နယ် | 1300cc | အပြင်ဈေး | ၂၇၀ |
| Swift | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

# ရန်ကုန်မြို့ပတ်ရထားစီး ခရီးသွား ပြည်သူများ စိတ်ချမ်းသာစွာစီးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

ယနေ့ရန်ကုန်မြို့ပြ၏ ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် "မမ" ဟု အမည်သညာ ခေါ်တွင်ရသည့် မြန်မာ့မီးရထားသည် ရန်ကုန်သူ၊ ရန်ကုန်သားတို့အတွက် အားထားရသော ခရီးလမ်းဖြစ်သည်။

ရန်ကုန်မြို့သူ မြို့သားအပေါင်း အလုပ်သွား၊ ဈေးသွား၊ ကျောင်းသွား မည်သို့သွားသွား လိုရာခရီးကို အချိန်တို ငွေကြေးသက်သာစွာဖြင့် အားကိုးပြု စီးနင်းနေရသည်မှာ "မမ"၏ ကျေးဇူးပင်ဖြစ်သည်။

နှစ်ပေါင်းများစွာကြာမြင့်နေပြီဖြစ်သည့် မီးရထားလမ်းများကို ပြုပြင်ရန်လိုအပ်နေပြီဖြစ်ရာ မြို့ပတ်ရထားလမ်းတစ်လျှောက် အဆင့်မြှင့်တင်မှုနှင့်အတူ သံလမ်းတစ်လျှောက် သာယာလှပရေး၊ စီးနင်းသည့်ခရီးသည်များ စိတ်ချမ်းသာစေရေးအတွက် မြန်မာ့မီးရထားမှ ဆောင်ရွက်နေပြီဖြစ်သည်။

သို့အတွက် မြို့ပတ်ရထားလမ်းတစ်လျှောက် သန့်ရှင်းသာယာရေးကို မြန်မာ့မီးရထားက ဦးဆောင်၍ နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မီးရထားဝန်ထမ်း ၂၀၀ တို့က စုပေါင်း၍ အမှိုက်များသိမ်းဆည်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

သန့်ရှင်းရေးတွင် ပါဝင်သူတစ်ဦးက "ရထားလမ်းမှာ အမှိုက်လာပစ်တတ်တဲ့အကျင့်က ဟိုအရင်ထဲက အရိုးစွဲနေတယ်။ လမ်းကြုံလို့ ပစ်ကြသလို၊ တကူးတက လာပစ်ကြတဲ့အတွက် ရထားလမ်းတစ်လျှောက်မှာ အမှိုက်တွေက အမြဲလို ရှိနေတတ်ကြတယ်။ ဒီထက်ဆိုးတာက အရပ်ထဲက ခွေးသေ၊ ကြောင်သေတွေ လာပစ်ကြတာပဲ။ အဲဒါတွေကို အသိပညာ များများပေးဖို့လိုအပ်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောကြားသည်။

မြို့ပတ်ရထားစီးနင်းရာတွင် ခရီးသွားစိတ်ချမ်းသာစေရန် ဆောင်ရွက်ရမည့်ကိစ္စတစ်ခုမှာလည်း ဈေးရောင်းသူများ၊ ကုန်တင်ဆောင်မှုများ လျှော့ချပေးနိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။

ရထားစီးခရီးသွားရင်း တွေ့မြင်ရသည့် အဖြစ်အပျက်တချို့ ပြောပြလိုသည်။ ခရီးသွားများထိုင်ရန် ထိုင်ခုံပေါ်တွင် ကုန်စိမ်းသည်တစ်ဦးက ၎င်းပါလာသည့် ကုန်စိမ်းထုပ်နှင့် ခြင်းများကို တင်လာခြင်းပင်ဖြစ်သည်။ ရထားတစ်တွဲလုံး တစ်ဦးတည်း ငှားလာသည့်နှယ်၊ မိမိကိစ္စမှလွဲ၍ အခြားခရီးသည်များအတွက် အလေးမထားသလို ဆောင်ရွက်ခြင်းမှာ မဖြစ်သင့်ပေ။




ရထားသည် သတ်မှတ်အချိန်အတိုင်းအတာအတွင်း မောင်းနှင်ရခြင်းဖြစ်၍ ဘူတာဝင်သည်နှင့် သတ်မှတ်အချိန်အတွင်း ပြန်လည်ထွက်ခွာခြင်းပင်ဖြစ်သည်။ အချို့သော ခရီးသည်များက အဆင်းအတက် အပေါက်ဝတွင် ပိတ်ဆို့နေတတ်သည်။ အချိန်တိုအတွင်း အဆင်းအတက်ပြုရသည့်အတွက် အန္တရာယ်ဖြစ်လာနိုင်သည်ကိုလည်း သတိပြုသင့်ပေသည်။ မိမိအတွက်ကြောင့် အခြားခရီးသည်များ အနှောင့်အယှက်ဖြစ်ခြင်းမှာလည်း ရှောင်ကြဉ်သင့်သော အချက်ဖြစ်ပေသည်။

ထို့အပြင် ရထားပေါ်၌ အလျားလိုက် ကျောခင်းအိပ်လာသည့်နည်းတူ အများပြည်သူတို့ စုစည်းတည်ရှိသော ရထားပေါ်၌ ဆေးလိပ်သောက်ခြင်းသည်လည်း ပြည်သူ့နီတိအားနည်းခြင်း တစ်ရပ်ပင်ဖြစ်ရာ တာဝန်ရှိသူတို့က ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်မှုအပေါ် ရထားစီးပြည်သူများကလည်း မိမိတို့၏ တစ်ကိုယ်ကောင်းစိတ်များကို ဆင်ခြင်၍ ဝိုင်းဝန်းကူညီသင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။